# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၂ ရက် အင်္ဂါနေ့။ Tuesday, 6 June 2017 (၈၉၄၇)


# ဇီဝမျိုးစုံမျိုးကွဲများပြည့်စုံသည့် ကမ္ဘာကြီးတွင် ရှင်သန်ခွင့်ရခြင်းကို ထူးကဲသည့်အခွင့်အရေးဟုခံယူပြီး သဘာဝပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်း



၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၅**

၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **"တို့ကမ္ဘာမြေတစ်ခွင် သာယာလှစေဖို့ သဘာဝကိုထိန်းသိမ်းစို့"** ဆိုသည့် ဆောင်ပုဒ်ဖြစ်ကြောင်း၊ မိမိတို့အားလုံး နိစ္စဓူဝလုပ်ရှားမှုများကို ခဏတဖြုတ်မေ့လျော့ထားပြီး သဘာဝပတ်ဝန်းကျင်ကြီး၏သာယာလှပမှု၊ ထူးခြားဆန်းပြားမှုနှင့် တန်ဖိုးရှိမှုများကို သတိပြုမိစေပြီး အလေးထားလာအောင် မိမိတို့လူသားများကို တိုက်တွန်းထားခြင်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် မြောက်ဘက်ရေခဲတောင်တန်းများမှ တောင်ဘက် တနင်္သာရီကမ်းရိုးတန်းဒေသအထိ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့သို့ ရောက်ရှိ

**တိုရွန်တို ဇွန် ၅**

ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၄ ရက်ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာလာရာ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ဇွန် ၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆိုးလ်မြို့ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာသံအမတ်ကြီး သူရသက်ဦးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကိုရီးယားလေကြောင်းလိုင်းဖြင့် ကနေဒါနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တိုရွန်တိုမြို့ လီစတာ ဘီ ပီရာဆင်(Lester B. Pearson) အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ လီစတာ ဘီ ပီရာဆင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။






နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**☆ ဇီဝမျိုးစုံမျိုးကွဲများမှ**

သာယာလှပသည့်ရှုခင်းများ၊ အမျိုးစုံသည့် သစ်တောများ၊ တောင်တန်းများနှင့် ပြည့်စုံသည့်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအဝန်း မည်သည့်နေရာမဆို မိမိတို့သည် သဘာဝပတ်ဝန်းကျင်ကြီးနှင့် နီးကပ်စွာဆက်နွှယ်သည့် အခြေအနေတွင် ရှိနေကြောင်း။

အမျိုးမျိုးသော ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံသည် အာရှဒေသတွင် သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့တန်ဖိုးထားရမည့် သဘာဝကပေးသည့် လက်ဆောင်ဟုပြောနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သဘာဝရေမြေတောတောင်များထဲတွင် အပင်မျိုးစိတ် ၁၈၀၀၀ ကျော်၊ ငှက်မျိုးစိတ်ပေါင်း ၁၁၀၀ နီးပါးနှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၃၀၀ ကျော် မှီတင်းနေထိုင်ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း၊ ယင်းတို့ထဲတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျိုးစိတ်စာရင်းဝင်အပင်မျိုးစိတ် ၆၁ မျိုးနှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၄၄ မျိုးပါဝင်နေကြောင်း၊ ကမ္ဘာ့မျိုးသုဉ်းလုမျိုးစိတ်များစာရင်းဝင်ဖြစ်သည့် ရွှေသမင်နှင့် ငှက်မျိုးစိတ်ခြောက်မျိုးမှာ မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သည့် ရှားပါးမျိုးစိတ်များ ဖြစ်ကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကျင်းပနေရင်း မိမိတို့လူသားများသည် အသက်ရှင်သန် စည်ပင်ဝပြောရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ကမ္ဘာ၊ ပတ်ဝန်းကျင်ကြီးကိုလည်း မည်မျှမှီခိုအားထားရသည်ဆိုသည်ကို သတိပြုမိရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့် သဘာဝကမ္ဘာ့ပတ်ဝန်းကျင်ကြီးသည် လူသားများ၏ အသက်ရှင်သန်ရေးကို အထောက်အကူပြုပေးနေသည့်ဂေဟစနစ်ကြီး ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းတွင် လူသားများကို သဘာဝပတ်ဝန်းကျင်ကြီးနှင့် ဆက်နွှယ်ပေးကြရန် အပြုသဘောဆောင်သည့် အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်နေကြသည်ကို တွေ့ရှိနေရသည့်အတွက် အထူးစိတ်အားတက်ရကြောင်း၊ ယနေ့ကမ္ဘာတစ်ဝန်းတွင် လူသားများအကျိုးအတွက် ပျက်သုဉ်းမသွားစေရန် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားသည့် နေရာဒေသအများအပြားရှိနေကြောင်း၊ ယူနက်စကို၏ အထိန်းသိမ်းခံအမွေအနှစ်စာရင်းတွင်ပါဝင်လာသည့် ဘရာဇီးနိုင်ငံမှ အမေဇုန်သစ်တောများ၊ တရုတ်နိုင်ငံမှ ဟူဘေးသစ်တောဧရိယာ၊ အီရန်နိုင်ငံမှ လုကန္တာရဒေသအပါအဝင် သဘာဝဇီဝမျိုးစုံ ပေါကြွယ်ဝသည့် အရပ်ဒေသများသည် ယူနက်စကို၏ အထိန်းသိမ်းခံ အမွေအနှစ်စာရင်းတွင်ပါဝင်လာသည်ကိုတွေ့ရသည့်အတွက် များစွာဝမ်းသာကျေနပ်ရကြောင်း။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခါကာဘိုရာဇီအမျိုးသားသဘာဝဥယျာဉ်၊ အလောင်းတော်ကဿပ ဘေးမဲ့ဥယျာဉ်၊ ရွှေစက်တော်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ လူသားနှင့် ဇီဝအဝန်းနယ်မြေဟု သတ်မှတ်ထားသည့် အင်းလေးကန် စသည့်နေရာဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ သစ်တော၊ ပန်းခြံ၊ သားရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ မိမိတို့ခံစားနေရသည့် အကြီးမားဆုံးစိန်ခေါ်မှုကြီးတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံနေရသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မကြာသေးမီက တစ်ကြိမ်တစ်ခါမျှ မကြုံစဖူး အပူရှိန်လွန်ကဲမှုနှင့် ဆိုးရွားသည့် ရာသီဥတုဒဏ်များကို ခံစားခဲ့ရကြောင်း၊ ပြီးခဲ့သည့်သီတင်းပတ်အတွင်းမှာ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် ပျက်စီးမှုအမြောက်အမြားဖြစ်စေခဲ့သည့် မိုရာဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်တွင်ရှိသည့် မြို့နယ်အချို့နှင့် ကျေးရွာများကို အပြင်းအထန်ရိုက်ခတ်သွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ အရပ်ဒေသအချို့တွင် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကဖြစ်ခဲ့သည့် အဆိုးရွားဆုံးသဘာဝဘေးဒဏ်တစ်ခုဖြစ်သည့် ဆိုင်ကလုန်းနာဂစ်၏ဒဏ်ခံစားခဲ့ရမှုများကို ယနေ့တိုင်ကုစားနေရဆဲ ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့၏ တောင်သူလယ်သမားများသည် အခြေခံစားဝတ်နေရေးအတွက် စိုက်ပျိုးရေးကိုလုပ်ကိုင်ကြရာတွင် ရာသီဥတုမှန်ကန်ပြီး မိုးရေကို အချိန်အခါနှင့်အညီ အလုံအလောက်ရရှိနေရန် သဘာဝရာသီဥတုကို မှီခိုအားထားပြီး လုပ်ကိုင်နေကြရကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ကာကွယ်ပေးနိုင်မည့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း နိုင်ငံအဝန်း ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏စီးပွားရေး ဖွံ့ဖြိုးစည်ပင်ဝပြောရေးအတွက် အလွန်အရေးပါကြောင်း။

သို့ဖြစ်၍ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်တုံ့ပြန်နိုင်ရန် ကာလရှည် အမျိုးသားစီမံချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်ကို အသိအမှတ်ပြုထားသည့်အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားမူဝါဒတစ်ရပ်ကို ထုတ်ပြန်နိုင်ရန်အတွက် အဖွဲ့အစည်းအသီးသီးက ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာပညာရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ညှိနှိုင်းရေးဆွဲလျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားမူဝါဒနှင့် လုပ်ငန်းစီမံချက်ကို မကြာမီကာလအတွင်း ထုတ်ပြန်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သည့် အခြေအနေကိုကာကွယ်ရန် ခံနိုင်မှုစွမ်းရည်မြှင့်တင်ရန်အတွက် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို မိမိတို့လက်ကမ်းကြိုဆိုကြောင်း၊ ပါရီရာသီဥတုပြောင်းလဲမှု သဘောတူညီချက်စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ရေးဆိုင်ရာ နိုင်ငံတကာကြိုးပမ်းမှုအစီအစဉ်များတွင် ဘဏ္ဍာငွေရှာဖွေထောက်ပံ့ပေးရေး၊ နည်းပညာထုတ်လုပ်ရေးနှင့် လွှဲပြောင်းပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်ကဏ္ဍများတွင် ဆက်လက်ပြီး ဦးဆောင်ပါဝင်တုံ့ပြန်ဆောင်ရွက်ပေးရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုဒဏ်ကာကွယ်ရေး၊ ခံနိုင်ရည်ရှိရေး မဟာဗျူဟာလုပ်ငန်းများကို အားပေးကူညီသွားရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများကို တိုက်တွန်းအပ်ပါကြောင်း။

မိမိတို့သည် အလှတရားများနှင့်ပြည့်စုံနေသည့် ဇီဝမျိုးစုံမျိုးကွဲများ အပြည့်အစုံရှိနေသည့် ကမ္ဘာကြီးတွင် ရှင်သန်နေထိုင်ခွင့်ရနေခြင်းသည် ထူးကဲသည့် အခွင့်အရေးဖြစ်သည်ကို နှလုံးသွင်းခံယူပြီး သဘာဝပတ်ဝန်းကျင်ကြီးကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်က ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ပေးပို့သည့် ဗီဒီယိုသဝဏ်လွှာကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ဝန်ကြီးဌာန ရှစ်ခု၊ NGO ခုနစ်ခု၊ INGO ခြောက်ခုနှင့် ပုဂ္ဂလိကအဖွဲ့အစည်း ငါးခုတို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြခန်း ၄၂ ခန်းကို ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

အွန်တိုရီယိုပြည်နယ်အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာ ဘရိုင်ယန်ဝေးလ်ဖတ်စ် (Hon. Mr. Bryon Wilfert) နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ရှိုင်ယယ်ယော့ဟိုတယ်သို့ ရောက်ရှိကြရာ ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

တိုရွန်တိုမြို့သည် ကနေဒါနိုင်ငံ အွန်တေးရီးယိုးနယ်၏ မြို့တော်ဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၄၀ ရှိသည်။ တိုရွန်တိုမြို့၏ အမည်ဟောင်းမှာ ယော့မြို့ဖြစ်သည်။ စက်မှုလုပ်ငန်းထွန်းကားသော မြို့ကြီးတစ်မြို့ဖြစ်ပြီး အငယ်ဆုံးသော ဆပ်ပြာချက်လုပ်ငန်းမှ အကြီးဆုံးသော သံစက်ကိရိယာလုပ်ငန်းအထိရှိ၍ လိုအပ်သော လျှပ်စစ်ဓာတ်အားကို နိုင်အဂ္ဂရာရေတံခွန်မှ ရရှိသည်။ စက်မှုလက်မှုလုပ်ငန်းများသာမက နွားမွေးမြူရေးလုပ်ငန်း၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများဖြင့်လည်း တိုးတက်ကြီးပွားလျက်ရှိသည်။

**(သတင်းစဉ်)**

■

# မင်းတပ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**မင်းတပ် ဇွန် ၅**

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက မင်းတပ်-ကျောက်ထုလမ်း မိုင်တိုင်အမှတ် (၉၃/၁) အနီး ကျောက်စစ်တိုးချဲ့(၂) ကြိုးဝိုင်းအကွက်အမှတ်(၃၈)၌ ကျင်းပသည်။

အခမ်းအနားသို့ မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြီး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းဝင်များနှင့် ပြည်သူများက ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးသစ်များ စုစုပေါင်း အပင် ၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြတ်ဣန္ဒာလင်းစာကြည့်တိုက် တိုးချဲ့ဆောင်ဖွင့်

**ပဲခူး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ မြတ်ဣန္ဒာလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တိုးချဲ့ဆောင်ဖွင့်ပွဲကို မေ ၂၈ နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေး၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ ဖိတ်ကြားထားသောဧည့်သည်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စာကြည့်တိုက်တိုးချဲ့ဆောင်ကို ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဝမ်းဘဲအင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်နွယ်နှင့် အလှူရှင်မိသားစုမှ ဆရာမ ဒေါ်နှင်းဝေတို့က အမှာစကားများပြောကြားပြီး စာကြည့်တိုက်မှူး ဆရာကြီး ဦးလှကြည်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးက အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ အလျား ပေ ၄၀၊ အနံ ပေ ၂၀ အာရ်စီအမျိုးအစား တစ်ထပ်တိုက်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**




# ဂျပန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး လူထုဆန္ဒခံယူပွဲ လာမည့်နှစ်တွင် ကျင်းပဖွယ်ရှိ

**တိုကျို ဇွန် ၅**

ဂျပန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ပထမအကြိမ်လူထုဆန္ဒခံယူပွဲကို လာမည့်နှစ်တွင် ကျင်းပဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့၏ အခန်းကဏ္ဍကို အတိအကျအဓိပ္ပာယ်ဖွင့်ဆိုနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စာပိုဒ်-၉ အား ပြင်ဆင်မှုကို ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပြုလုပ်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခဲ့မှု နှစ် ၇၀ ပြည့် အခါသမယတွင် အဆိုပြုခဲ့ရာ ပြည်သူများအတွင်း သဘောထားအမြင်ကွဲပြားမှုများဖြစ်ပေါ်ခဲ့ရပြီး အိမ်နီးချင်း တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှာလည်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ပြည်ထောင်စုက ကမကထပြု ရေးဆွဲပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ စစ်ရှုံးဂျပန်နိုင်ငံသည် စစ်ပြီးခေတ်လွန်ကာလတွင်စစ်အင်အားတည်ဆောက်ခြင်း မပြုလုပ်နိုင်စေရေးအတွက် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကန့်သတ်ချက်များကို ထည့်သွင်းရန် အမေရိကန်က စီစဉ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ စာပိုဒ်-၉ ပြဋ္ဌာန်းချက်သည် စစ်ပြီးခေတ်လွန်ကာလ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်စေသည်ဟု ယင်းပြဋ္ဌာန်းချက်အား ထောက်ခံသူများက ရှုမြင်ကြသော်လည်း ၁၉၄၅ ခုနှစ်တွင် ဂျပန်စစ်ရှုံးခဲ့ရပြီးနောက် သိမ်းပိုက်သူ အမေရိကန်က ဂျပန်နိုင်ငံ အင်အားကြီးထွားလာခြင်း မရှိစေရေးအတွက် ချုပ်နှိမ်သည့်လုပ်ရပ်အဖြစ် အဆိုပါပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခဲ့ခြင်းမှာ ရှက်ဖွယ်လိလိဖြစ်သည်ဟု ကွန်ဆာဗေးတစ်များက ယူဆကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ယူအေအီး၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့က ကာတာနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်




**ကိုင်ရို ဇွန် ၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့်အတူ ဆော်ဒီအာရေဗျ၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့က ဇွန် ၅ရက်တွင် ကာတာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုများ ဖြတ်တောက်လိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံနှင့် ဆက်နွှယ်မှုရှိသည့် အုပ်စုများအား ကာတာနိုင်ငံက ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များပေးနေပြီး အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးနေသည်ဟု ဆော်ဒီအာရေဗျက စွပ်စွဲပြောကြားခဲ့ကြောင်း အစေပိုင်းသတင်းများ၌ ဖော်ပြသည်။

ဇွန် ၅ ရက်တွင် ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံမှု ဖြတ်တောက်လိုက်ကြောင်းကြေညာခဲ့ပြီးနောက်တွင် ကာတာနိုင်ငံသည် ပင်လယ်ကွေ့အာရပ်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဩဇာလွှမ်းမိုးစွက်ဖက်မှုများရှိသည်ဟု ဆော်ဒီအာရေဗျနိုင်ငံက စွပ်စွဲခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံက ကာတာနှင့် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်း အဆက်အသွယ်များ ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တစ်ချိန်တည်းတွင်ပင် ဘာရိန်းနိုင်ငံကလည်း နိုင်ငံပိုင်သတင်းဌာနမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ကာတာနိုင်ငံက အကြမ်းဖက်ဝါဒအား ထောက်ခံအားပေးနေပြီး ဘာရိန်းနိုင်ငံ၏ ပြည်တွင်းရေးတွင် စွက်ဖက်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။

ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံမှု အပါအဝင် ဆက်ဆံမှုအားလုံးဖြတ်တောက်လိုက်ကြောင်း ယူအေအီးနိုင်ငံက ကြေညာခဲ့ပြီး နိုင်ငံတွင်းရှိ ကာတာသံတမန်ဝန်ထမ်းများသည် ၄၈ နာရီအတွင်း နိုင်ငံတွင်းမှ ထွက်ခွာရမည်ဟု ယူအေအီးအစိုးရသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ၎င်းပြင် ယူအေအီးနိုင်ငံတွင်းရှိ ကာတာနိုင်ငံသားများသည် ၁၄ ရက်အတွင်း နိုင်ငံတွင်းမှ ထွက်ခွာရမည်ဖြစ်ကာ ယူအေအီးနိုင်ငံတွင်းသို့ ကာတာနိုင်ငံသားများ ဝင်ရောက်မှုကို တားဆီးသွားမည်ဟု သိရသည်။ အလားတူပင် အီဂျစ်နိုင်ငံကလည်း ကာတာနှင့် သံတမန်ဆက်ဆံမှု ဖြတ်တောက်ကြောင်း ကြေညာခဲ့သည်။ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် အကြမ်းဖက်အဖွဲ့အစည်းများအား ကာတာနိုင်ငံက ထောက်ပံ့ကူညီနေသည်ဟုဖော်ပြခဲ့သည်။ **ဆင်ဟွာ။**

# အရှေ့ပိုင်းပင်လယ်တွင်း မျောပါနေသည့် မြောက်ကိုရီးယားရေလုပ်သားများအား တောင်ကိုရီးယား ကယ်ဆယ်

**ဆိုးလ် ဇွန် ၅**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အရှေ့ပိုင်းပင်လယ်ရေပြင်အတွင်း မျောပါနေသည့် မြောက်ကိုရီးယားနိုင်ငံသား ရေလုပ်သားလေးဦးအား တောင်ကိုရီးယားနိုင်ငံက ကယ်ဆယ်ပေးခဲ့ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ဇွန် ၅ ရက်တွင် ပြောကြားသည်။

အရှေ့ပိုင်းပင်လယ်ပြင်အတွင်း စက်ပျက် ငါးဖမ်းရေယာဉ်နှင့်အတူ မျောပါနေသည့် မြောက်ကိုရီးယားရေလုပ်သား တစ်ဦးအား ဇွန် ၂ ရက်တွင် ကယ်ဆယ်ခဲ့ရကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဒေါက်ဟန်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အခြားစက်ပျက် ရေယာဉ်တစ်စင်းနှင့်အတူ အရှေ့ပင်လယ်အတွင်း မျောပါနေသည့် မြောက်ကိုရီးယားရေလုပ်သား သုံးဦးကိုလည်း ဇွန် ၃ ရက်တွင် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ပေးခဲ့သည်။

**စေလွှတ်ပေးမည်**

ကယ်ဆယ်ရရှိထားသည့် မြောက်ကိုရီးယားရေလုပ်သား လေးဦးအား စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ၎င်းတို့ကို စုံစမ်းစစ်ဆေးပြီးနောက် တောင်ကိုရီးယားအစိုးရကအရေးယူမှုမပြုဘဲ ပြန်လည်စေလွှတ်ပေးမည်ဟု သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့က ဆယ်ယူခဲ့ရသည့် မြောက်ကိုရီးယားနိုင်ငံသား ရေလုပ်သား ခြောက်ဦးအား မေ ၃၁ ရက်တွင် နေရပ်သို့ပြန်လည်စေလွှတ်ပေးခဲ့သေးသည်။

ကယ်ဆယ်ရရှိသော မြောက်ကိုရီးယားရေလုပ်သားများအနေဖြင့် ၎င်းတို့နိုင်ငံအား ရန်လိုသော သဘောထားမရှိကြောင်း အတည်ပြုနိုင်ပါက တောင်ကိုရီးယားနိုင်ငံက ၎င်းတို့ကို မြောက်ကိုရီးယားသို့ ပြန်လည်ပို့ဆောင်ပေးလေ့ရှိသည်။

**ဆင်ဟွာ။**



# တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်ရှိ ရေနံဓာတုစက်ရုံ၌ ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်ပွား၊ လူရှစ်ဦးသေဆုံး

**ပေကျင်း ဇွန် ၅**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်၌ ရေနံဓာတုစက်ရုံတစ်ရုံ၌ ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းဌာနက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

လင်ယီဂျင်ယုရေနံဓာတု ကုမ္ပဏီ၏စက်ရုံ၌ ဇွန် ၄ ရက် ညသန်းခေါင်ကျော် ၁ နာရီဝန်းကျင်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ လင်ယီလင်ကျန်းစီးပွားရေးဖွံ့ဖြိုးမှုဇုန်အတွင်းရှိ ရေနံဓာတုစက်ရုံ၌ ဖြစ်ပွားသော ဖြစ်စဉ်အတွင်း ပျောက်ဆုံးနေသူများမှာ သေဆုံးခဲ့ရသည်ဟု အာဏာပိုင်များက အတည်ပြုပြောကြားကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးကိုငြိမ်းသတ်နိုင်ရန် အပြင်းအထန်ကြိုးပမ်းခဲ့ကြရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားပြီး အသေးစိတ်မသိရပေ။

တရုတ်နိုင်ငံ ထန်ကျင်းမြို့၌ ၂၀၁၅ ခုနှစ်က ဓာတုဗေဒပေါက်ကွဲမှုများကြောင့် လူပေါင်း ၁၇၀ ကျော် သေဆုံးခဲ့ရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

**ဆင်ဟွာ။**

# အမှုးသမားတစ်ဦးပစ်ခတ်၍ လူ ကိုးဦးသေဆုံး

**မော်စကို ဇွန် ၅**

ရုရှားနိုင်ငံ အနောက်ပိုင်း တီဗာအိုဘလက် ပြည်နယ်တွင် ဇွန်လ ၄ ရက်နေ့က အရက်မူးနေသော အမျိုးသားတစ်ဦးက အခြားသူများနှင့် အချင်းများပြီး အမဲလိုက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူကိုးဦး သေဆုံးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က ၎င်းအမျိုးသားကို ဖမ်းဆီးထားကြောင်း ယနေ့ ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

တီဗာအိုဘလက်ပြည်နယ် ပြည်ထဲရေးဌာန၏ သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြချက်အရ ပြစ်မှုကျူးလွန်သူမှာ အသက် (၄၅)နှစ်အရွယ်ရှိပြီး မော်စကိုတွင် နေထိုင်သူတစ်ဦးဖြစ်သည်ဟု သိရသည်။

အဆိုပါပြည်နယ်ရှိ အပန်းဖြေစခန်းတစ်ခုတွင် လာရောက်အပန်းဖြေနေစဉ်အတွင်း ရင်းနှီးခဲ့သည့်အခြားအပန်းဖြေသူ ၁၀ဦးနှင့်အတူ အရက်သောက်ကြစဉ် အချင်းများခဲ့ခြင်းဖြစ်ကြောင်း၊ပြစ်မှုကျူးလွန်သူက အခန်းသို့ပြန်ကာ အမဲလိုက်သေနတ်တစ်လက်ကိုသွားရောက်ယူဆောင်ခဲ့ပြီးနောက် ၎င်းနှင့်အချင်းများခဲ့သူများကို ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများမှာ အမျိုးသားငါးဦးနှင့်အမျိုးသမီးလေးဦးတို့ ဖြစ်ကြကြောင်း၊ မြို့တော်မော်စကို အနောက်မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာ တီဗာဒေသ၌ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

# အမျိုးသားကျန်းမာရေးအာမခံစနစ် တည်ထောင်ဆောင်ရွက်သွားရန်အဆိုကို ဆွေးနွေးတင်ပြ

**နေပြည်တော် ဇွန် ၅**

**လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များ (Universal Health Coverage) ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများ အပါအဝင် နိုင်ငံသားတိုင်း ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့်ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ်(National Health Insurance System)တည်ထောင် ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း** အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့တွင် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်းက တင်သွင်းခဲ့ခြင်းဖြစ်သည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုရှင် ဒေါက်တာဦးစံရွှေဝင်းက အဆိုတင်သွင်းရာတွင် ကျန်းမာရေးစရိတ်ကြောင့် ချို့တဲ့သူများအကျပ်အတည်းနှင့်ရင်ဆိုင်ကြုံတွေ့ရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ စရိတ်မျှပေးကျန်းမာရေး၊ ဆေးဝါးလှည့်ပတ်ရန်ပုံငွေနှင့် ချို့တဲ့သူများ ကုသရေးရန်ပုံငွေများ စသည့်စနစ်များဖြင့် ကုစားရန် ဖြည့်ဆည်းဆောင်ရွက်သော်လည်း ထိထိရောက်ရောက်အောင်မြင်ခဲ့ခြင်းမရှိဘဲ ယနေ့အချိန်အထိ အခမဲ့ ကုသမှုစနစ်ဖြင့် သွားနေရပါကြောင်း။

လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစနစ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရာတွင် ကျန်းမာရေးရန်ပုံငွေရရှိမှုသည် အတားအဆီးတစ်ခုဖြစ်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်နှင့်အတူ နိုင်ငံသူနိုင်ငံသားများ၏ ထည့်ဝင်ငွေများကိုလည်း အသုံးချရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း ထည့်ဝင်ငွေ ပမာဏများပြားမှုမရှိဘဲ ပြည်သူများ၏ ပုံမှန်ကြိုတင်ထည့်ဝင်စုဆောင်းငွေများကို အသုံးပြု၍ ဆောင်ရွက်ရမည့် အမျိုးသားကျန်းမာရေးအာမခံစနစ် တည်ထောင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

အစည်းအဝေးတွင် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လှိုင်လင်ခရိုင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းနှင့် အပြေးပြိုင်ပွဲပြေးလမ်းကြောင်းအား ပြုပြင်ပေးရန်၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဆိုပါတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဘတ်ဂျက်ဖြည့်စွက်ရန်ပုံငွေတွင် ဦးစားပေးထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် အဆိုပါလုပ်ငန်းများအတွက် ဘတ်ဂျက်အားဖြတ်တောက်ခံရပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေတွင် ဆက်လက်ထည့်သွင်း လျာထားပေးသွားမည်ဟု ရှမ်းပြည်နယ်အစိုးရက ပြန်ကြားထားပါကြောင်း ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ **ကသာမြို့တွင် ခရိုင်အဆင့် တိုင်းရင်းဆေးရုံခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကသာမြို့နယ်တွင် ခရိုင်အဆင့် တိုင်းရင်းဆေးရုံ လောလောဆယ် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ကသာခရိုင်နှင့် အနီးဆုံးဖြစ်ပြီး ရာသီမရွေး ကားလမ်းခရီးဖြင့် ၂ နာရီခန့်သွားရသော ထီးချိုင့်မြို့နယ်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံရရှိပါက လိုအပ်သော ဝန်ထမ်းများဖြည့်ဆည်း၍ ဆေးရုံဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းနှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ **ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်လုံခြုံရေး၊ အထူးကုဆရာဝန်ကြီးများ ခန့်ထားပေးရေး၊** ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ အဆင့်တိုးမြှင့်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် "တူးမြောင်းဥပဒေကြမ်း"နှင့် စပ်လျဉ်းသည့်ပြင်ဆင်ချက်အဆိုများ ဆွေးနွေးအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

# စက်သုံးဆီအရည်အသွေး စမ်းသပ်စစ်ဆေးမှုများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်း တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

စက်သုံးဆီအရည်အသွေး စမ်းသပ်စစ်ဆေးမှုများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်အတွင်း ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းကာ နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းတစ်ခုအား အမြန်ဆုံးတည်ထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့တွင် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မြန်မာတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေးပြည့်မီမှု မရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါသဖြင့် စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများက ၎င်းတို့၏အစီအစဉ်ဖြင့် ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီတင်သင်္ဘောများ ရောက်ရှိလာပါက စက်သုံးဆီနမူနာများကို ဦးစွာရယူ၍ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်စစ်ဆေးပြီး အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှန်ကန်မှုရှိမှသာ ၎င်းစက်သုံးဆီများကိုလက်ခံ၍ ပြန်လည်ဖြန့်ဖြူးရောင်းချခွင့်ပြုပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အခြင်အတွယ် အရည်အသွေး မှန်ကန်မှုရှိ၊ မရှိကို Mobile Fuel Lab ယာဉ်များ အသုံးပြု၍ ပုံမှန်စစ်ဆေးခြင်း၊ အခါအားလျော်စွာ ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်း၊ တိုင်စာ၊ ပစ်စာများအရ ဝင်ရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များအား အရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် (၁၇)ဆိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၃၂)ဆိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၀) ဆိုင်နှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် (၇)ဆိုင် စုစုပေါင်း အရောင်းဆိုင် (၆၆) ဆိုင်တို့အား စာဖြင့်သတိပေးခြင်း၊ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ယာယီပိတ်သိမ်းခြင်းများဖြင့် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

တစ်ပြည်လုံးရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၊ သိုလှောင်ကန်စခန်းများမှ ဖြန့်ဖြူးနေသည့် စက်သုံးဆီများကိုသာမက ကုန်းလမ်း၊ ရေလမ်းမှ စက်သုံးဆီ သယ်ယူပို့ဆောင်မှုများကိုပါ အရည်အသွေးစမ်းသပ်စစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်း ကိုက်ညီမှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ယာယီ/အမြဲတမ်းပိတ်သိမ်းခြင်းအပြင် တင်သွင်းခွင့်ကိုပါ အကျိုးသက်ရောက်စေမည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများနှင့် ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သတင်းမီဒီယာများမှတစ်ဆင့် အခါအားလျော်စွာ ထုတ်ပြန်ကြေညာပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ရခိုင်ပြည်နယ်အနှံ့တွင် နေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ၁၉၉၀ ခုနှစ်မှစတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှတစ်ဆင့် လုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားစံပြကျေးရွာများကို စတင် အကောင်အထည်ဖော် တည်ထောင်ပေးခဲ့ပါကြောင်း။

ဒေသခံတိုင်းရင်းသားလူမျိုးများကို စုစည်းပြီး စုစည်း(နတလ)စံပြကျေးရွာများ ထူထောင်ပေးခဲ့ပြီးနောက် ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် မောင်တောဒေသသို့ အမြဲတမ်းပြောင်းရွှေ့နေထိုင်ရန် ဆန္ဒရှိသည့် တိုင်းရင်းသားမိသားစုများအား ပြောင်းရွှေ့အိမ်ထောင်စုများ တည်ထောင်ပေးခဲ့ရာ ယခုအခါ (၁၉)ကြိမ်မြောက် ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် (နတလ)စံပြကျေးရွာ စုစုပေါင်း (၃၆)ရွာအထိ ထူထောင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊အဆိုပါ တိုင်းရင်းသားအိမ်ထောင်စုများကို မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ရေရှည်နေထိုင်ပြီး ဘဝရပ်တည်နိုင်ရေးအတွက် ထောက်ပံ့ပေးခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စု (၇၄၂) စု၊ လူဦးရေ စုစုပေါင်း (၃၄၃၃)ဦးတို့အား မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ(နတလ)စံပြကျေးရွာများတွင် နေအိမ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပြီး နေရာချထားပေးလျက်ရှိပါကြောင်းနှင့် ၎င်းတိုင်းရင်းသား မိသားစုများအား အခြား ထောက်ပံ့ပစ္စည်းများ၊ (၁)နှစ်စာ ရိက္ခာဆန်နှင့် ရိက္ခာစရိတ်၊ ငွေတို့ကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သည့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ဒေသခံတိုင်းရင်းသားများနှင့် ပြောင်းရွှေ့ရောက်ရှိလာသော တိုင်းရင်းသားလူမျိုးများအား နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲ၍ ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်သော ဗိုလ်ချုပ်သန်းထွဋ်နှင့် ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**

# ကမ္ဘာ့အဆင့်အသိအမှတ်ပြုခံလိုက်ရသည့် ရိုးစုံကျေးရွာဒေသခံတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဓာတ်




## မောင်သစ်တော

ရိုးစုံရွာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း ဝမ်းတွင်းမြို့၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာရှိ တောင်ခြေရွာတစ်ရွာဖြစ်သည်။ အညာဒေသရှိ အခြားသောရွာများကဲ့သို့ပင် ရိုးစုံရွာသူ ရွာသားတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် လယ်ယာစိုက်ပျိုးခြင်းပင်ဖြစ်သည်။ အခြားသောလုပ်ငန်းတစ်ခုမှာ ရွာအနီးရှိတောမှ ဆေးကုလားမပင်ဟုခေါ်သော လျှော်ဖြူပင်၏အစေးနှင့် အစေ့ကို စုဆောင်းရောင်းချခြင်းဖြစ်သည်။

လျှော်ဖြူစေးကို မြန်မာနိုင်ငံတွင် ဆေးကုလားမဟုခေါ်ကာ ရေခဲမုန့်၊ ဂျယ်လီမုန့်၊ ရွှေရင်အေး၊ ဖာလူဒါ အစရှိသည့် စားသောက်ကုန်များတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေး၌ ဆီးရွှင်ဆေး၊ ဝမ်းနုတ်ဆေးများဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသော အမည်တစ်ခုလည်းဖြစ်သည်။ အသုံးပြုမှုများလာသည့်အလျောက် လျှော်ဖြူစေး၏ ဈေးနှုန်းတက်လာကာ ထုတ်ယူမှုများလာပြီး ရွာအနီးရှိတောမှ လျှော်ဖြူပင်များ တဖြည်းဖြည်းနည်းလာသည်ကို ရိုးစုံရွာသားအချို့ သတိပြုမိခဲ့သည်။ တစ်ချိန်တည်းမှာပင် လျှော်ဖြူအပါအဝင် သဘာဝတောမှသစ်ပင်များ နည်းပါးလာသည့်အလျောက် စိုက်ပျိုးသီးနှံ အထွက်နှုန်းများ သိသိသာသာကျဆင်းလာခဲ့သည်။ မိုးရွာချိန်တွင် မိုးရေကို ထိန်း၍ အစိုဓာတ်ကို ထိန်းပေးသော၊ ရာသီဥတုကို မျှတစေသော သစ်ပင်များ နည်းပါးလာခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။

ရွာအနီးရှိတောပြုန်းတီးလာခြင်းနှင့် လျှော်ဖြူပင်၏ အသုံးဝင်မှုကို သတိထားမိသူမှာ ရိုးစုံကျေးရွာသား ဦးအုန်းညွန့်ဖြစ်၍ သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆောင်ရွက်ခြင်းကို ဒေသခံပြည်သူများအား ဆောင်ရွက်ခွင့်ပြုနေသည်ကို သတင်းရရှိသဖြင့် ကျေးရွာသားများကိုစုစည်း၍ ကျေးရွာအနီးရှိ သစ်တောကြိုးဝိုင်းအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ရန် ရွာသူရွာသားများနှင့် စုဝေးတိုင်ပင်ခဲ့ကြသည်။ ရွာအနီးရှိ တောကို ထိန်းသိမ်းလျက် ၎င်းတို့စားဝတ်နေရေးကို ဖြေရှင်းနိုင်မည့် နည်းလမ်းကိုရှာဖွေခဲ့ကြရာ တောထိန်းရင်း စားဝတ်နေရေးပြေလည်စေနိုင်မည့်နည်းကို ဝမ်းတွင်းမြို့နယ် သစ်တောဦးစီးဌာနထံမှ သိလိုက်ရ၍ဖြစ်သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် သစ်တောဦးစီးဌာနမှ ၁၉၉၅ ခုနှစ်တွင် ညွှန်ကြားချက်ထုတ်ပြန်၍ အကောင်အထည်ဖော်ခဲ့သည့် ဒေသခံတို့ပူးပေါင်းပါဝင်သော သစ်တောသယံဇာတထိန်းသိမ်းခြင်းနှင့် အသုံးချခြင်း သစ်တောလုပ်ငန်းတစ်ခုဖြစ်သည်။ အစုအဖွဲ့ပိုင်သစ်တော လျှောက်ထားခြင်းနည်းလမ်းများကို မြို့နယ်သစ်တောဦးစီးဌာနနှင့်တိုင်ပင်၍ ရွာအနီးရှိ သဘာဝတော ဧက ၅၅၀ ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်နိုင်ရေး စတင်လျှောက်ထားခဲ့သည်။ ဦးအုန်းညွန့်တို့ကျေးရွာသား အဖွဲ့အင်အား ၈၅ ဦးဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ဆောင်ရွက်ခွင့်ကို သစ်တောဦးစီးဌာနမှ စိစစ်၍ ၂၀၀၄ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။

ဆောင်ရွက်ခွင့်ရရှိပြီးနောက် ဦးအုန်းညွန့်တို့ အဖွဲ့သည် ၎င်းတို့၏ရည်မှန်းချက်ကို စတင်အကောင်အထည်ဖော်ရာတွင် တောအခြေအနေ အထိုက်အလျောက်ကျန်ရှိပြီး သီးနှံသစ်တော ရောနှောစိုက်ပျိုးရန် ခက်ခဲသော တောင်ကုန်း တောင်စောင်းရှိ သဘာဝတော ၇၅ ဧကကို ဆက်လက်ထိန်းသိမ်းပြီး ကျန်ရှိသော ၄၇၅ ဧကခန့်ကို သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် လျှော်ဖြူနှင့် စိုက်ပျိုးသီးနှံ ပဲ၊ နှမ်းတို့ကို စိုက်ပျိုးသွားကြရန် စုဝေးတိုင်ပင် ဆုံးဖြတ်ကြသည်။

အစုအဖွဲ့ပိုင်တောလေးကို ထိန်းရင်း၊ စိုက်ပင်လျှော်ဖြူပင်လေးတွေကို ပြုစုရင်းဖြင့် ဆယ်နှစ်ကာလကျော်လွန်ပြီးနောက် ဦးအုန်းညွန့်တို့အဖွဲ့ အကျိုးအမြတ်စတင်ခံစားရပြီဖြစ်သည်။ ယခုအခါ တစ်ဦးချင်း တာဝန်ခွဲဝေရရှိသည့် မြေ ငါးဧက ခန့်ပေါ်တွင် စိုက်ပျိုးခဲ့သော လျှော်ဖြူပင်များမှ အစေးထုတ်ယူရောင်းချခြင်းဖြင့် တစ်ရာသီလျှင် အနည်းဆုံး သိန်း ၁၀၀ ခန့် ဝင်ငွေရရှိနေပြီဖြစ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါ ရိုးစုံကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏ အောင်မြင်မှုကို အသိအမှတ်ပြုပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ဒေသခံတို့နှင့် သွားရောက်တွေ့ဆုံခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံအနှံ့ရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း စိတ်ဝင်စားသူများနှင့် လက်တွေ့လုပ်ကိုင်နေသူတို့ လာရောက်လေ့လာရာ စံပြအစုအဖွဲ့ပိုင်သစ်တောတစ်ခု ဖြစ်နေပြီဖြစ်သည်။

သစ်တောဦးစီးဌာနက မြန်မာနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် ရိုးစုံကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို ၂၀၁၇ ခုနှစ်အတွက် ပေးအပ်မည့် "Energy Globe Award" ဆုအတွက် ဩစတြီးယားနိုင်ငံအခြေစိုက် Energy Globe အဖွဲ့သို့ ဝင်ရောက် ယှဉ်ပြိုင်လျှောက်ထားခဲ့သည်။ ၂၀၁၇ ခုနှစ် Energy Globe Award ဆုအတွက် နိုင်ငံပေါင်း ၁၇၀ မှ အဖွဲ့အစည်းပေါင်း ၂၀၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဦးအုန်းညွန့်တို့အဖွဲ့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလိုသော စိတ်ဓာတ်နှင့် ၎င်းတို့အစုအဖွဲ့ပိုင် သစ်တောအဖွဲ့၏ အောင်မြင်မှုကို မြန်မာနိုင်ငံသာမက ကမ္ဘာကပါ သတိထားမိလာစေရန်၊ အသိအမှတ်ပြုလာစေရန်တို့အတွက် ကမ္ဘာမှ အသိအမှတ်ပြု အလေးထားအခံရဆုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုများအနက် တစ်ခုဖြစ်သည့် Energy Globe Award ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ Energy Globe Award ဆုသည် ဩစတြီးယားနိုင်ငံ၌ ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Energy Globe အဖွဲ့မှ ချီးမြှင့်သည့်ဆုဖြစ်သည်။ ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်မှာ သယံဇာတများကို ရေရှည်တည်တံ့စေသောနည်းဖြင့် စီမံအုပ်ချုပ်နေသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို အားပေးသောအဖွဲ့အစည်းများနှင့် စီမံကိန်းများကို ကမ္ဘာမှ သတိပြုမိလာစေရန်ဖြစ်သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် ဦးအုန်းညွန့်တို့အဖွဲ့၏ ရိုးစုံကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောသည် မြန်မာနိုင်ငံမှယှဉ်ပြိုင်လျှောက်ထားလာသော စီမံကိန်းများအနက် အကောင်းဆုံးစီမံကိန်းဆု (The Best Project in Myanmar) အဖြစ် ရွေးချယ်ခံရပြီး National Energy Globe Award ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ဦးအုန်းညွန့်တို့အဖွဲ့၏ အားထုတ်မှုကို ကမ္ဘာမှ အသိအမှတ်ပြုခံလိုက်ရခြင်းဖြစ်သည်။ ဆုရရှိခဲ့သည့် စီမံကိန်းများကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန် ၅ ရက်တွင် Energy Globe အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ကြေညာသွားမည်ဖြစ်ရာ ဦးအုန်းညွန့်တို့အဖွဲ့၏ အားထုတ်မှု၊ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏အောင်မြင်မှုကို အများပြည်သူသိရှိနိုင်ရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးသားတင်ပြအပ်ပါသည်။ ။



# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဇွန် ၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီသောင်မြစိမ်းရောင်ကျေးရွာနှင့် မံခါးမြစိမ်းရောင်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ဗန်းမော်ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ ခရိုင်ရုံးမှ ဝန်ထမ်းများ၊ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးထွန်းထွန်းကျော်နှင့် ဝန်ထမ်းများမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် မြစိမ်းရောင်စီမံကိန်းအရ ကျေးရွာသူ ကျေးရွာသားများ ချေးငွေထုတ်ချေးထားမှု၊ ငွေစာရင်းထိန်းသိမ်းထားရှိမှု၊ မြေပြင်တွင် တစ်ဦးချင်း ချေးယူငွေဖြင့် လက်တွေ့ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်များ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ

**စစ်တွေ ဇွန် ၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့မှ Ms. Lactitia van den Assum နှင့် အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိသည်။

အဆိုပါကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေဟိုတယ်၌ စစ်တွေမြို့နယ်ကျေးရွာများမှ တောင်သူ ဦးတင်မြင့် ဦးဆောင်သည့် တောင်သူ ၁၀ ဦးနှင့်လည်းကောင်း၊ ရခိုင်လူငယ်အဖွဲ့မှ ကိုဇော်ဇော်ထွန်း ဦးဆောင်သည့် လူငယ် ၁၀ ဦးနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့နောက် ကော်မရှင်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်တွေဟိုတယ်ခန်းမဆောင်၌ ဝံလက်ဖောင်ဒေးရှင်းမှ ဦးခိုင်ကောင်းစံ ဦးဆောင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦးနှင့်လည်းကောင်း၊ ဟိန္ဒူဘာသာဝင် ဦးမောင်သာအောင် ဦးဆောင်သည့် ဟိန္ဒူလူမျိုးများနှင့်လည်းကောင်း တွေ့ဆုံပြီး ရခိုင်ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ကော်မရှင်အဖွဲ့သည် ဇွန် ၆ ရက်တွင် မြောက်ဦးမြို့သို့ သွားရောက်ပြီး ရခိုင်တိုင်းရင်းသားများနှင့်လည်းကောင်း၊ ကျောက်တော်မြို့၌ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့်



လည်းကောင်း တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် ဇွန် ၇ ရက်တွင် သံတွဲမြို့နယ်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံပြီး ခရီးသွားလာရေးကဏ္ဍ၊ ငါးမွေးမြူရေးကဏ္ဍတို့နှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကော်မရှင်အဖွဲ့တွင် အဖွဲ့ဝင် Ms. Lactitia van den Assum နှင့်အတူ ဦးဝင်းမြ၊ ဦးခင်မောင်လေး၊ ဒေါက်တာသာလှရွှေ၊ ဒေါက်တာမြသီတာနှင့် ဒေါ်စောခင်တင့်တို့ပါဝင်ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ရှဉ့်လည်းလျှောက်သာ..ပျားလည်းစွဲသာ ..လုပ်ကြပါ..

## ထွန်းထွန်း(သတ္တုတွင်း)

**ဆင်ပါးစပ် နှမ်းပက်**

လူမှုကွန်ရက်စာမျက်နှာတွေမှာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ကိုယ့်အမြင်နဲ့ကိုယ် ပြောနေ၊ ရေးနေကြတာတွေကို တွေ့နေရပါတယ်။ မြန်မာနိုင်ငံရဲ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည်သူအားလုံးသိပါတယ်။ နိုင်ငံတစ်ခု တိုးတက်ဖို့ ဆောင်ရွက်ရာမှာ လျှပ်စစ်ဓာတ်အားက အဓိက မောင်းနှင်အားတစ်ခုပါ။ လျှပ်စစ်ဓာတ်အားမရှိရင်၊ မလုံလောက်ရင် စက်ရုံ၊ အလုပ်ရုံ တည်ဆောက်လည်ပတ်ဖို့ မဖြစ်ဘူးဆိုတာကိုလည်း လူတိုင်းသိပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ထုတ်လုပ်ဖြန့်ဖြူးပေးနေရတဲ့ လျှပ်စစ်ဓာတ်အားက စက်ရုံ၊ အလုပ်ရုံများအတွက် ဆင်ပါးစပ် နှမ်းပက်ဆိုသလို မဖြစ်စလောက်ပဲရှိပါတယ်။

ပြည်သူလူထုအတွက်ကျပြန်တော့ လုံလောက်အောင် ပေးနိုင်သလားဆိုတော့ မပေးနိုင်ပါဘူး။ ပေးနိုင်အောင် လုပ်ဖို့ နည်းလမ်းတွေထဲက အမြန်ဆုံးနဲ့ ငွေကြေးကုန်ကျမှု အသက်သာဆုံးဖြစ်တဲ့ ကျောက်မီးသွေးကို လောင်စာအဖြစ် အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံတွေတည်ဆောက်ပေးရမှာပါ။ ဒါကို နားလည်လက်ခံသူရှိသလို ကျောက်မီးသွေးကို မီးရှို့ရင် ထွက်လာတဲ့ ဓာတ်ငွေ့တွေနဲ့ အမှုန်အမွှားတွေကြောင့် သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေနိုင်တယ်။ စက်ရုံနဲ့အနီးအနားမှာ နေထိုင်ကြတဲ့ လူနဲ့တိရစ္ဆာန်တွေကို ဒုက္ခပေးနိုင်တယ်။ ဒါကြောင့် မလုပ်သင့်ပါဘူးဆိုပြီး ပြောနေကြသူတွေလည်းရှိပါတယ်။ အားလုံးကတော့ ကိုယ့်အမြင်နဲ့ကိုယ် မှန်တယ်ထင်တဲ့ဘက်ကနေ ကိုယ့်နိုင်ငံနဲ့ တိုင်းသူပြည်သားတွေအတွက် ပြောဆိုနေကြတာပဲဖြစ်တယ်လို့မြင်ပါတယ်။ ဒါပေမယ့် တစ်ဖက်စွန်းကိုတော့ မရောက်စေချင်တာအမှန်ပါ။

ပထမဦးဆုံးအနေနဲ့ ဒီနေ့ပြောဆိုကန့်ကွက်နေကြသလို ကျောက်မီးသွေးလောင်စာသုံးစက်ရုံတွေဟာ သဘာဝပတ်ဝန်းကျင်၊ လူနဲ့တိရစ္ဆာန်တွေကို အကြီးအကျယ်ဒုက္ခပေးနိုင်သလား၊ စက်ရုံတွေဆောက်လိုက်ရင် မြန်မာပြည်ရဲ့ သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်ပြီးဒုက္ခပေးနိုင်သလား။ သူတို့တွက်ပြသလို လူတွေသေကုန်မှာလားဆိုတာတွေကို သုံးသပ်ကြည့်ကြရပါမယ်။

အလွယ်ဆုံးသုံးသပ်နည်းကတော့ သူတို့ပြောသလို သဘာဝပတ်ဝန်းကျင်တွေထိခိုက်လို့ လူနဲ့ တိရစ္ဆာန်တွေကိုဒုက္ခပေးလို့ဆိုပြီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ကမ္ဘာ့နိုင်ငံအသီးသီးမှာ မရှိတော့ဘူးလား။ ရှိသေးရင် ဘယ်လောက်ရှိသေးလဲ၊ ဘာကြောင့်ရှိတာလဲ ဆိုတာတွေကို လေ့လာသုံးသပ်ရပါမယ်။

ဒီနေ့ပြောနေကြတဲ့ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုတာ အခုမှ ပေါ်ပေါက်လာတာမဟုတ်ပါဘူး။ ဟိုးပဝေသဏီကတည်းက ပေါ်ပေါက်ခဲ့၊ လည်ပတ်သုံးစွဲခဲ့ကြတာပါ။ ၁၉ ရာစုအစောပိုင်းလောက်က စခဲ့၊ သုံးခဲ့ကြတာ အခု ၂၁ ရာစုထဲတောင် ရောက်လာပါပြီ။ စက်ရုံတွေဟာလည်း နှစ်တွေ ပြောင်းလာတာနဲ့အမျှ နည်းပညာအသစ်အသစ်တွေနဲ့ ပြောင်းလဲလည်ပတ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျောက်မီးသွေးကို ငါတို့နိုင်ငံမှာတော့ မသုံးဘူးဟေ့ဆိုပြီး တခြားနည်းနဲ့ လျှပ်စစ်ထုတ်နေတဲ့နိုင်ငံမရှိသေးသလို ကမ္ဘာအနှံ့မှာ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ မှိုပေါက်သလိုပေါက်လျက်ရှိနေဆဲဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစက်ရုံတွေဟာ ၂၀ ရာစု ခေတ်က စက်ရုံမျိုးတွေတော့ မဟုတ်တော့ပါဘူး။ ၂၁ ရာစုခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတဲ့နည်းပညာအသစ်အသစ်တွေနဲ့ တည်ဆောက်လည်ပတ်နေတဲ့ စက်ရုံတွေပါ။

ကျောက်မီးသွေးကို လောင်စာအဖြစ်သုံးပြီး လျှပ်စစ်ဓာတ်ထုတ်တဲ့အချိန်ကစလို့ ၂၀ ရာစုကုန်ခါနီးအထိ အဲဒီစက်ရုံတွေမှာ ကျောက်မီးသွေးကို အခဲအဖြစ်ပဲ သုံးခဲ့ကြရတာပါ။ ဒါကို Fluidized Bed Coal Combustion(FBC)စနစ်လို့ခေါ်ပါတယ်။ ဒီစနစ်က ကျောက်မီးသွေးအမျိုးအစားညံ့ရင် သုံးမရပါဘူး။

**လေထဲကို ထုတ်လွှတ်မှုမရှိ**

ကာဗွန်ပါဝင်မှုမြင့်မားတဲ့ကျောက်မီးသွေးကိုမှ သုံးလို့ရပါတယ်။ ဒီတော့ ကျောက်မီးသွေးတွေ မီးလောင်တဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ အများကြီးထွက်ပါတယ်။ အခုတော့ ကျောက်မီးသွေးကိုအမှုန့်ကြိတ်နိုင်တဲ့ နည်းပညာပေါ်လာသလို အဲဒီအမှုန်ကို လေပူတွေနဲ့ရောပြီး ပေါက်လောင်ခန်းအတွင်း မှုတ်သွင်းမီးလောင်စေနိုင်တဲ့ နည်းပညာရလာတော့ ကျောက်မီးသွေးအညံ့ကိုပါ၊ တစ်နည်းပြောရရင် ကာဗွန်ဓာတ်ပါဝင်မှုနည်းတဲ့ ကျောက်မီးသွေးကိုပါ အသုံးပြုလာနိုင်တဲ့အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ ဟိုအရင်ခေတ်က စက်ရုံတွေလောက် လေထဲကိုထုတ်လွှတ်မှုမရှိတော့ပါဘူး။

ဒါပေမယ့် ဒီအတိုင်းမနေကြဘဲ အဲဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို လေထဲမထုတ်လွှတ်ခင် ဖမ်းနိုင်အောင်ကြိုးစားလာတဲ့နည်းပညာတွေကို သုံးလာနိုင်လို့ ထင်သလောက်လေထဲမရောက်တော့ပါဘူး။

ဒါပေမယ့် ကျောက်မီးသွေးအညံ့စားအတော်များများမှာ ဆာလ်ဖာနဲ့ ပြာ အများအပြားပါတတ်တဲ့အတွက် ဒါတွေကိုပါ လေထဲမရောက်ခင် ဖမ်းယူထားနိုင်အောင် လုပ်ကြရပြန်ပါတယ်။ ဆာလ်ဖာကိုဖမ်းနိုင်တဲ့ အလွယ်ဆုံးနည်းကတော့ ထုံးမှုန့်ကို အရည်ဖျော်ပြီး မီးခိုးခေါင်းတိုင်က မထုတ်ပစ်ခင် နော်ဇယ်သုံးပြီး မှုတ်သွင်းပေးတာပါ။ ထုံးရည်အမှုန်လေးတွေဟာ ကျောက်မီးသွေးမီးလောင်လို့ထွက်လာတဲ့အငွေ့တွေထဲကနေ ဆာလ်ဖာဓာတ်တွေနဲ့ပေါင်းပြီး ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်(ဂေါ်တန်)အဖြစ် ပြောင်းလဲစေတဲ့နည်းနဲ့ ဖမ်းယူလိုက်ပါတယ်။ ဒီတော့ လေထဲကို ဆာလ်ဖာဓာတ်တွေ မထွက်သလောက်နည်းသွားစေပါတယ်။ နည်းပညာအသစ်အရ SOx(SO2)လို့ခေါ်တဲ့ ကန့်ဓာတ်တွေကို ၇၅ ရာခိုင်နှုန်းကနေ ၉၈ ရာခိုင်နှုန်းလောက်အထိ ဖမ်းယူနိုင်ပါတယ်။

လေထဲကို အနည်းအကျဉ်းပဲထွက်ပါတော့တယ်။ ဒီလိုပဲ NOx(NO2)ကို ၄၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းအထိ၊ Mercury ပြဒါးကို ၉၀ရာခိုင်နှုန်းအထိ၊ PM(Particulate Matter)အမှုန်အမွှားတွေကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းလောက်အထိ ဖယ်ရှားနိုင်နေပြီဖြစ်ပါတယ်။ Supercritical Boilers,Ultra-Supercritical Boilers.(USC).,Intigrated Gasification Combined Cycle (IGCC) တွေကိုပါ သုံးမယ်ဆိုရင် thermal efficiencies တက်လာအောင်လုပ်ပြီး ကျောက်မီးသွေးအသုံးကျသွားစေတဲ့အတွက် $CO_2$ ထုတ်လွှတ်မှုကို ပုံမှန်စက်တွေထက် ၁၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းလောက်အထိ လျှော့ချနိုင်ပါတယ်။ ဒီနေရာမှာ အဓိကပြောချင်တာကတော့ Clean Coal Technology ထဲက တစ်ခုလောက်သာ ထည့်ပြီး ကျွန်တော်တို့ ကျွန်မတို့ရဲ့စက်မှာ Clean Coal Technology ကိုသုံးပါတယ်ဆိုတာကို လက်ခံရင်တော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချလို့ရမှာ မဟုတ်ပါဘူး။

လက်ရှိသုံးစွဲနေကြတဲ့ Clean Coal Technology ၁၅ ခုထဲက PM,SO2(SOx),NO2(NOx),Mercury. $CO_2$ လျှော့ချနိုင်တဲ့ Clean Coal Technology အများဆုံး ပါ မပါစစ်ကြဖို့လိုပါ့မယ်။ နည်းပညာတိုးတက်လာမှုကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နေရာမှာတော့ ကျောက်မီးသွေးသုံးစက်ရုံတွေကတော့ ရှိနေမှာပါ။

အထက်ကပြောခဲ့တဲ့ Clean Coal Technology တွေကို စက်ရုံအသစ်တွေမှာ မထည့်မဖြစ်ထည့်ရသလို စက်ရုံအဟောင်းတွေမှာလည်းထည့်လို့ရအောင် စီမံပြီး ပြန်လည်တည်ဆောက်လည်ပတ်နေကြတာပါ။ ကမ္ဘာမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတွေကို ဖျက်ကြတယ်ဆိုတာက ပြောခဲ့တဲ့နည်းစနစ်တွေထည့်ပြီး ဆက်လက်လည်ပတ်ဖို့ခက်ခဲတာ၊ ငွေကြေးစိုက်ထုတ်ရတာနဲ့ မကာမိတာတွေကြောင့် ဖျက်တာဖြစ်ပါတယ်။ ဒီတော့ မြန်မာပြည်မှာ သူတို့လို Clean Coal Technology အပြည့်အဝပါတဲ့စက်တွေနဲ့ လျှပ်စစ်ဓာတ်ထုတ်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ကို ဒီနေ့ပြောနေကြသလို ဆိုးဆိုးရွားရွားကြီး ထိခိုက်လာစရာ အကြောင်းမရှိပါဘူး။

**ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့လက်ကျန်အခြေအနေ**

ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ဘာကြောင့် ကမ္ဘာမှာဆက်သုံးကြတာလဲ။ ဒါကို ဆန်းစစ်ရင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ဆက်လက်ရှိနေအောင် အဓိကတွန်းအားပေးနေတာတွေကတော့ စက်ရုံတည်ဆောက်ရမှုအချိန်တိုတောင်းပြီး လျှပ်စစ်ဓာတ်အား အမြန်ရနိုင်ခြင်း၊ လျှပ်စစ်တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ် သိပ်မများခြင်းတို့ အပြင် အဓိကအကျဆုံးအချက်ကတော့ ကျောက်မီးသွေးလက်ကျန်နဲ့ သဘာဝဓာတ်ငွေ့လက်ကျန်အခြေအနေပါ။

ကမ္ဘာမှာ ဒီနေ့အထိတွေ့ရှိပြီး ကျောက်မီးသွေးတန်ချိန်ဟာ ၂၀၁၁ ခုနှစ်မှာ တန်ချိန်သန်းပေါင်း ၈၃၁၈၂၄ ရှိတယ်လို့ Europe's energy Potal က ထုတ်ပြန်ထားပါတယ်။ နှစ်တစ်နှစ်ရဲ့သတ္တုသိုက်လက်ကျန်နဲ့ထုတ်လုပ်မှုတန်ချိန်အချိုး (Reserves-to-Production Ratio)(R/P) အရတွက်ရင် နောင်နှစ်ပေါင်း ၁၁၂ နှစ်အထိ သုံးနိုင်ဦးမှာပါ။ ရုပ်ကြွင်းလောင်စာတွေထဲက ရေနံဆိုရင် ၄၆ နှစ်။ သဘာဝဓာတ်ငွေ့ဆိုရင် ၅၄ နှစ်စာပဲရှိပါတော့တယ်။ ထပ်တွေ့လာရင်တော့ တစ်မျိုးပေါ့။ ရေရှည်အတွက်ကတော့ ကျောက်မီးသွေးကိုသုံးနေကြရဦးမှာပါ။ ဒီတော့သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်လည်း ကြိုးစားနေကြရမှာပါ။

ကမ္ဘာမှာ ကျောက်မီးသွေးသတ္တုသိုက် အများဆုံးပိုင်ဆိုင်တာက အမေရိကန်ပါ။ တန်ချိန်သန်းပေါင်း ၂၃၇၂၉၂ သန်းရှိပါတယ်။ ဒုတိယက ရုရှားဖြစ်ပြီး တန်ချိန်သန်းပေါင်း ၁၅၇၀၀၇ သန်းရှိပါတယ်။ တတိယကတော့ တရုတ်ပါ။ တန်ချိန်သန်းပေါင်း ၁၁၄၅၉၉ သန်း ရှိပါတယ်။ ဒီနိုင်ငံတွေဟာ ဒီသယံဇာတတွေကို သဘာဝပတ်ဝန်းကျင်ထိခိုက်လို့ဆိုပြီး မတူးဘဲ၊ မသုံးဘဲနေမှာမဟုတ်ပါဘူး။ တူးကြ၊ သုံးကြမှာပါ။ ဒါပေမယ့် ဒီအတိုင်းတော့မဟုတ်ပါဘူး။ နည်းပညာအသစ်တွေကို ထည့်သွင်းအသုံးချကြမှာပါ။ ဒါ့ကြောင့် အထက်ကပြောခဲ့တဲ့ Clean Coal Technology ဆိုတာ ပေါ်လာတာပါ။

ဒါ့အပြင် ကမ္ဘာမှာကျောက်မီးသွေးကိုသုံးပြီး လျှပ်စစ်ဓာတ်အားထုတ်နေတဲ့စက်ရုံတွေ မှိုပေါက်သလိုရှိနေဆဲဖြစ်တာပါ။ ဒါပေမယ့် ဒီစက်ရုံတွေဟာ ဒီနေ့ပြောနေကြတဲ့ ကျောက်မီးသွေးလောင်စာသုံးရင် သဘာဝပတ်ဝန်းကျင်ပျက်စီးစေနိုင်တယ်၊ လူတွေထိခိုက်စေနိုင်ပါတယ်ဆိုတဲ့ ၂၀ ရာစုကစက်ရုံမျိုးတွေ မဟုတ်ပါဘူး။ ၂၁ ရာစုမှာ Clean Coal Technology ဆိုတဲ့နည်းပညာသစ်တွေနဲ့ လည်ပတ်တဲ့စက်ရုံတွေပါ။

ယခုနှစ် မေ ၂ ရက် Wikipedia မှာဖော်ပြချက်တွေအရဆိုရင် ကမ္ဘာမှာ ကျောက်မီးသွေးလောင်စာသုံးပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀ နဲ့အထက် ထုတ်ပေးနိုင်တဲ့ လည်ပတ်ဆဲစက်ရုံပေါင်း ၂၀၀ ရှိပါတယ်။ ဒီစာရင်းမှာ မဂ္ဂါဝပ် ၂၀၀၀ အောက်စက်ရုံတွေမပါပါဘူး။ စာရင်းကိုကြည့်ရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတစ်နိုင်ငံတည်းမှာတင် ၁၁၈ ရုံ၊ အမေရိကန်နိုင်ငံမှာ ရုံ ၂၀၊ အိန္ဒိယမှာ ၁၅ ရုံ၊ တောင်ကိုရီးယားမှာ လေးရုံ၊ အင်ဒိုနီးရှားမှာ သုံးရုံ ရှိတာတွေ့ရပါတယ်။

၂၀၀၀ မဂ္ဂါဝပ်အောက်စက်ရုံတွေအနေနဲ့ ဗီယက်နမ်မှာ ၁၀၀၊ ၆၀၀၊ ၁၂၀၀ မဂ္ဂါဝပ်စက်ရုံသုံးရုံ၊ ကမ္ဘောဒီးယားမှာ ၁၀၀၊ ၂၇၀၊ မဂ္ဂါဝပ်စက်ရုံ နှစ်ရုံ၊ အင်ဒိုနီးရှားမှာ စက်ရုံပေါင်း ၈၀ နဲ့ မဂ္ဂါဝပ် ၁၈၆၃၀ ထုတ်ပေးနေပြီး ဆက်လက်တည်ဆောက်ဖို့နဲ့ တည်ဆောက်ဆဲစက်ရုံ ၃၄ ရုံနဲ့ မဂ္ဂါဝပ် ၁၃၀၈၄ ထုတ်ဖို့ စီစဉ်နေပါတယ်။ အိန္ဒိယမှာဆိုရင် မဂ္ဂါဝပ်ပေါင်း ၁၆၇၇၀၇ ဒသမ ၈၈ ကို စက်ရုံပေါင်း ၄၂၉ ရုံနဲ့ထုတ်ပေးနေပါတယ်။

၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်စာရင်းအရ အိန္ဒိယတစ်နိုင်ငံလုံးမှာ လျှပ်စစ်ဓာတ်အား ၃၁၉၆၀၆ ဒသမ ၃၀ မဂ္ဂါဝပ်ထုတ်ပေးခဲ့ပြီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေက စုစုပေါင်းဓာတ်အားထုတ်လွှတ်မှုရဲ့ ၆၀ ဒသမ ၁၃ရာခိုင်နှုန်းဖြစ်တဲ့ မဂ္ဂါဝပ် ၁၉၂၁၆၈ ဒသမ ၈၈ နဲ့ဖြစ်ပြီး သဘာဝဓာတ်ငွေ့နဲ့ ထုတ်ပေးတာက ၇ ဒသမ ၉၅ ရာခိုင်နှုန်း၊ ဒီဇယ်ဆီသုံးစက်ရုံတွေက ထုတ်ပေးတာက သုည ဒသမ ၂၆ ရာခိုင်နှုန်း၊ အဏုမြူဓာတ်အားသုံးစက်ရုံနဲ့ထုတ်ပေးတာက ၂ ဒသမ ၁၂ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်က ၁၃ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားစက်ရုံတွေက ၁၃ ဒသမ ၆၅ ရာခိုင်နှုန်းအသီးသီးရှိတာ တွေ့ရပါတယ်။ ဒါကိုကြည့်ရင် ကျောက်မီးသွေးဟာ အိန္ဒိယနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ အဓိကမင်းသားအဖြစ် အသုံးတော်ခံနေတယ်ဆိုတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

အလားတူပဲ ကျောက်မီးသွေးဟာ အမေရိကန်နိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ အဓိက ကဏ္ဍက ပါဝင်ဆဲဖြစ်တာကို အမေရိကန်နိုင်ငံရဲ့ U.S. Energy Information Administration (EIA)ရဲ့ ၂၀၁၆ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ လျှပ်စစ်ဓာတ်အားယူနစ်(KWh) ကီလိုဝပ်နာရီ ၄ ဒသမ ၀၈ ထရီလီယံရှိပြီးတော့ ထုတ်လုပ်မှုရဲ့ ၆၅ ရာခိုင်နှုန်းဟာ ရုပ်ကြွင်းလောင်စာတွေဖြစ်တဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေနံနဲ့ အခြားဓာတ်ငွေ့များမှ ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် ကျောက်မီးသွေးဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ အဓိကအခန်းကဏ္ဍကပါနေဆဲဖြစ်သလို နောင်လည်း ပါနေဦးမှာဖြစ်ပါတယ်။ သူများတွေသုံးနေပါလျက် ကိုယ့်နိုင်ငံက သဘာဝပတ်ဝန်းကျင်အကြောင်းပြချက်တွေနဲ့တားနေကြတာကတော့ ဒီလိုနည်းပညာတွေနဲ့ သုံးနိုင်တာ မသိသေးလို့ပဲလို့မြင်ပါတယ်။ အသေအချာသိရင်တော့ တားကြလိမ့်မယ်မထင်ပါ။

**ကျွန်တော်တို့နိုင်ငံမှာကော သုံးချင်သလား**

ဒီတော့ ကျွန်တော်တို့နိုင်ငံမှာကော ကျောက်မီးသွေးကိုသုံးပြီး လျှပ်စစ်ထုတ်ချင်သလား။ သုံးချင်ရင်တော့ အဲဒီနည်းပညာတွေပါတဲ့စက်တွေကို သုံးကြရပါမယ်။ ဒါ့အပြင် စနစ်တကျစောင့်ကြည့်စစ်ဆေးတဲ့ အစိုးရအဖွဲ့အစည်းရှိရပါမယ်။ အစိုးရအဖွဲ့အစည်းလို့ပြောရတာက အရေးယူစရာရှိလာရင် ထိထိရောက်ရောက်အရေးယူနိုင်ဖို့ပါ။

ဒါ့အပြင် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနဲ့ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ဖို့စံသတ်မှတ်ချက်တွေ၊ ဥပဒေ၊ နည်းဥပဒေတွေရှိဖို့နဲ့ တိကျဖို့ လိုပါလိမ့်မယ်။ ဒါတွေပြည့်စုံအောင် အရင်လုပ်ပြီးရင်တော့ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ မတည်ဆောက်နိုင်စရာအကြောင်းမရှိပါဘူး။

ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေမှာ ကျောက်မီးသွေးကိုသုံးပြီး လျှပ်စစ်ဓာတ်အားထုတ်ယူနေကြပါတယ်။ လျှပ်စစ်ဓာတ်အားဟာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ မောင်းနှင်အားပါ။ ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်ကယိုယွင်းခဲ့လို့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲ ရောက်နေပါပြီ။ ဒါကိုဆွဲတင်ဖို့ဆိုရင် နိုင်ငံတိုးတက်အောင်၊ ချမ်းသာလာအောင်လုပ်ရပါမယ်။ ဒီလိုလုပ်ဖို့ဆိုရင် လျှပ်စစ်ဓာတ်အားကို အချိန်တိုအတွင်း အမြန်ဆုံးရအောင်လုပ်ကြရပါတော့မယ်။ ပြောနေ၊ အော်နေကြသလို ကျောက်မီးသွေးသုံးရင် သဘာဝပတ်ဝန်းကျင်ပျက်စီးလိမ့်မယ်ဆိုပြီး သူများတွေသုံးနေပါလျက်နဲ့ ကိုယ်က မသုံးဘဲနေကြတော့မှာလားဆိုတာ ပြန်ပြီးစဉ်းစားကြပါ။

ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် လုပ်ကြပါ။

နိုင်ငံအကျိုး ကြည့်ပေးကြပါ။ ။

# (၁၄)ကြိမ်မြောက် အာရှသတင်းမီဒီယာထိပ်သီးအစည်းအဝေးတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့မှထွက်ခွာ



**ရန်ကုန် ဇွန် ၅**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာရှသတင်းမီဒီယာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(အသံလွှင့်)မှ ညွှန်ကြားရေးမှူး ဦးဇေယျာတို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါပြဋ္ဌာန်းချက်များအရ ဦးကျော်လင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြို့တွင်းလမ်းကြောင်းများမှ ရွှေ့ပြောင်းပြေးဆွဲစေခဲ့သည့် မီနီဘတ်စ်များကို YBS 84 နှင့် 86 ယာဉ်လိုင်းတွင် ထည့်သွင်းပြေးဆွဲ

**ရန်ကုန် ဇွန် ၅**
ရန်ကုန်မြို့တွင်း Downtown ဧရိယာအတွင်းရှိ လမ်းမကြီးများတွင် ပြေးဆွဲနေသောမီနီဘတ်စ်ယာဉ်များကို မေ ၂၅ ရက်မှစတင်၍ မြို့တွင်းဧရိယာအတွင်းသို့ ဝင်ရောက်ပြေးဆွဲခွင့်မပြုတော့ဘဲ အခြားယာဉ်လိုင်းများကို ပြောင်းရွှေ့စေခဲ့ရာ YBS 84 နှင့် 86 ယာဉ်လိုင်းတို့တွင် မီနီဘတ်စ်သီးသန့်လိုင်းအဖြစ် ထည့်သွင်းပြေးဆွဲစေလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

မြို့တွင်းယာဉ်လိုင်းများမှ ရွှေ့ပြောင်းလာသော မီနီဘတ်စ်များကို YBS 84 အဖြစ် သာကေတမြို့နယ် ရှုခင်းသာလမ်း(အစိမ်းဂိတ်ဟောင်း)မှ ဒေါပုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်တို့ကို ဖြတ်သန်းကာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဆေးရုံသို့ ပြေးဆွဲမည့် လမ်းကြောင်းအဖြစ် ယာဉ်စီးခ ဂိတ်စ/ဂိတ်ဆုံး ကျပ်၂၀၀ ဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အလားတူ YBS 86 ယာဉ်လိုင်းအဖြစ် မီနီဘတ်စ်သီးသန့်ယာဉ်လိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ အောက်ပုဇွန်တောင်လမ်း၊ အေဘီစီမှတ်တိုင်တို့ကို ဖြတ်သန်းကာ သမိန်ဗရမ်းလမ်း၊ ဦးချစ်မောင်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းစိန်၊ ရွာမကျောင်းလမ်းအထိ ယာဉ်စီးခ ဂိတ်စ/ဂိတ်ဆုံး ကျပ်၂၀၀ ဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"မြို့တွင်းက မီနီဘတ်စ်တွေကို စီးတီးဘတ်စ်ကြီးနဲ့ စတင်အစားထိုးပြေးဆွဲနေပါတယ်။ မြို့တွင်းက မီနီဘတ်စ်တွေကိုတော့ မြို့တွင်းကိုမဝင်တဲ့ လမ်းကြောင်းတွေမှာ ပြေးဆွဲစေပါတယ်။ အခု YBS 84 နဲ့ 86 က မီနီဘတ်စ်လိုင်းတွေပါ။ လိုင်းတစ်လိုင်းကိုတော့ ယာဉ်အစီးရေ ၄၀ လောက်ရှိမှ ခွင့်ပြုပေးတာပါ။ ပြီးခဲ့တဲ့တစ်ပတ်အထိ ယာဉ်လိုင်းက ၈၁ လိုင်းအထိ ပြေးဆွဲပေးနေပါတယ်။ အခုက ၈၆ လိုင်းအထိ လိုအပ်သလို၊ ခရီးသည်တွေ တောင်းဆိုသလို သင့်လျော်သလို အတိုးအလျှော့လုပ်ပေးသွားမယ်ဆိုတာက အရင်ကတည်းက ပြောထားတာရှိပါတယ်။ အရင် လိုင်းငယ်ပေါင်း ၃၀၀ ကျော်ကနေ လိုအပ်သလို အတိုးအလျှော့လုပ်ပြီး ပြေးဆွဲပေးတာမှာ အခု လိုင်း ၁၀၀ အောက်ပေါ့။ လိုင်း ၁၀၀ တော့ မပြည့်သေးပါဘူး" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများမှ မီနီဘတ်စ်ယာဉ်များနေရာတွင် စီးတီးဘတ်စ်ကြီးများနှင့် တဖြည်းဖြည်းအစားထိုးသွားမည်ဖြစ်ပြီး မီနီဘတ်စ်များကို ယာဉ်လိုင်းများတွင် ပြန်လည်ပြေးဆွဲလိုခြင်းမရှိဘဲ ကျောင်းကြို/ပို့ယာဉ်များအဖြစ် ပြောင်းလဲပြေးဆွဲလိုပါက လုပ်ငန်းလိုင်စင်ပြောင်းလဲပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**(ဝဝ၁)**

■

## ရောဝတီတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၁/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)**

**ရောဝတီတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဌေးဝင်းအား ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအဖြစ် တင်သွင်းနိုင်ရန် ကွင်းဆင်းစစ်ဆေး

**မြောက်ဦး ဇွန် ၅**
ရခိုင်ပြည်နယ် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုနယ်မြေ မြောက်ဦးမြို့ရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင်ဘုရား၊ စေတီပုထိုးများသို့ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအများအပြား လာရောက်ဖူးမြော်လျက်ရှိပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်လျက်ရှိကြသည်။

မြောက်ဦးမြို့ကို ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် မှတ်တမ်းဝင်ရောက်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရား ၊ စေတီပုထိုးများနှင့် ဈေးဆိုင်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ အမြန်ရေယာဉ်၊ လမ်းဆုံလမ်းခွ၊ လူစည်ကားရာနေရာများတွင် အမှိုက်ပုံးအစိုတစ်ပုံးနှင့် အခြောက်တစ်ပုံးထားရှိပြီး အမှိုက်များကို စနစ်တကျစွန့်ပစ်ထားခြင်းရှိ၊ မရှိ ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရုတ်နိုင်ငံသံရုံးမှ အားကစားကွင်းသစ် လှူဒါန်း

**နေပြည်တော် ဇွန် ၅**
မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ အားကစားကွင်းသစ် ဆောက်လုပ်လှူဒါန်းလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Madam Li Xiao Yan (ဒေါ်နွဲ့ကလျာ)၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်းအေး၊ နေပြည်တော်တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်၊ ဆရာမကြီး ဒေါ်ညွန့်ရီနှင့် Shwe Taung Development Co.,Ltd (Construction) CEO ဦးအောင်သန်းတို့က အားကစားကွင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တရုတ်နိုင်ငံသံရုံးမှ သံမှူးက အားကစားကွင်းသစ်ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အားကစားကွင်းသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တရုတ်နိုင်ငံသံရုံးမှ သံမှူးက ကျောင်းသားကျောင်းသူလေးများအတွက် သင်ကြားရေးအထောက်အကူပြုစာအုပ် ၂၀၀ ကို လည်းကောင်း၊ Shwe Taung Development Co.,Ltd (Construction) CEO က ဗလာစာအုပ်ဒါဇင် ၂၀၀ နှင့် ဘော့ပင်ဘူး ၁၀၀ တို့ကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး ဆရာမကြီး ဒေါ်ညွန့်ရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံသံရုံးမှ သံမှူး၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားကွင်းအတွင်းရှိ ပိုက်ကျော်ခြင်းကွင်း၊ ဘော်လီဘောကွင်း၊ ဘတ်စကက်ဘောကွင်း၊ ကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**(သန့်မောင်)**

### ❒ ကမ်းနီးပင်လယ်ကမ်းရိုးတန်းလေးခုမှ

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသော ကမ်းရိုးတန်းအားလုံးတွင် ငါးသယံဇာတ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလုပ်ဆောင်နေသောဒေသလေးခုမှာလည်း စည်းကမ်းချက်များသတ်မှတ်ကာ အဆင့်ဆင့် ရွေးချယ်ထားပြီးမှ ကနေဦးစီမံကိန်းများအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ Freshwater and Marine Conservation Coordinator ဦးမြသန်းထွန်းက ပြောသည်။

"ငါးလုပ်ငန်းက လုပ်ထားတဲ့ သုတေသနစစ်တမ်းတွေအရဆိုရင် ဒီအတိုင်းဆက်ထားရင် ပိုကျလာမှာ။ တောက်လျှောက်ကို ကျလာတယ်။ ခုက ငါးက ပိုမရတော့ဘူး။ ငါးမရတော့ ဘာလုပ်ကြသလဲဆိုရင် ငါးဖမ်းကိရိယာတွေကိုနဂိုက ၁၀ ပေလောက်သုံးတယ်။ အခုပေ ၂၀ လောက်သုံးတယ်။ ငါးဖမ်းပစ္စည်းကိရိယာတွေနဲ့ နည်းပညာတွေကိုလည်း ပိုသုံးကြတာတွေ့ရတယ်။ ဒါကြောင့် ငါးသယံဇာတထိန်းသိမ်းရေးကတော့ ရေရှည်အတွက်လုပ်ဖို့ လိုအပ်နေပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ Marine Fisherier Manager ကိုဖိုးချိုက ပြောသည်။

ထို့အပြင် ၁၉၇၉ ခုနှစ်က နိုင်ငံတကာအကူအညီဖြင့် ပြုလုပ်ထားသော ငါးသယံဇာတသုတေသနစစ်တမ်းကို အခြေခံ၍ ၂၀၁၃ ခုနှစ်က နော်ဝေနိုင်ငံအကူအညီဖြင့် ပြုလုပ်သော ငါးသယံဇာတစစ်တမ်းတွင် မြန်မာနိုင်ငံ၌ ရေပေါ်လွှာငါး ၉၀ ရာခိုင်နှုန်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် ယခင်က ငါးသယံဇာတတန်ချိန် တစ်သန်းရှိရာမှ ယခုတွင် တန်ချိန် တစ်သိန်းသာကျန်ရှိတော့ကြောင်း၊ ရေအောက်ကြမ်းပြင် ငါးသယံဇာတမှာလည်း ၇၅ ရာခိုင်နှုန်း ကုန်သွားပြီဖြစ်သောကြောင့် ယခင်က တန်ချိန် ရှစ်သိန်းကျန်ရှိရာမှ ယခုတွင် တန်ချိန် နှစ်သိန်းသာ ကျန်ရှိတော့ကြောင်း သိရသည်။ **(ညီတူး)**

### ✪ အာရှ ယူ-၁၆ မှ

ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုပထမရရှိသည့် ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး ငါးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာလူငယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ပဏ္ဏာမကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာလူငယ်အသင်းကို အကယ်ဒမီမှ ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိကာ ပြည်တွင်းလူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ကစားလျက်ရှိသည်။

**(ရဲရင့်ရှိုင်း)**

# အညာသူတွေဦးဆောင်တဲ့ ရိုးရာလက်မှုပညာဈေးကွက်

**အညာဒေသရက်ကန်းထည်ကို ခိုင်မာတဲ့ဈေးကွက်ရောက်တဲ့အထိ အမျိုးသမီးတွေက စီစဉ်နေပါတယ်။**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချိုင်ကျေးရွာထဲက အိမ်တစ်အိမ်မှာ (၃၅) နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦး ရက်ကန်းခတ်နေပြီး ရက်ကန်းစင်ပေါ်မှာတော့ ပုံပေါ်စပြုလာတဲ့ ရောင်စုံချည်ထည်ကို တွေ့ရပါတယ်။

သူကတော့ အလုပ်နှစ်ခုလုပ်ကိုင်တဲ့ ကလေးနှစ်ယောက် မိခင် မတူးတူးဖြစ်ပါတယ်။ မနက် ၈ နာရီဝန်းကျင်အထိ အကြော်ရောင်းပြီးတဲ့အခါ နောက်တိုးအလုပ်ဖြစ်တဲ့ ရက်ကန်းစင်ကို ပြေးရသူပါ။

"အရင်က တစ်လ သုံးသောင်းလောက်ပဲရတယ်။ အခုကတော့ တစ်လကို တစ်သိန်းလောက်ရတယ်။ အကြော်ရောင်းတဲ့လုပ်ငန်းလည်း မပျက်ဘူး။ လုပ်ငန်းနှစ်ခုလုပ်ရတော့ ဝင်ငွေနှစ်ခုရတယ်"လို့ မတူးတူးက ရက်ကန်းစင်မှာ ခန္ဓာကိုယ်ကို အချက်ကျကျ လှုပ်ရှားရင်း ပြောပြပါတယ်။

မတူးတူးတို့ဒေသမှာ ကာလအတန်ကြာရက်ကန်းခတ်သံ ခပ်တိုးတိုးထွက်ခဲ့ပြီး အခုမှ အသံကျယ်ကျယ်ပြန်ထွက်လာတာပါ။ ဒေသထွက် ရက်ကန်းထည်တွေ နာမည်ကျော်ခဲ့ပြီး ကချင်ရိုးရာအဝတ်အထည်များပါ ရက်လုပ်နိုင်တဲ့ အနေအထားကနေ ဈေးကွက်ပျက်ပြယ်၊ ရောင်းဈေးထိုးကျ၊ ပြည်ပအဝတ်အထည်မျိုးစုံဝင်ရောက်လာတာတို့ကြောင့် ရက်ကန်းထည်ထွက်ရှိမှု ရပ်တန့်လုနီးပါးဖြစ်ခဲ့ရတာပါ။

အကူအညီပေးရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး လုပ်ကိုင်တာ အရှိန်ရလာတာကြောင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာတဲ့ လက်မှုပညာရက်ကန်းလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ပြန်လည်လုပ်ကိုင်နေကြပါပြီ။ ရိုးရာရက်ကန်းထည်၊ ချည်ထည်တွေကို ဈေးကွက်သစ်ထိုးဖောက်နိုင်ပါပြီ။ ဈေးကွက်ရောက်ရှိရေးမှာ ပါဝင်ဦးစီးနေတာကတော့ ဒေသခံအမျိုးသမီးတွေကိုယ်တိုင်ပဲဖြစ်ပါတယ်။

**အမျိုးသမီးဦးဆောင်မှု**

ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ၊ မြိုင်မြို့နယ် ဒေသခံတွေကို ထိတွေ့ထားတဲ့ ပြည်တွင်းနဲ့ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များထဲက ActionAid အဖွဲ့ဟာ တိမ်မြုပ်နေတဲ့ ရက်ကန်း၊ စက်ချုပ်၊ ကြိမ်ထည်လုပ်ငန်းတွေ ပြန်လည်ဖော်ထုတ်ဖို့ ၂၀၁၃ ခုနှစ်ကစတင်ပြီး ကြိုးစားခဲ့ပါတယ်။

ကျေးရွာပေါင်း ၁၃၄ ရွာက ဒေသခံ ၂၅၀၀ ဝန်းကျင်ကို လိုအပ်တဲ့ သင်တန်းတွေ၊ ကုန်ကြမ်းတွေ ပေးအပ်ထောက်ပံ့ပြီးပြီ။ ကုန်ချောအတွက် ဈေးကွက်လည်း ဖော်ဆောင်ထားတယ်လို့ ဒီအဖွဲ့ရဲ့စီမံချက်တစ်ခုဖြစ်တဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုကွန်ရက်မှ စီစဉ်ညှိနှိုင်းရေးမှူး မမေသဥ္ဇာကျော်စိုးက ပြောပါတယ်။

ရက်ကန်းထည်တွေဟာ နိုင်ငံခြားသားတွေ၊ လူလတ်တန်းစားတွေကြားမှာ ရေပန်းစားနေတယ်။ ၂၀၁၆ ခုနှစ် တစ်နှစ်လုံးရောင်းရငွေက သိန်း ၇၀၀ ကျော်ရှိတယ်လို့လည်း သူကရှင်းပြပါတယ်။

"ရိုးရာဆိုတာက ကျွန်မတို့ ထိန်းသိမ်းနေသရွေ့ လွယ်လွယ်နဲ့ ပျောက်ကွယ်သွားမယ့် အရာမဟုတ်ဘူး။



အမြဲတမ်းရှိနေဦးမှာပဲ"လို့ မမေသဥ္ဇာကျော်စိုးက ဆိုပါတယ်။

စီမံချက်အရ အမျိုးသမီးလက်မှုပညာကုန်ထုတ်လုပ်သူများအသင်းကိုလည်း ဖွဲ့စည်းထားပါတယ်။ အသင်းဝင် ၇၀၀ ဝန်းကျင်ရှိပါတယ်။ ဦးဆောင်သူတွေကလည်း အမျိုးသမီးတွေပါပဲ။

နိုင်ငံတကာစီမံကိန်းတစ်ခုဖြစ်တဲ့ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာမှာတော့ ဒီလုပ်ငန်းရဲ့ အရောင်းတိုးတက်မှုနှုန်းက ၂၁ ရာခိုင်နှုန်းရှိတယ်လို့ ဆိုထားပါတယ်။ ဒါဟာ ၂၀၁၅ ခုနှစ် ရေဘေးကျရောက်မှု၊ ရွေးကောက်ပွဲကာလကြောင့် ခရီးသွားလုပ်ငန်းကျဆင်းမှုဆိုတဲ့ အခြေအနေတွေအောက်မှာ ဖြစ်ထွန်းခဲ့တဲ့ တိုးတက်မှုလို့ ဆိုပါတယ်။

ထွက်ကုန်ဈေးကွက်ရောက်ရှိရေးလုပ်ငန်းမှာ အမျိုးသမီးတွေ ပါဝင်တယ်။ ဒီစီမံချက်ကနေ "ကလေးသူငယ်စောင့်ရှောက်မှု၊ ဥပဒေရေးရာအကူအညီ၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး" လိုမျိုး ခါတိုင်းလက်လှမ်းမမီကြတဲ့ ဝန်ဆောင်မှုတွေ ပေးသွားမယ်လို့ အစီရင်ခံစာက ဆိုပါတယ်။

**ဝယ်ယူခြင်းဖြင့် ကူညီမှု**

ကွန်ရက်ရဲ့စီမံချက်ထဲမှာ M-Boutik ဆိုတဲ့ ရိုးရာလက်မှုပစ္စည်းဆိုင်လည်း ပါဝင်ပါတယ်။ ဒီဆိုင်ကို ညောင်ဦးမြို့မှာ တွေ့ရမှာပါ။ ဆိုင်တံဆိပ်နဲ့ထုတ်လုပ်ထားတာတွေကို ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေ အစရှိတဲ့ ဒေသတွေက ဟိုတယ်၊ လက်မှုပစ္စည်းဆိုင်တွေက မှာယူကြပါတယ်။

ချည်ထည်အဝတ်အစား၊ ခေါင်းအုံးစွပ်၊ ဆိုဖာစွပ်၊ လွယ်အိတ်အစရှိတဲ့ လက်လုပ်ပစ္စည်းတွေမှာကြတဲ့အခါ ၆၀ ရာခိုင်နှုန်းစရန်ငွေယူပြီး လက်ခံတယ်။ ဒီငွေကို ကုန်ကြမ်းဝယ်ရာမှာသုံးတယ်။ ရသမျှ အမြတ်ဟာ ထုတ်လုပ်သူတို့ရဲ့ လုပ်အားခပါပဲလို့ ကွန်ရက်ရဲ့ စီစဉ်ညှိနှိုင်းရေးမှူး မမေသဥ္ဇာကျော်စိုးက ပြောပါတယ်။

စီမံကိန်းကို ၂၀၁၉ ခုနှစ်အထိ တိုးချဲ့လုပ်ကိုင်ပြီးရင် အမျိုးသမီး လက်မှုပညာကုန်ထုတ်လုပ်သူများအသင်း လက်ထဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး လွှဲပြောင်းပေးမယ်။ ဒေသခံတွေကိုယ်တိုင် ရပ်တည်နိုင်ဖို့ သင်ကြားမှုပိုင်း အပါအဝင် လိုတဲ့အကူအညီကိုလည်း ActionAid က ဆက်ပေးသွားမယ်လို့ သိရပါတယ်။

ကျေးလက်ဒေသအမျိုးသမီးအများအပြားဟာ ဝင်ငွေမရှိကြပါဘူး။ အသက်မွေးဝမ်းကျောင်းသင်တန်း၊ အလုပ်အကိုင်ဖန်တီးမှု အကူအညီတွေရပြီးရင်တော့ သူတို့ ဝင်ငွေရလမ်းပေါ်လာပါပြီ။ သူတို့ရဲ့ထုတ်ကုန်တွေကို ဝယ်ယူအားပေးခြင်းဟာလည်း အမျိုးသမီးတွေ ဝင်ငွေရရေးကို အားပေးထောက်ခံရာ ရောက်သလို သူတို့နဲ့ သူတို့ရဲ့ မိသားစုများ ဘဝတိုးတက်ရေးကိုတိုက်ရိုက် လုပ်ကိုင်ပေးရာ ရောက်ပါတယ်လို့ အကူအညီပေးရေးအဖွဲ့တွေက ထောက်ပြပါတယ်။

မြိုင်မြို့နယ် ကျစ်တီးကျေးရွာမှာ ထန်းလျက်ကြို၊ ထင်းခွေ၊ ပေါင်းနုတ် စတဲ့ အလုပ်စုံလုပ်ကိုင်သူ ဒေါ်ဌေးကြွယ်ဟာ နေ့စဉ် ဝင်ငွေ ၄၀၀ ကျော်ကျော်သာ ရှိခဲ့ပါတယ်။ အခုတော့ အထည်ချုပ် အိမ်တွင်းမှုလုပ်ငန်းက သူ့အတွက် ဝင်ငွေ ၄၀၀၀ ဝန်းကျင် နေ့စဉ် ဖန်တီးပေးနေပါပြီ။

"အရင်တုန်းကလိုတော့ စားဖို့သောက်ဖို့ မပူရတော့ဘူးပေါ့"လို့ ဒေါ်ဌေးကြွယ်က ဆိုပါတယ်။

ဒေသခံလူငယ်အများစုဟာ ရန်ကုန်၊ မကွေး စတဲ့ မြို့ကြီးများအပြင် အိမ်နီးချင်းနိုင်ငံတွေအထိ သွားရောက်လုပ်ကိုင်နေကြတာပါ။ ကျေးလက်ဒေသအလုပ်အကိုင်ဖန်တီးပေးတဲ့ အစီအစဉ်တွေက လူငယ်တွေ နေရပ်စွန့်ခွာတာကို လျှော့ချပေးနိုင်တယ်လို့ ဒေါ်ဌေးကြွယ်က ရှင်းပြပါတယ်။

**ဈေးကွက်ချဲ့ထွင်မှု**

ဒေသခံရက်ကန်းသမားအများစုက ကုန်ကြမ်းကို နီးစပ်ရာဆိုင်တွေမှာ ဝယ်ကြပြီး ရက်ကန်းထည်ထွက်လာရင် အဲဒီဆိုင်တွေမှာပဲ ပြန်သွင်းကြတဲ့အတွက် ဝင်ငွေနည်းပါးခဲ့ပါတယ်။

လိုအပ်တဲ့ သင်တန်းတက်ပြီးတဲ့နောက်မှာတော့ ပိုမိုအမြင်ကျယ်လာပါပြီ။ ကွန်ရက်ကအဆင့်ဆင့် တာဝန်ယူလုပ်ကိုင်သွားတာဖြစ်လို့ ဈေးကွက်အတွက်လည်း စိတ်မပူရပါဘူး။ ပေးတဲ့ဒီဇိုင်းကို အရည်အသွေးပြည့်မီအောင် ရက်လုပ်ပေးနိုင်မယ်ဆိုရင် လုပ်အားခချည်းသက်သက် တစ်နေ့ ၄၀၀၀ ဝန်းကျင် ရနိုင်ပါတယ်။ ဒါက ကျေးလက်ဒေသအတွက် မနည်းတဲ့ ငွေကြေးပမာဏပါပဲ။ ကုန်ကြမ်းဝယ်ဖို့ ငွေစိုက်ထုတ်ပေးထားတဲ့ အစီအစဉ်ကြောင့် အရင်းအနှီးအတွက် ပူစရာမလိုတာကလည်း အားသာချက်ပါ။

အပ်ထည်တွေပုံကျလာတဲ့အခါ သတ်မှတ်ချိန်အတိုင်း ပြီးစီးဖို့ စုစုဝေးဝေးလုပ်ကိုင်ကြရတာမျိုးအတွက် နေရာထိုင်ခင်း၊ လုပ်ငန်းသုံးပစ္စည်းမလုံလောက်တဲ့ အခက်အခဲများကတော့ ရှိနေတုန်းပဲလို့ အမျိုးသမီးလက်မှုပညာကုန်ထုတ်လုပ်သူများအသင်းရဲ့ဥက္ကဋ္ဌ မမော်မော်လွင်က ဆိုပါတယ်။

ပူးပေါင်းဆောင်ရွက်ရာမှာ ချုပ်ရိုးချုပ်သားသေသပ်မှု၊ အချိန်မီပြီးစီးမှုတို့နဲ့ပတ်သက်တဲ့ အားနည်းချက်တွေရှိနေတာမျိုးကိုတော့ ဖြေရှင်းရဦးမယ်လို့ ကျစ်တီးကျေးရွာသူ ဥက္ကဋ္ဌက ဆိုပါတယ်။ အကူအညီပေးအဖွဲ့ရဲ့ ဝန်းရံမှု မရှိရင် ဈေးကွက်တိုးချဲ့ရေးခက်ခဲမှာကို မမော်မော်လွင်က စိုးရိမ်နေပါတယ်။

"ဈေးကွက်ကိုတော့ ထိုးဖောက်ကြည့်ချင်တယ်။ ရန်ကုန်ကနေ လှမ်းမေးနေတာတွေတော့ ရှိနေတယ်။ အဖွဲ့နဲ့ကလည်း ပြန်တိုင်ပင်နေရတယ်။ သူတို့က လုပ်ရဲရင်တော့ ကျွန်မတို့လည်း ရှေ့ကသွားရဲတယ်"လို့ အသင်းဥက္ကဋ္ဌ မမော်မော်လွင်က ဆိုပါတယ်။

ချိုင်ကျေးရွာထဲက ရက်ကန်းသံညံနေတဲ့ အိမ်လေးထဲမှာတော့ အကြော်သည် မတူးတူးက အားကြိုးမာန်တက် ရက်ကန်းရက်နေဆဲပါ။ ကြံ့ရာကျပန်းလုပ်ကိုင်တဲ့ အမျိုးသားရဲ့ဝင်ငွေကိုပဲ အားထားရတဲ့ဘဝကနေ လွတ်မြောက်လာပါပြီ။ မတူးတူးရဲ့ လစဉ်ဝင်ငွေ တစ်သိန်းနီးပါး ဖြစ်လာတဲ့အတွက် မိသားစုမှာ ငွေပိုငွေလျှံ ရှိလာသလို သူ့သားနှစ်ယောက်အတွက် စိတ်ကူးထားတာလေးတွေလည်း အကောင်အထည်ဖော်ဖို့ နီးစပ်လာပါပြီ။

"ကျွန်မပိုက်ဆံလေးတွေ စုထားတယ်။ ဒီသားလေးတွေကို ရှင်ပြုပေးရအောင်လို့၊ တော်တော်လည်းစုနိုင်နေပြီ" လို့ မတူးတူးက သားနှစ်ယောက်ကို ပြုံးကြည့်ရင်း ပြောလိုက်ပါတယ်။ ။

**အောင်ငြိမ်းချမ်း/Myanmar Now**

---

**❂ ကမ္ဘာ့ချန်ပီယံဆုမှ**

ကျင်းပခဲ့သော ပြိုင်ပွဲကြီး သုံးပွဲစလုံးတွင် အနိုင်ရရှိထားသူဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် ONE Middleweight World Championship ပြိုင်ပွဲတွင်မူ အောင်လအန်ဆန်သည် ဘစ်ဒက်ရှ်ကို ပွဲချိန်ပြည့် ထိုးသတ်နိုင်သော်လည်း ရှုံးနိမ့်ခဲ့သည်။

"အရင်ပြိုင်ပွဲတုန်းက ပြိုင်ပွဲနားနီးတော့မှ သိခဲ့ရလို့ အကောင်းဆုံး မထိုးသတ်နိုင်ခဲ့ဘူး။ အခုဒီပွဲမှာတော့ စခန်းသွင်းလေ့ကျင့်ချိန်အပြည့်နဲ့ ပြင်ဆင်ချိန်ကောင်းကောင်းရတဲ့အတွက် ကျွန်တော်လုပ်နိုင်စွမ်းရှိသမျှထက် ပိုပြီး အကောင်းဆုံးဖြစ်စေရမယ်လို့ ကတိပြုပါတယ်"ဟု အောင်လအန်ဆန်က ပြောသည်။

ဗစ်တာလီဘစ်ဒက်ရှ်နှင့် ပထမအကြိမ် စိန်ခေါ်ထိုးသတ်စဉ်က ပြိုင်ပွဲမစတင်မီ နှစ်ပတ်ခန့်အလိုမှသာ စတင်ပြင်ဆင်ခဲ့ရသောကြောင့် သူ၏ အကောင်းဆုံးပုံစံကို မရရှိခဲ့ဘဲ ပြည်ပမြေတိုင်းတစ်ပါးပရိသတ်များ ရှေ့တွင် ရှုံးနိမ့်ခဲ့ရသည်။

"ရန်ကုန်က ကျွန်တော့်ပရိသတ်တွေရဲ့ရှေ့မှာ အခုလို ယှဉ်ပြိုင်ရမှာကို တကယ်ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံအတွက် ချန်ပီယံခါးပတ် ပြန်ယူဆောင်လာပေးနိုင်ဖို့ အားကုန်ယှဉ်ပြိုင်သွားမယ်လို့လည်း ကတိပေးပါတယ်။ အခုပြိုင်ပွဲက အပြင်းထန်ဆုံး တိုက်ပွဲတစ်ခုဖြစ်လာမှာပါ။ အဲဒီညမှာ ပိုတော်တဲ့သူက အောင်မြင်မှုတွေကို သိမ်းပိုက်သွားနိုင်မှာပေါ့ဗျာ"ဟု အောင်လအန်ဆန်က ပြောထားသည်။

သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းတွင် ဒုတိယအကြိမ် ထပ်မံထိုးသတ်မည့် "မြန်မာ့စပါးကြီးမြွေ" အောင်လအန်ဆန် (၁၉ ပွဲနိုင်၊ ၁၀ ပွဲရှုံး၊ ၁ ပွဲ အရှုံးအနိုင်မပေါ်)နှင့် ရှုံးပွဲမရှိစံချိန်တင်ထားသည့် ဗစ်တာလီဘစ်ဒက်ရှ် (ရှုံးပွဲမရှိ၊ ကိုးပွဲနိုင်)တို့၏ တွဲဆိုင်းမှာ ONE: LIGHT OF A NATION ပြိုင်ပွဲ၏ အဓိကတွဲဆိုင်းဖြစ်ပြီး ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဟု ထုတ်ပြန်ထားသည်။

"အောင်လအန်ဆန်ဟာ ကျွန်တော်ယှဉ်ပြိုင်ခဲ့ဖူးသမျှ ပြိုင်ဘက်တွေထဲမှာ အမာဆုံးနဲ့ အတောင့်ခံနိုင်ဆုံးသူ တစ်ယောက်ဖြစ်ပါတယ်။ အခုလို သူ့ရဲ့ဇာတိမြေမှာ လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ပြိုင်ဘက်ရဲ့ဇာတိဖြစ်လို့ သူ့ဘက်က အားသာသွားမယ်လို့တော့ မထင်ပါဘူး။ ဘာလို့လဲဆိုတော့ တကယ့်ချန်ပီယံတစ်ယောက်ဆိုတာ ဘယ်နေရာ၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ယှဉ်ပြိုင်နိုင်လို့ပါပဲ"ဟု ဗစ်တာလီဘစ်ဒက်ရှ်က ဆိုထားသည်။

လက်ရှိချန်ပီယံ ဘစ်ဒက်ရှ်သည် ONE Championship ပြိုင်ပွဲတွင် ကိုးပွဲဆက် အနိုင်ရရှိထားပြီး ယခုထိတိုင် ရှုံးပွဲမရှိသော ရွှေခါးပတ်ပိုင်ရှင်တစ်ဦးဖြစ်သည်။

ဘစ်ဒက်ရှ်က "ကြိုးဝိုင်းထဲကို ပြန်ဝင်လာရတဲ့အတွက် စိတ်လှုပ်ရှားမိပြီး ဒီပွဲဟာ မြန်မာနိုင်ငံမှာ ခမ်းနားကြီးကျယ်တဲ့ ပြိုင်ပွဲတစ်ခုဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ အောင်လအန်ဆန်နဲ့ သူ့ရဲ့ထိုးသတ်ပုံတွေကို လေးစားပေမဲ့လည်း ကျွန်တော်အိမ်ကိုပြန်တဲ့အခါမှာတော့ အောင်မြင်မှုနဲ့အတူ ပြန်သွားမှာပါ။ ပြီးတော့ ချန်ပီယံခါးပါတ်ကလည်း ကျွန်တော့်ပခုံးပေါ်မှာပဲ ရှိနေမှာပါ" ဟု ပြောခဲ့သည်။

အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ထိုးသတ်မည့်ပွဲမတိုင်ခင် သတင်းစာရှင်းလင်းပွဲတစ်ခုကို ပြုလုပ်ပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန် အခြားထိုးသတ်မည့်သူများ၏ တွဲဆိုင်းများကိုပါ ဆက်လက်ကြေညာပေးသွားမည်ဟု ONE Championship ၏ မီဒီယာတာဝန်ခံ သတင်းထုတ်ပြန်သူ ဒေါ်အေးသီတာဦး (Vickie) က ပြောသည်။

အောင်လအန်ဆန်သည် ကချင်တောင်တန်းဒေသဖြစ်သည့် မြစ်ကြီးနားမြို့ဇာတိ ကချင်လူမျိုးတစ်ယောက်ဖြစ်ပြီး မြန်မာပြည်သူပြည်သားများက အောင်လအန်ဆန်ကို ချစ်ခင်ကြသကဲ့သို့ အောင်လအန်ဆန်ကလည်း ကမ္ဘာ့ MMA (Mixed Martial Art) စင်မြင့်ပေါ်တွင် မြန်မာနိုင်ငံကိုယ်စားပြု သူရဲကောင်းတစ်ဦးအဖြစ် ထိုးသတ်ပြသနိုင်ခဲ့သည်။

ONE Championship သည် အရှေ့တောင်အာရှသမိုင်းကြောင်းတွင် အကြီးဆုံးအားကစားမီဒီယာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ONE Championship ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံကျော်ရှိ ကြည့်ရှုသူ တစ်သန်းကျော်ရှိသော ကမ္ဘာကျော်အားကစားလိုင်းများဖြစ်သည့် FOX Sports, Setanta, MNC, Astro, Thairath TV, ABS-CBN, TV5, MYTV, HTV, OSN အစရှိသော ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

**သတင်း-ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ-ONE Championship**

---

**❀ ကျောင်းသား ကျောင်းသူများမှ**

၁၀၀ ကျပ်နှုန်းသာ ပေးရမည်ဖြစ်ပြီး YBS ယာဉ်လိုင်းများအားလုံးကိုလည်း ၁၀၀ ကျပ်နှုန်းဖြင့်သာ ကောက်ခံသွားရန် ဇွန် ၃ ရက်က ပြုလုပ်ခဲ့သော YBS ယာဉ်လိုင်းများ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ညွှန်ကြားခဲ့သည်။

"ဒီနှစ်ကျောင်းဖွင့်ရာသီကတော့ အဖြူအစိမ်းဝတ်ကျောင်းတက်နေတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံးကို YBS စီးမယ်ဆိုရင် ယာဉ်စီးခကို ၁၀၀ ကျပ်နှုန်းသာကောက်ရမယ်ဆိုပြီး လုပ်ထားပါတယ်။ ကားလိုင်းတွေအားလုံးကိုလည်း ပြောထားပါတယ်။ ကျောင်းသားကျောင်းသူများအတွက် အထူးသီးသန့်အနေနဲ့ သက်သက်သာသာ စီးနင်းနိုင်အောင် လုပ်ပေးတာပါ"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရာတွင် ယာဉ်စီးခနှုန်း ၁၀၀ ကျပ်ထက် ပိုမိုကောက်ခံခဲ့မှုများ ရှိပါကလည်း သက်ဆိုင်ရာသို့ အသိပေးတိုင်ကြားနိုင်ကြောင်း ၎င်းက ပြောသည်။

ကျောင်းဖွင့်ရာသီကာလ ကျောင်းတက်ကျောင်းဆင်းအတွက် ကျောင်းကြို/ပို့ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် ကျောင်းကြို/ပို့ ဆောင်ရွက်နေမှုများ ရှိသော်လည်း လိုင်းကားများ၊ ရထားများကို အားထားစီးနင်းကာ ကျောင်းတက်နေသူများစွာ ရှိနေသောကြောင့် ကျောင်းသားကျောင်းသူများ အဆင်ပြေစေရေးအတွက် ဘတ်စ်ကားစီးနင်းခကို သက်သာစွာဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(၀၀၁)

# တရုတ်နိုင်ငံမှဝယ်ယူထားသည့် ဘတ်စ်ကားသစ် အစီး ၁၀၀၀ အနက် ပထမအသုတ် အစီး ၃၅၀ သီလဝါဆိပ်ကမ်းသို့ စတင်ရောက်ရှိလာ

**ရန်ကုန် ဇွန် ၅**

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တရုတ်နိုင်ငံအစိုးရနှင့် ချိတ်ဆက်ကာ ဘတ်စ်ကားအသစ် အစီး ၁၀၀၀ အနက် ပထမဆုံးအသုတ် အစီး ၃၅၀ မှာ ဇွန် ၂ ရက်က ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အစိုးရချင်း ချိတ်ဆက်မှုစနစ်ဖြင့် တရုတ်နိုင်ငံ Yutong ကုမ္ပဏီမှ ဘတ်စ်ကားသစ် အစီး ၅၀၀ နှင့် Ankai ကားကုမ္ပဏီမှ ဘတ်စ်ကားသစ် အစီး ၅၀၀ စုစုပေါင်း အစီး ၁၀၀၀ ဝယ်ယူထားရာတွင် Car Carrier သင်္ဘော MV Grand Duke နှင့် ဇွန် ၂ ရက်က အစီး ၃၅၀ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာပြီး ဇွန် ၆ ရက်တွင် ဒုတိယအသုတ် အစီး ၃၅၀၊ ဇွန် ၉ ရက်တွင် နောက်ဆုံးအသုတ် အစီး ၃၀၀ စုစုပေါင်း အစီး ၁၀၀၀ သည် ရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။



နှစ်နိုင်ငံ အစိုးရချင်းချိတ်ဆက်မှုဖြင့် ဘတ်စ်ကားသစ်များ ဝယ်ယူခဲ့ရာတွင် ၂၀၁၇ မော်ဒယ်ဘတ်စ်ကားသစ်များကို ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၆၀၀၀ ပေးရကြောင်း သိရသည်။ အစိုးရချင်း ချိတ်ဆက်ဝယ်ယူခဲ့သောကြောင့် ဈေးနှုန်း၊ ယာဉ်ပိုင်းဆိုင်ရာ အာမခံချက်များကို အပြည့်အဝပေးအပ်ထားသည့်အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များပါဝင်သည့် အကဲဖြတ်အဖွဲ့များက အရည်အသွေးစစ်ဆေးအကဲဖြတ်ပြီးမှသာ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အဆိုပါယာဉ်များကို ပြည်သူ့ရင်ပြင်အတွင်း ယာယီပြောင်းရွှေ့ထားရှိရန် ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။ ယာဉ်အသစ်များ ရောက်ရှိလာသည်နှင့်အတူ တိုးချဲ့ပြေးဆွဲသွားမည့် ယာဉ်လိုင်းအမှတ်နှင့် လမ်းကြောင်းများ၊ ခရီးစဉ်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးသွားမည်ဟု ဒေါက်တာမောင်အောင်က ပြောကြားခဲ့သည်။ **(၀၀၁)**

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း

**ရန်ကုန် ဇွန် ၅**

ကျောင်းဖွင့်ချိန်မိုးကာလတွင် ကျောင်းသားကျောင်းသူများအား သွေးလွန်တုပ်ကွေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် သာကေတမြို့နယ်(၂/မြောက်)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကြီးကြပ်ဦးဆောင်ကာ ယမန်နေ့နံနက် ၉ နာရီမှစတင်၍ အမက (၁၉)၊ အမက (၂၆)၊ အမက(၄၂) ကျောင်းများ၏ ကျောင်းတွင်း၊ ကျောင်းပြင်များတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေ အခုလို ခြင်ဆေးဖျန်းတဲ့ရည်ရွယ်ချက်က ခြင်မှဖြစ်တဲ့ ရောဂါတွေ ကလေးတွေကို မဖြစ်စေဖို့နဲ့ ကလေးတွေ ကျန်းကျန်းမာမာနဲ့ စာသင်နိုင်ဖို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု အရန်မီးသတ်တပ်စုမှူးက ပြောကြားခဲ့သည်။ ကျောင်းသားကျောင်းသူများ အန္တရာယ်မဖြစ်စေရန် လာရောက် ဆောင်ရွက်ပေးသည့်အတွက် အမက(၁၉)ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်သားမြို့ရှိ အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်

**မြစ်သား ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သပြေတောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မင်းလည်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအား ဇွန် ၃ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်ရာတွင် သပြေတောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား တစ်ဆင့်မြှင့် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်အုန်းကြည်၊ တိုင်းဒေသကြီးလွှတ်တော်အမှတ်(၂)ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညိုအေးတို့ကလည်းကောင်း၊ မင်းလည်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား တစ်ဆင့်မြှင့်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် တိုင်းဒေသကြီးလွှတ်တော်အမှတ်(၁) ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်အမှတ်(၂)ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းက "ဒီလိုကျောင်းတွေ အဆင့်မြှင့်ဖွင့်လှစ်ပေးလိုက်ခြင်းအားဖြင့် ကိုယ့်ရွာကကလေးတွေအတွက် အများကြီးအကျိုးရှိစေပါတယ်။ ကိုယ့်ရွာမှာပဲ ဘီအီးဒီဆင်း ဆရာ ဆရာမတွေ လုံလုံလောက်လောက်နဲ့ အထက်တန်းပညာတွေ သင်ခွင့်တွေရမယ်။ အခြားရွာ မသွားရတဲ့အတွက် သွားလာရတာ ပင်ပန်းတာသက်သာပြီး အေးချမ်းစွာစာသင်နိုင်မယ်။ အချိန်တွေပိုရလာမယ်။ မိဘတွေလည်း အချိန်၊ ငွေ၊ လူ အားလုံးသက်သာသွားမှာပါ" ဟု ပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ပြောင်းလဲခြင်းဖြင့် အထွက်နှုန်း ၁၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ အထိ အထွက်နှုန်းတိုးတက်နိုင်

**မုံရွာ ဇွန် ၅**

သီးနှံများ အထွက်နှုန်းတိုးတက်ရေးတွင် အရေးကြီးသည့်မိတ်ဖက်အချက်များကို မူသေထားပြီး ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်ပြောင်းလဲကျင့်သုံးလိုက်သည်နှင့် အထွက်နှုန်းသည် ၁၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ အထိ တိုးတက်နိုင်သောကြောင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းသည် အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွှန့်ထံမှ သိရသည်။

"မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရေးဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်ခြံစိုက်ကွင်းတွေမှာ မျိုးစေ့ထုတ်လုပ်တာအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်တာအပြင် တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းတွေထူထောင်ပြီး မျိုးစေ့ထုတ်လုပ်တဲ့နည်းလမ်းတွေနဲ့ စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ တန်ဖိုးမြှင့်သီးနှံစတဲ့ သီးနှံအုပ်စုအလိုက် သတ်သတ်မှတ်မှတ် ဆောင်ရွက်ဖို့လိုပါတယ်။ ဒါ့အပြင်ထုတ်လုပ်လိုက်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေ ရောင်းဝယ်ဖောက်ကားနိုင်မယ့် ဈေးကွက်(Seed Market)တွေ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်" ဟု ဦးခင်မောင်ညွှန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများနှင့် တောင်သူလယ်သမားများအတွက် မြေယာလုပ်ပိုင်ခွင့်ခိုင်မာလာအောင် ဆောင်ရွက်ပေးရန် လိုအပ်လာသလို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများဖြစ်ပေါ်မလာစေရန် စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်၊ စက်မှုဇုန်များ စသည်ဖြင့် နယ်မြေစုဖွဲ့သတ်မှတ်၍ ၎င်းတို့၏ထုတ်လုပ်မှုလုပ်ငန်းများကို ကာကွယ်ပေးသင့်ကြောင်း ဦးခင်မောင်ညွှန့်က အကြံပြုပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် မှန်ကန်သော သီးနှံပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်း၍ ဘက်စုံနည်းပညာသုံး အဆင့်မြင့်စိုက်ပျိုးရေးဇုန်များ တည်ထောင်စိုက်ပျိုးစေပြီး တန်ဖိုးမြှင့်သီးနှံနှင့် Value Added Product များကို စနစ်တကျထုတ်လုပ်၍ ထွက်ရှိလာသော သီးနှံထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်၌ ပြုလုပ်

**လွိုင်ကော် ဇွန် ၅**

လူသားများအားလုံး ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်၏ ပသာဒအလှအပများကို ခံစားတတ်စေရန်၊ သဘာဝပတ်ဝန်းကျင်သည် လူသားများအတွက် မည်မျှအရေးကြီးကြောင်း သတိပြုမိစေရန်၊ သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားတတ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပညာပေးပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် 'တို့ကမ္ဘာမြေတစ်ခွင် သာယာလှစေဖို့ သဘာဝကို ထိန်းသိမ်းစို့ -Connecting People to Nature'ခေါင်းစဉ်ဖြင့် ပြသထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# စိန္တာမုနိစေတီတော်ဘုရား ဘက်စုံပြုပြင်ရေး အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော ရှေးဟောင်းစေတီတော် စိန္တာမုနိစေတီတော် (ဆီမီး ၉၉၀၀)ဘုရား ဘက်စုံပြုပြင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ ဗုဒ္ဓပူဇနိယ ဆီမီး (၉၉၀၀)ရုံးခန်း၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် အလှူရှင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်း ၅၀၀၀ ကျော်မက တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ခံ ပုဂံညောင်ဦးမြို့နယ် စဥ့်ကူမြို့ရှိ ရှေးဟောင်းစေတီတော် စိန္တာမုနိစေတီတော်ကြီး (ဆီမီး ၉၉၀၀)ဘုရား ဘက်စုံပြုပြင်ရန် အလှူငွေကျပ် တစ်သိန်းနှင့် ဝါကြိုစေတီတော်ပြုပြင်ရန် အလှူငွေကျပ် ၅၀၀၀၀ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြား၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့ ဗုဒ္ဓပူဇနိယ ဆီမီး (၉၉၀၀)အဖွဲ့ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးမြင့်စိုးနှင့် အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ညွန့်၊ အမှုဆောင် ဒေါ်နီနီလွင်နှင့် ဒေါ်ခင်သန်းဦးတို့က လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အလားတူ ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ခံဘုရားများ ပြုပြင်ရန် ရန်ကုန်မြို့ရှိ ရှေးဟောင်းယဉ်ကျေးမှု သုတေသနဌာနသို့ အလှူငွေကျပ်သုံးသိန်း၊ ပုဂံညောင်ဦးမြို့နယ် ငါ့သရောက်မြို့ မြနန္ဒာကျောက်ထီး စေတီတော်ပြုပြင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်းနှင့် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း (အင်းစိန်)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ မြို့နယ်အဆင့် ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**စစ်ကိုင်း ဇွန် ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ စစ်ကိုင်းမြို့နယ် ဦးစီးမှူးရုံးမှ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ မြို့နယ်အဆင့် ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း နောက်ခံအကြောင်းအရာနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်များနှင့် ပညာရေးဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ မသန်စွမ်းအကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအကြောင်းအရာများ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား အကြောင်းအရာများကို ဆွေးနွေးခြင်းဖြစ်သည့်အတွက် မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလေ့လာမှတ်သားရန် လိုအပ်ကြောင်း ပြောကြားသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ မြို့နယ်အဆင့် ဆင့်ပွားအလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၅ ရက်မှ ၆ရက်အထိ နှစ်ရက်ကြာ ကျင်းပဆွေးနွေးမည်ဖြစ်ပြီး ဖွင့်ပွဲသို့ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**မျိုးဝင်း(စစ်ကိုင်း)**



# အောင်လံမြို့နယ်တွင် မှုခင်းကျဆင်းရေးအသိပညာပေး

**အောင်လံ ဇွန် ၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မှုခင်းကျဆင်းရေး၊ ပြည်ပအလုပ်အကိုင်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အသိပညာများတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ကျင်းပသော မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မိုးကောင်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်က 'တရားဥပဒေစိုးမိုးရေးတွင် ပြည်သူများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ကြရန်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးစိုးညွန့်ဦးတို့က 'လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး'၊ 'မှုခင်းနှင့် သက်ငယ်မုဒိမ်းမှုကျဆင်းရေး'ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းသန်းဝေက 'မြန်မာ့ရိုးရာယဉ်ကျေးမှုအကြောင်း သိကောင်းစရာများ' အကြောင်းတို့ကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

**သိန်းလွင်(အောင်လံ)**

# စာမူရှင်များအား ဂုဏ်ပြု၊ စာအုပ်သစ်မိတ်ဆက်



**ရန်ကုန် ဇွန် ၅**

အသိပညာ အတတ်ပညာ မျှဝေခံစားခြင်းနှင့် စိမ်းလန်းသော လူမှုဘဝများဆီသို့ ဆောင်ပုဒ်နှင့်အညီ လောကသရဖူစာအုပ်တိုက်မှ ထုတ်ဝေသည့် စာအုပ်သစ်မိတ်ဆက်ခြင်းနှင့် လစဉ်စာပေဆွေးနွေးမှုတွင် ရွေးချယ်ခံ စာမူရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စာအုပ်သစ်များဖြစ်သော စာရေးဆရာ ကြူးနစ်၏ 'သမိုင်းတရားခံ ရှာတော်ပုံ'၊ စာရေးဆရာ မောင်ပေါ်ထွန်း၏ 'ငြိမ်းချမ်းရေးဗျူဟာ'၊ စာရေးဆရာ ရွှေမင်းဝန်ဦးဘုန်းမြင့်၏ 'တောရပုဂ္ဂိုလ်ကျော် သံဘိုဆရာတော်၏ စကားဆန်းပုံပြင်များ' စာအုပ်နှင့် 'နှုတ်တစ်ရာ စာတစ်လုံး'စာအုပ် စုစုပေါင်း လေးအုပ်တို့ကို မိတ်ဆက်ခဲ့ပြီး လစဉ် စာပေဆွေးနွေးမှုတွင် ရွေးချယ်ခံစာမူရှင်များဖြစ်သည့် စာရေးဆရာအောင်လွန်း၊ စာရေးဆရာကွန်းဇော်၊ စာရေးဆရာမ မယ်ဥဒါန်း(နတ်မောက်)တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

လောကသရဖူစာအုပ်တိုက်မှ သုတ၊ ရသစာပေများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာပေချစ်မြတ်နိုးသူများ စာဖတ်အားကောင်းလာစေရန်ရည်ရွယ်၍ စဉ်ဆက်မပြတ် ဆက်သွယ်မှုတစ်ခုအနေဖြင့် ယင်းစာအုပ်တိုက်မှ ထုတ်ဝေသည့် စာအုပ်များထဲမှ တစ်လလျှင် တစ်အုပ်ကျရွေးချယ်ကာ စာအုပ်တစ်အုပ်ချင်းစီ၏အကြောင်းကို စာပေချစ်သူများက ဝေဖန်ဆွေးနွေးအကြံပေးနိုင်သည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး စာပေဆွေးနွေးမှုတွင် ရွေးချယ်ခံရသော စာမူရှင်များကို လစဉ်ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ လစဉ်စာပေဆွေးနွေးမှုများတွင် ပထမအကြိမ် ဇန်နဝါရီလတွင် စာရေးဆရာအောင်သင်းရေးသားသည့် "အောင်သင်းအမေး သူတို့အဖြေ၊ ဒုတိယအကြိမ် ဖေဖော်ဝါရီလတွင် စာရေးဆရာကြူးနစ် ရေးသားသည့် "ဘိုးဘွားတို့အမွေ လေလွင့်ချိန်"၊ တတိယအကြိမ် မတ်လတွင် စာရေးဆရာမောင်ထင် ရေးသားသည့် "ရွှေးကောက်ပွဲဒဏ္ဍာရီ"၊ စတုတ္ထအကြိမ် ဧပြီလတွင် စာရေးဆရာကလောင်စုံ ရေးသားသည့် "လူငယ်နှင့်ငြိမ်းချမ်းရေး တန်ဖိုး"စာအုပ်တို့ဖြစ်ပြီး ယခုဇွန်လအတွက် ပဉ္စမအကြိမ်အဖြစ် စာရေးဆရာကလောင်စုံ ရေးသားသည့် "လူငယ်နှင့် ဘဝတန်ဖိုး"စာအုပ်ကို စာပေချစ်မြတ်နိုးသူများအနေဖြင့် ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ကမ္ဘောဇဘဏ်လီမိတက်အား စပိန်နိုင်ငံအခြေစိုက် Business Initiative Directions အဖွဲ့က ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၅**
စပိန်နိုင်ငံအခြေစိုက် Business Initiative Directions အဖွဲ့မှ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘောဇဘဏ်လီမိတက်အား တတိယအကြိမ်မြောက်အဖြစ် ပေးအပ်ချီးမြှင့်သည့် International Quality Summit Award (Diamond Category) ဆုပေးပွဲကို မေ ၂၉ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ Marriott Marquis ဟိုတယ် Ballroom ခန်းမ၌ ပြုလုပ်ရာ ကမ္ဘောဇဘဏ်လီမိတက် အကြီးတန်း အထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်နှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဖြိုးဌေးတို့က ဆုလက်ခံရယူကြကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာဦးညိုမြင့်က ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံ၏ ဦးဆောင်ပုဂ္ဂလိက ဘဏ်ကြီးအနေဖြင့် ဘဏ်ခွဲနှင့် ATM စက် အများဆုံး ဝန်ဆောင်မှုပေးနေရုံသာမက Digital Banking ဆိုင်ရာ အဆင့်မြင့် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာများဖြင့် အရည်အသွေးမြင့်မားစွာ ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၌ ငါးနှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ထားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အများဆုံးလှူဒါန်းဆောင်ရွက်ပေးထားကြောင်း ပြောကြားသည်။

Business Initiative Directions ၏ ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်တွင် ကမ္ဘောဇဘဏ်လီမိတက်သည် စံထားလောက်သော အရည်အသွေးများ၊ ခေါင်းဆောင်မှုများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများအတွက် ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် International Star Award for Quality (Gold Category) ဆုကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် World Quality Commitment Award (Platinum Category) ဆုကိုလည်းကောင်း ရရှိခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်မြောက် International Quality Summit Award (Diamond Category) ဆုကို ထိုက်တန်စွာဖြင့် ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် Total Quality Management များ တိုးတက်လာစေရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အဖွဲ့အစည်းကြီးဖြစ်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် စံထားလောက်သည့် ဘဏ်လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်းလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် နိုင်ငံတကာမှချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးစွမ်းဆောင်ရည်ဆုများစွာကို ရရှိထားပြီး ယခု ၂၀၁၇ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Asiamoney အဖွဲ့အစည်းမှ ချီးမြှင့်သည့် Best Bank in Myanmar ဆုနှင့် Best Commercial and Investment Bank ဆုတို့ကိုရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။ **(၀၁၀)**




## အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးနှင့်နည်းပြများ စည်းမျဉ်းဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဇွန် ၅**
ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးနှင့်နည်းပြများကို ပြန်လည်အသစ်ပြဋ္ဌာန်းပြီးဖြစ်သော စည်းမျဉ်းဆွေးနွေးပွဲ (REFEREE AND COACH RULES SEMINAR FOR SEAGAMES 2017)သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးဇော်လွင်နှင့်နည်းပြ ဦးညဏ်စိုးတို့သည် ဇွန် ၄ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်နှင့် ၎င်းတို့၏ မိသားစုများက ရန်ကုန်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်းသိရသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်နိုင်ရန် မေ ၁၇ ရက်မှ ၂၄ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ဂျပန်နိုင်ငံ KODOKAN ဂျူဒိုသိပ္ပံတက္ကသိုလ်မှ မစ္စတာဖူဂျီတာရှင်ရွှန်းက နေပြည်တော်နှင့်ရန်ကုန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဂျူဒိုအားကစားမောင်မယ်များကို အနီးကပ်ကြီးကြပ်ပြီး လိုအပ်ချက်များကို စနစ်တကျသင်ကြားထောက်ခံအားပေးမှုများကြောင့် ဂျပန်နိုင်ငံဆိုင်ရာဂျူဒိုအဖွဲ့ချုပ် (ALL JAPAN JODO FEDERATION) က ယခုလိုဖိတ်ကြားခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က ပြောကြားသည်။

စည်းမျဉ်းဆွေးနွေးပွဲကို ဇွန် ၅ ရက်မှ ၉ ရက်အထိ တိုကျိုမြို့တွင် ကျင်းပမည်ဖြစ်ရာ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အပြည်ပြည်ဆိုင်ရာ ဂျူဒိုအားကစားဒိုင်အဖွဲ့ဝင်များ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## ညောင်လေးပင်မြို့၌ ပိုင်ရှင်မဲ့သစ်ကားတစ်စီး သိမ်းဆည်းရမိ

**ညောင်လေးပင် ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက်တွင် ဇွန် ၅ ရက် နံနက်ပိုင်းက သစ်တင်ဆောင်လာသော ပိုင်ရှင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင် (၉၇/၂)နှင့် (၉၇/၃) အကြား ပွင့်ဦးစားသောက်ဆိုင်ရှေ့တွင် စူပါကာစတန်ယာဉ်သည် ပိုင်ရှင်မတွေ့ဘဲ ရပ်တန့်ထားရာ သတင်းအရ ညောင်လေးပင်မြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်လှိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးတင်စိုးနှင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်အတွင်း၌ ကျွန်းသစ်ခွဲသားဆိုက်စုံ ၁၀၂ ချောင်း (၁ ဒသမ ၄၄၆၈ တန်)သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ညောင်လေးပင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**

## ဘူးသီးတောင်မြို့နယ်တွင် ထိန်းသိမ်းထားရှိသော ကလေးသူငယ်တရားခံများစာရင်း

**နေပြည်တော် ဇွန် ၅**
၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် စပ်လျဉ်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မရင်းတောင်ခြေအနီး၌လည်းကောင်း၊ ဂွဆုံရွာအနီး၌လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လက်နက်နှင့်ဓားများ ကိုင်ဆောင်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံးထိခိုက်ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၃၃/၃၀၇ ဖြင့်လည်းကောင်း၊ လက်နက်များ (ယာယီပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)/၁၇(၂) ဖြင့်လည်းကောင်း အမှုများရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ် ဖမ်းဆီးခဲ့ပါသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးခဲ့ရာတွင် ဖမ်းဆီးရမိသူများအနက် အောက်ပါဇယားတွင် ဖော်ပြထားသည့် အသက် (၁၆) နှစ်အောက်အရွယ် ကလေးသူငယ်တရားခံခြောက်ဦး ပါဝင်ခဲ့ပါသည်-

| စဉ် | အမည် | အသက် | ကျေးရွာအမည် | ပုဒ်မ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မာမတ်ရော်ဖီး (ဖ) မာမတ်တာလောင် | (၁၃) နှစ်မှ (၁၅) နှစ်အတွင်း | ဇင်ပိုင်ညာကျေးရွာ | ၃၀၂/၃၃၃/၃၀၇/၃၄ ၁၉(က)၊၁၇(၁)/၁၇(၂) | ရောဂါဖြင့်သေဆုံး |
| ၂ | နိုဆီမူလ္လာ(ဖ) ဘော်လီမူလ္လာ | (၁၂)နှစ်မှ (၁၃) နှစ်အတွင်း | ကျားခေါင်းတောင်ရွာ | ၃၀၂/၃၄/၊၁၉(က)၊ ၁၇(၁)/၁၇(၂) | |
| ၃ | အဏ္ဏာဝါ(ဖ) အဒူဆလင် | (၁၂)နှစ်မှ (၁၃) နှစ်အတွင်း | ရေခပ်ချောင်း ခွဆုံကျေးရွာ | ။ | |
| ၄ | ယာဆိမ်း(ဖ) ရှောင်ရှူးအာလောင် | (၁၂)နှစ်မှ (၁၃)နှစ်အတွင်း | ။ | ။ | |
| ၅ | ဖဲလ်တူး(ခ)ဖဲလ်ရှူး (ဖ)ဆွေယောတူမိန်း | (၁၃)နှစ်မှ (၁၄)နှစ်အတွင်း | ။ | ။ | |
| ၆ | ဇာဖော့အာလောင် (ဖ)ရှော်ဘီရာမောက် | (၁၄)နှစ်မှ (၁၅) နှစ်အတွင်း | ရေခပ်ချောင်း ခွဆုံကျေးရွာ | ၃၀၂/၃၄/၊ ၁၉(က)၊ ၁၇(၁)/၁၇(၂) | |

အဆိုပါ ကလေးသူငယ် တရားခံခြောက်ဦးအား မောင်တောမြို့နယ် တရားသူကြီး၏ ထိန်းသိမ်းခွင့်ဖြင့် ဘူးသီးတောင်မြို့နယ်ရှိ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၌ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးနှင့်အညီ ထိန်းသိမ်းထားရှိခဲ့ပါသည်။

ထိုအတောအတွင်း ကလေးသူငယ်တရားခံ မာမတ်ရော်ဖီးသည် အစာအိမ်ရောင်ရောဂါခံစားနေရသဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် ဘူးသီးတောင်ဆေးရုံသို့ ဆေးဝါးကုသမှုခံယူစေခဲ့ကာ ၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် မြို့နယ်ဆရာဝန်ကြီးခွင့်ပြုချက်အရ ဆေးရုံမှဆင်းခဲ့ပြီး ၃၀ ရက် နံနက် ၉ နာရီတွင် ဒုတိယအကြိမ် အစာအိမ်ရောင်ရောဂါခံစားနေရသဖြင့် ဘူးသီးတောင်ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေရာမှ ဖေဖော်ဝါရီလ ၂ ရက် ညနေ ၆ နာရီခွဲတွင် ဆေးရုံကြီး၌ သေဆုံးသွားခဲ့ပါသည်။ ဆေးစာပြန်ကြားချက်အရနှလုံးတွင် အရည်စုခြင်းကြောင့် သွေးလန့်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

ကျန်ကလေးသူငယ်တရားခံ ငါးဦးအား ဘူးသီးတောင်မြို့နယ် ကလေးသူငယ်တရားရုံးတွင် ကလေးသူငယ်တရားသူကြီး ဦးဘသောင်းက အမှုစစ်ဆေးမှုကို ပွင့်လင်းမြင်သာစွာ စစ်ဆေးလျက်ရှိပါသည်။
**နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ**

# ထိုင်းနိုင်ငံ တာ့ခရိုင်တွင် မြန်မာအလုပ်သမားများ တင်ဆောင်လာသည့်ယာဉ်တိမ်းမှောက်

**ဘန်ကောက် မေ ၅**
မြန်မာအလုပ်သမား ၈၀ ကို တင်ဆောင်ကာ မဲဆောက်မှ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီး ဇွန် ၄ ရက်က တာ့ခရိုင်စစ်ဆေးရေးဂိတ်တွင် စစ်ဆေးရန်တားစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ထိုင်းအာဏာပိုင်များနှင့် ထိုင်းစစ်တပ်မှ လိုက်လံဖမ်းဆီးရာ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း ထိုင်းဘာသာဖြင့် ရေးသားထားသည့် အွန်လိုင်းသတင်းတွင် ဖော်ပြထားကြောင်း သိရသည်။


**တိမ်းမှောက်မှုဖြစ်ပွားသည့် ကုန်တင်ယာဉ်ကို တွေ့ရစဉ်။**

အဆိုပါ အလုပ်သမားများကို ဘန်ကောက်တွင် အလုပ်ကောင်းကောင်းရမည်ဆိုကာ မြန်မာအလုပ်သမားတစ်ဦးလျှင် ဘတ်ငွေ တစ်သောင်းနှုန်းဖြင့် ကားပေါ်တင်လာခဲ့ကြောင်း၊ တာ့ခရိုင်အတွင်းရှိ စစ်ဆေးရေးဂိတ်တွင် စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးရာ ယာဉ်တိမ်းမှောက်ခြင်း ဖြစ်ကြောင်း၊ မြန်မာသုံးဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ဆေးဝါးကုသမှုခံနေရကြောင်း၊ ထွက်ပြေးသူ ၂၀ အား ဖမ်းဆီးရမိပြီး ထွက်ပြေးပုန်းရှောင်နေသူများကို ထိုင်းစစ်တပ်က တောနင်း၍ ပိုက်စိပ်တိုက်ရှာဖွေနေကြောင်း၊ ဖမ်းဆီးခံရသည့် မြန်မာများမှာ မြန်မာပြည်တွင်းမှ ထိုင်းနိုင်ငံသို့ မြန်မာလူပွဲစားများမှ တစ်ဆင့် အထောက်အထားမဲ့ ဝင်ရောက်ပြီး အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရန် လူတစ်ဦးလျှင် ဘတ်ငွေတစ်သောင်းအထက် ပေးခြေလာရောက်သူများ ဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# သမိုင်းကြောင်းကိုပြောင်းပြန်လှန်ပစ်နိုင်ခဲ့တဲ့ရီးယဲလ်မက်ဒရစ်

မေလှသင်း
ရေးသားသည်



ယခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂျူဗင်တပ်ကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ယူပြီး သူတို့အသင်းအတွက် ၁၂ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားအဖြစ် ရယူသွားပါတယ်။ ဒီအောင်မြင်မှုဟာ ယေဘုယျကြည့်မယ်ဆိုရင် ချန်ပီယံလိဂ်ဖလား တစ်လုံးလို့သာ ထင်မြင်နိုင်ပေမယ့် တကယ်တမ်းကျ သမိုင်းအစဉ်အလာတစ်ရပ်ကို ချိုးဖျက်ပြနိုင်ခဲ့တဲ့ ဖလားလို့ ဆိုရပါမယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ရှုံး/ထွက် ပြန်ကန်ပွဲစဉ်ကနေ စတင်ယှဉ်ပြိုင်ခွင့်ရတဲ့အသင်းတွေကိုပါ ထည့်တွက်မယ်ဆိုရင် အသင်း ၇၈ သင်းလောက်က စတင်ယှဉ်ပြိုင်ပြီး အဲဒီကမှ တစ်ဆင့် ၃၂ သင်း အုပ်စုပတ်လည်၊ ၁၆ သင်းအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ် စသဖြင့် ယှဉ်ပြိုင်ပြီး အကုန်လုံး အိပ်မက်မက်နေကြတဲ့ ဒီဆုဖလားကြီးကို ရယူဖို့ ကြိုးစားပြရတာပါ။ သေချာတာကတော့ ချန်ပီယံလိဂ်လိုပြိုင်ပွဲတွေဟာ ကွာတားအဆင့်လောက်က စတင်ခက်ခဲလာပြီး အင်အားအတောင့်တင်းဆုံး လူစာရင်း၊ နည်းဗျူဟာပိုင်း အပြောင်းအလဲလိုသလို ပုံဖော်နိုင်မှုစတာတွေမရှိရင် အုပ်စုအဆင့်ကနေတောင် လွန်မြောက်ဖို့မလွယ်ပါဘူး။ ဒ့ါအပြင် သက်ဆိုင်ရာ လိဂ်အသီးသီးရဲ့ ပွဲကြပ်မှုအခြား ရှုံးထွက်ဖလားတွေရဲ့ အနေအထားကလည်း အချို့သော အသင်းတွေကို ချန်ပီယံလိဂ်ပြိုင်ပွဲမှာ "မြင်းကောင်းခွာလိပ်" အနေအထားကို ဆွဲခေါ်သွားတာမျိုးတွေလည်း ရှိပါတယ်။

ဥရောပတိုက်အတွင်းရှိ လိဂ်အသီးသီးရဲ့ ထိပ်တန်းအသင်းတွေသာ ယှဉ်ပြိုင်ကစားရတဲ့ ပြိုင်ပွဲဖြစ်တာကြောင့် မဲခွဲဆုံးဖြတ်မှုမှာ အသင်းကြီးအချင်းချင်း လာဆုံနေကြတာမျိုးလည်း ရှိတဲ့အတွက် တစ်ခါတစ်ရံ စောစောစီးစီး ရသအပြည့်ခံစားရပေမယ့် ပြိုင်ပွဲအရှိန် ပိုမိုမြင့်လာဖို့လိုအပ်ချိန်မှာ ရသပျက်သွားတာမျိုးလည်း ရှိတတ်ပြန်ပါတယ်။ ဆိုတာကတော့ ချန်ပီယံလိဂ်ဟာ တစ်ခါတစ်ရံ ထင်ထားတာထက် အနည်းငယ်ပိုလွယ်နေပြီး ရံဖန်ရံခါတော့ ပိုပြီးခက်နေတတ်ပြန်ပါတယ်။

၁၉၉၂ ခုနှစ်မှာ ချန်ပီယံလိဂ်လို့ အမည်ပြောင်းပြီးနောက် ဘယ်အသင်းကမှ လက်ရှိချန်ပီယံဘွဲ့ကို မကာကွယ်နိုင်ခဲ့တာဟာ ၂၅ နှစ် ကာလတိုင်ခဲ့ပါပြီ။ လက်ရှိ ချန်ပီယံအသင်းက ဗိုလ်လုပွဲတက်ရောက်နိုင်တာရှိခဲ့ဖူးပေမယ့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရတာချည်းပါ။ အေစီမီလန်၊ အေဂျက်စ်နဲ့ မန်ယူတို့ဟာ ၁၉၉၄နဲ့ ၁၉၉၅ခုနှစ်၊ ၁၉၉၅နဲ့ ၁၉၉၆ခုနှစ်၊ ၂၀၀၈နဲ့ ၂၀၀၉ခုနှစ်တွေမှာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့ အနီးစပ်ဆုံး အခြေအနေကို ရောက်ခဲ့ကြသေးပေမယ့် အေစီမီလန်က အေဂျက်စ်ကို ရှုံး၊ အေဂျက်စ်က ဂျူဗင်တပ်ကို ရှုံး၊ မန်ယူက ဘာစီလိုနာကို ရှုံးနိမ့်ခဲ့တဲ့အတွက် လက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်နိုင်ဖို့အခွင့်အရေးလက်မတင်လေးလွဲချော်သွားတာဖြစ်ပါတယ်။ မန်ယူအသင်းနောက်ပိုင်း လက်ရှိချန်ပီယံအသင်းတွေ ဗိုလ်လုပွဲအထိ ဘယ်အသင်းမှ တက်ရောက်နိုင်ခြင်းမရှိခဲ့တာဟာ ဆယ်စုနှစ် တစ်ခုနီးပါးကြာပြီးနောက်မှာတော့ ယခုတစ်ကြိမ်မှသာ လက်ရှိချန်ပီယံအသင်းက ဗိုလ်လုပွဲအထိ တက်ရောက်လာနိုင်ခဲ့တာပါ။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်း ဗိုလ်လုပွဲတက်ရောက်လာခြင်းအပေါ် စိတ်ဝင်တစား စောင့်ကြည့်မှုတွေ အရင်ကထက် ပိုများလာခဲ့ပြီး သမိုင်းကြောင်းပြန်လှန်ပစ်နိုင်မှုရှိ၊ မရှိဆိုတာနဲ့ ရီးယဲလ်မက်ဒရစ်အသင်း ဘယ်လိုရှုန်းအားတွေနဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားမလဲဆိုတာကို ကမ္ဘာတစ်ဝန်း မီဒီယာတွေက ရေးသားချက်အမျိုးမျိုးနဲ့ ခန့်မှန်းပုံဖော်ခဲ့ကြတာဖြစ်ပါတယ်။

နိုင်ငံရေးအသားပေးဖော်ပြလေ့ရှိတဲ့ ဗွီအိုအေလို သတင်းဌာနကတောင် ရီးယဲလ်မက်ဒရစ်နဲ့ ဂျူဗင်တပ်အသင်းသားတွေ ကာဒစ်မြို့ရောက်ရှိလာပုံ၊ နှစ်ဘက်အသင်း သားတွေ လေ့ကျင့်ခန်းဆင်းနေပုံတွေကို ဗီဒီယိုဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာ ဖော်ပြခဲ့ပါတယ်။ လက်ရှိဘောလုံးလောကမှာ ကျင်လည်နေတဲ့ ကစားသမားတွေနဲ့ အနားယူသွားကြတဲ့ ကစားသမားအများစုကတော့ အစဉ်အလာအတိုင်း ဆက်သွားရေးကို ပိုလိုလားပြီး ဂျူဗင်တပ်အသင်းကိုသာ ဗိုလ်စွဲစေချင်တဲ့ ဆန္ဒရှိခဲ့ကြတာကို တွေ့ရပါတယ်။ ဒါပေမယ့် ရီးယဲလ်ကစားသမားဟောင်းတွေဖြစ်တဲ့ ရောဘတ်တိုကားလို့စ်၊ ရာအူးလ်တို့ဟာ ရီးယဲလ်အသင်းကို လိုက်ပါ အားပေးခဲ့ကြတာကြောင့် ခါတိုင်းထက် အနည်းငယ်ထူးနေခဲ့တာကတော့ အမှန်ပါ။

တကယ်ကစားမယ့် အချိန်ကျရောက်လာချိန်မှာလည်း Black Eyed Peas အဖွဲ့ ဖျော်ဖြေမှုကြောင့် ကစားချိန် အနည်းငယ် နောက်ကျသွားတာ၊ ဒီပွဲကို တူရင်မြို့မှာ တိုက်ရိုက်ကြည့်ရှုနေတဲ့ ပရိသတ်တွေ ဗုံးလန့်ပြီး ထွက်ပြေးမှုကြောင့် လူ၁၀၀၀နီးပါး ဒဏ်ရာ ရရှိသွားတာစတဲ့ မထင်မှတ်ထားတဲ့ ဖြစ်ရပ်တွေလည်း ကြုံခဲ့ရပါသေးတယ်။ ခုတော့ ရီးယဲလ်ကတော့ အစဉ်အလာကို ချိုးဖျက်ပြီး သမိုင်းကြောင်းကို ပြောင်းပြန်လှန်ပစ်နိုင်ခဲ့ပါပြီ။ ရီးယဲလ်ဟာ ဂျူဗင်တပ်အသင်းကို လေးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်နဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းကို ကြည့်ရင် ဂိုးပြတ် ခြေပြတ်လို့ ထင်မြင်စရာ ရှိပေမယ့် တကယ်တမ်းကျတော့ ပွဲအစအဆုံး ခက်ခက်ခဲခဲ ကစားခဲ့ရတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဂျူဗင်တပ်အသင်းရဲ့ ပထမပိုင်း ကစားပုံဟာ ရီးယဲလ်ထက်သာလွန်ခဲ့တာကြောင့် ရီးယဲလ်အသင်းလည်း အေစီမီလန်၊ အေဂျက်စ်နဲ့ မန်ယူတို့လို ထပ်ကြုံရဦးမယ်ဆိုတဲ့ မှတ်ချက်တွေ ပထမပိုင်းပြီးဆုံးချိန် ၁၅မိနစ်အားလပ်ချိန်အတွင်း လူမှုကွန်ရက်စာမျက်နှာတွေပေါ် တောက်လျှောက်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းကတော့ ရီးယဲလ်ရဲ့ ပွဲဖြစ်သွားခဲ့ပြီး ပွဲချိန် ၆၁ မိနစ်နဲ့ ၆၄မိနစ်မှာ နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့ပြီးနောက်မှာ ပွဲကပြီးသလောက်ကို ဖြစ်သွားခဲ့ပါတယ်။ ဒီပွဲဟာ ကမ္ဘာ့ပရိသတ်မြောက်မြားစွာ စောင့်ကြည့်ခဲ့တဲ့ ပွဲဖြစ်တာကြောင့် ဘယ်အချိန်မှာ ဘယ်လိုကစားသွားတယ်၊ ဘယ်သူက ဂိုးသွင်းသွားတယ်ဆိုတာ အရှည်ကြီး ပြန်ရေးပြဖို့ မလိုတော့ပါဘူး။

ပွဲအပြီးမှာ ဒီပွဲရဲ့ သူရဲကောင်းဖြစ်ခဲ့တဲ့ စီရိုနယ်လ်ဒိုက နည်းပြ ဇီဒန်းရဲ့ ပထမပိုင်းပြီးဆုံးချိန် အဝတ်လဲခန်းအတွင်း ပြောကြားခဲ့တဲ့ တိုက်တွန်းစကားက ပွဲရဲ့အလှည့် အပြောင်းကို ဖန်တီးနိုင်ခဲ့တယ်လို့ ပြန်ပြောင်းပြောကြားခဲ့ပါတယ်။ မှန်ပါတယ်။ နည်းပြတစ်ဦးဟာ နည်းဗျူဟာချမှတ်မှု၊ ပွဲထွက်စာရင်း အပြင် အသင်းအတွက် လိုအပ်တဲ့ အချိန်မှာ အချိန်သိပ်မယူရတဲ့ စိတ်အားတက်ကြွစေမယ့် စကားမျိုး ပြောကြားပေးတတ်ဖို့လိုပါတယ်။အမှန်တော့ နည်းပြ တစ်ဦးရဲ့ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးပြီး ရထားခေါင်းပိုင်းကြီးလို နောက်တွဲကြီးတစ်ခုလုံးပါလာဖို့ ဦးဆောင်ရတဲ့သူပါ။

တကယ်ကွင်းထဲ ဝင်ကစားရတာက ကစားသမားတွေဖြစ်ပေမယ့် နည်းပြအပေါ် ယုံကြည်မှုအပြည့်နဲ့ လိုက်နာမှသာ ရလဒ်ကောင်းထွက်တယ်ဆိုတာကို ဘင်နီတက်ဇ်လက်အောက် ဒီကစားသမားအင်အားနဲ့ပဲ ရီးယဲလ် ကျရှုံးခဲ့တာကိုကြည့်ရင်သိနိုင်ပါတယ်။ ဇီဒန်းဟာ နည်းပြအတွေ့အကြုံ လောက်လောက်လားလားမရှိပေမယ့် သူကိုယ်တိုင် အန်စလော့တီလက်အောက် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်စဉ်ကာလကတည်းက ကစားသမားအများစုရဲ့ယုံကြည်မှု ရရှိခဲ့သူဖြစ်သလို သူ့ကို နည်းပြအဖြစ် ခန့်အပ်ခံရတဲ့ အချိန်ကစပြီး အသင်းရဲ့ အဝတ်လဲခန်းအတွင်း ယုံကြည်မှု ရရှိအောင် ပြန်လည် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ဘောလုံးရာသီကဖလားလက်မဲ့ ဖြစ်ခါနီးဆဲဆဲ ရီးယဲလ်ကို ချန်ပီယံလိဂ်ဖလားရရှိအောင် ဦးဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဇီဒန်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်မှာ နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် သူဟာအကောင်းဆုံးနဲ့ အတော်ဆုံး နည်းပြတစ်ဦး မဟုတ်ဘဲ အကောင်းဆုံးဖြစ်ချင်တဲ့ ဆန္ဒနဲ့သာ ဦးတည် မောင်းနှင်နေတဲ့သူလို့ ဆိုလိုက်ပါတယ်။ ဒ့ါအပြင်သူက လာလီဂါနဲ့ ချန်ပီယံလိဂ် ဖလားနှစ်လုံးကို တစ်ပြိုင်နက်ရယူနိုင်ဖို့ဆိုတာ မလွယ်ကူတာကြောင့် ယခုလို အောင်မြင်မှုမျိုး ဆက်ထိန်းထားနိုင်ဖို့ နောက်နှစ်ဘောလုံးရာသီအတွက် ဘယ်လိုပြင်ဆင်မလဲဆိုတာ အခုကတည်းက စဉ်းစားနေပြီလို့ ပြောကြားခဲ့ပါသေးတယ်။

ဇီဒန်းက အခုလို ပြောကြားခဲ့ပြီးနောက်မှ ရီးယဲလ်အသင်းရဲ့ ကစားသမားအဝင်အထွက် စာရင်းကို ပုံဖော်နေပြီး လက်ရှိကစားသမားထဲက ဂျိမ်းစ်ရို ဒရီဂွက်ဇ်၊ မိုရာတာ၊ ဒန်နီလိုနဲ့ ပီပီတို့ ထွက်ခွာဖို့ရှိနေတယ်၊ ဟာဇက်နဲ့ ဒီဂီယာတို့ လာရောက်ပူးပေါင်းဖို့ ရှိနေတယ်စသဖြင့် ခန့်မှန်းနေကြပါတယ်။ အစောပိုင်းကမိုနာကို လူငယ်တိုက်စစ်မှူး မက်ပီကို ရီးယဲလ်က ခေါ်မယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့် တကယ်တမ်းကျတော့ ဆယ်ကျော်သက်တိုက်စစ်မှူးလေးကို အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ခေါ်ပြီး နေရာပေးပဲ့မလား စဉ်းစားစရာရှိပါတယ်။ အချို့သတင်းတွေကတော့ ရီးယဲလ်ဟာ ဟာဇက်ကို လိုချင်တာကြောင့် ပေါင်သန်း ၁၀၀လောက် အသုံးပြုရမှာ ဖြစ်လို့ ငွေပြန်ရှာတဲ့အနေနဲ့ ဂါရတ်ဘေးလ်ကို ပြန်ထုတ်ရောင်းမယ်လို့ သတင်းထွက်နေပါတယ်။ ရီးယဲလ်ဟာ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ဘေးလ်ကို လူစားဝင်ကစားသမား အဖြစ်သာ အသုံးပြုခဲ့တာကြောင့် ဒီလိုသတင်းတွေကို ပိုပြီးကျယ်လောင်အားကောင်းစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘေးလ်ကတော့ သူဟာ ဆုဖလားတွေ အများကြီးရယူဖို့ ရီးယဲလ်မှာပဲ ဆက်ရှိမယ်လို့ ဆိုခဲ့တာကြောင့် ထွက်ဖို့သေချာတာက ပီပီ၊ ဂျိမ်းစ်နဲ့ မိုရာတာတို့လို့ပဲ ယေဘုယျခန့်မှန်းနိုင်ပါတယ်။

ရီးယဲလ်အသင်းဟာ ခုချိန်မှာတော့ စပိန်နိုင်ငံ မက်ဒရစ်မြို့ တော်ဆီကို ပြန်လည်ရောက်ရှိသွားပြီဖြစ်ပြီး ထောင်ပေါင်း များစွာသော ပရိသတ်တွေက သူတို့အသင်းရဲ့ သမိုင်းကို ပြောင်းလဲနိုင်ခဲ့မှုကို အကြီးအကျယ် ဂုဏ်ပြုခဲ့ကြပါတယ်။ သမိုင်းဆိုတာ ပြင်ဖို့ခက်ပေမယ့် ကောင်းသော ပြောင်းလဲခြင်းကို ပုံဖော်နိုင်ခြင်းက ကြီးမားတဲ့အောင်မြင်မှုပါ။ အသင်းပေါင်းမြောက်မြားစွာ၊ ကစားသမားပေါင်း မြောက်မြားစွာ၊ နည်းပြပေါင်း မြောက်မြားစွာတို့က ချွေးစက်တွေ၊ မျက်ရည် စက်တွေ၊ ခွန်အားတွေအများကြီးနဲ့ သမိုင်းကြောင်းကို ပြောင်းလဲဖို့ နှစ် ၂၀ကျော်ကြာ ကြိုးပမ်းခဲ့ကြတာပါ။ ကမ္ဘာ့ထိပ်တန်းနည်းပြအဖြစ် သတ်မှတ်ခံထားရတဲ့ ဂွါဒီယိုလာ၊ မော်ရင်ဟို၊ အန်စလော့တီတို့လည်း ကြိုးပမ်းခဲ့ကြပြီးပါပြီ။ ဒါပေမယ့် သူတို့လက်ထက်မှာ မအောင်မြင်ခဲ့တဲ့ ကိစ္စရပ်ကို အများစုက ဘာအတွေ့အကြုံမှမရှိတဲ့ နည်းပြအဖြစ် အထင်သေးခဲ့တဲ့ နည်းပြတစ်ဦးက ပြောင်းလဲပစ်နိုင်ခဲ့ တယ်ဆိုခြင်းက ဒီမှတ်တမ်းရဲ့နောက်ထပ် ထူးခြားတဲ့ ဝိသေသတစ်ရပ်လို့ ဆိုရပါမယ်။ အချိန်ကာလတွေ ဘယ်လောက်ပဲပြောင်းပြောင်း သမိုင်းဆိုတာ မှတ်တမ်းအဖြစ် ကျန်ရှိမှာဖြစ်တာကြောင့် မှတ်တမ်းကိုပြန်ပြောင်းကြည့်လိုက်ချိန်တိုင်း နည်းပြဇီဒန်းနဲ့ ရီးယဲလ်မက်ဒရစ် အသင်းသားတွေ အဓိက ဇာတ်ကောင်အဖြစ် ပါဝင်နေဦးမယ်ဆိုတာကတော့ သေချာပါတယ်။

## မောင်တောမြို့နယ်၌ ရာအိမ်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇွန် ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာမှ ရာအိမ်မှူးတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းတွင် လူတစ်စုက သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ရွာသစ်ကေကျေးရွာနေ ရာအိမ်မှူး နူရ်အာမိန်သည် ယမန်နေ့ နံနက် ၃ နာရီခန့်က ဇနီးဖြစ်သူ မဂျာမာ၊ အစ်ကိုဖြစ်သူ ရှော့ပူစ်လစ်တို့နှင့်အတူ နေအိမ်၌ အိပ်ပျော်နေစဉ် တုတ်၊ ဓားများကိုင်ဆောင်ထားသူ လူ ၁၅ ဦးခန့်က နေအိမ်အတွင်း ဝင်ရောက်ကာ နူရ်အာမိန်အား ဖမ်းဆီးခေါ်ဆောင်ပြီး ၎င်း၏ အစ်ကိုဖြစ်သူ ရှော့ပူစ်လစ်အား ဝိုင်းဝန်းရိုက်နှက်ထားကြောင်း သိရသည်။

နူရ်အာမိန်၏ ဇနီးဖြစ်သူက သက်ဆိုင်ရာသို့ တိုင်တန်းသဖြင့် ဖမ်းဆီးခံရသူ နူရ်အာမိန်အား လိုက်လံရှာဖွေရာ ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရွာသစ်ကေကျေးရွာ၏ တောင်ဘက် ပုစွန်ကန်အနီး၌ ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ် ကျီးကန်းပြင်အလယ်ရွာမှ ရွာသားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် ဇွန် ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင် အလယ်ရွာမှ ရွာသားတစ်ဦးသည် မေ ၂၇ ရက် ညနေပိုင်းက နေအိမ်မှထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ကျီးကန်းပြင် အလယ်ရွာနေ မာမောက်တာဟဲရ်သည် မေ ၂၇ ရက် ညနေ ၆ နာရီခန့်က နေအိမ်မှ ထွက်သွားရာ ပြန်ရောက်လာခြင်းမရှိသဖြင့် မိခင်ဖြစ်သူက ပြင်ဖြူနယ်မြေစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒီးမော့ဆိုမြို့နယ်တွင် ယာဉ်တိမ်းမှောက်မှု ဖြစ်

**ဒီးမော့ဆို မေ ၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ စက်မှုလယ်ယာဦးစီးဌာနရုံးရှေ့၌ ရှေ့မှ မောင်းနှင်နေသော ဆိုင်ကယ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် လွိုင်ကော်-ဒီးမော့ဆို မိုင်တိုင်အမှတ် (၁၂၂/၅)နှင့် (၁၂၂/၆) ကြား၌ ယာဉ်မောင်း သီဟအောင် မောင်းနှင်လာသော ယာဉ်အမှတ် 1k/----SURF နက်ပြာရောင်ယာဉ် (လိုင်စင်စိစစ်ဆဲ)သည် ရှေ့မှ မောင်းနှင်နေသော ဆိုင်ကယ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် တိမ်းမှောက်သွားပြီး ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူ ငြိမ်းထွန်းလတ်တို့ ထိခိုက်ဒဏ်ရာ မရရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သီဟအောင်အား ဒီးမော့ဆိုမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတွင် ပေါ့ဆမီးကြောင့် လူနေအိမ်များ မီးလောင်



**ပဲခူး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၂) နယ်မြေရဲစခန်းအပိုင် ကျွန်းသာယာ ရပ်ကွက် ရွှေသာလျောင်းလမ်းမဘေး၌ ဇွန် ၅ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်စတီး(၆၅)နှစ်သည် ဝါတွင်း ဥပုသ်သည်များအတွက် နေအိမ်နောက်ဖေး မီးဖိုချောင်တွင် ထမင်းချက်ရာမှ မီးသွေးဖိုအနီးရှိ ပျဉ်နံရံအား မီးစတင်လောင်ခဲ့သဖြင့် ၎င်းတစ်ဦးတည်း မီးငြိမ်းသတ်စဉ် မနိုင်တော့ဘဲ ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့ရာ ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့က ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ခဲ့သဖြင့် မီးအား ပေါ့ဆစွာ အသုံးပြုသူ ဒေါ်စတီးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# မိုးဘဏ်ချေးငွေကိုယ်စားလှယ်သုံးဦး ဘဏ်ချေးငွေမဆပ်၍ တိုင်ကြား

**နတ်တလင်း ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးဟန်ညွှန့်က မြို့နယ်ဘဏ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထုတ်ချေးပေးသည့် ၂၀၁၆ ခုနှစ် မိုးဘဏ်ချေးငွေကို ချဉ်ယုတ်ကွင်းကျေးရွာအုပ်စု မိုးဘဏ်ချေးငွေအုပ်စု ကိုယ်စားလှယ် ဦးတင်ဝမ်း(၄၇)နှစ် လယ်လုပ်သူက လူဦးရေ ၂၁ ဦး ငွေချေးဧက ၂၀၅ ဧကအတွက် ဘဏ်ချေးငွေကျပ် ၁၀၇၅၀၀၀၀ အား ချေးငွေအဆိုပြုလွှာ လိမ်လည်တင်ပြ၍ ချေးငွေစာချုပ်လိမ်လည်ချုပ်ဆိုကာ ထုတ်ယူချေးခဲ့ပြီး ယနေ့အထိ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဥပဒေအရ အရေးယူပေးပါရန် ဇွန် ၃ ရက် ရက်စွဲဖြင့် တိုင်စာပေးပို့တိုင်ကြားရာ မြို့မရဲစခန်း၏ (ပ)၄၂၀/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀/၄၆၈ ဖြင့် ဒုရဲအုပ် ညီထက်အောင်က ဦးတင်ဝမ်းအား ဖမ်းဆီးစစ်ဆေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မုံရွာကြီးအုပ်စုမှ မိုးဘဏ်ချေးငွေအုပ်စု ကိုယ်စားလှယ် ဦးသိန်းလွင်(၄၈)နှစ် လယ်လုပ်သူက လူဦးရေ ၁၆ ဦးငွေချေးဧက ၁၅၇ ဧကအတွက် ဘဏ်ချေးငွေကျပ် ၂၃၅၅၀၀၀၀ အား ချေးငွေအဆိုပြုလွှာလိမ်လည်တင်ပြပြီး ထုတ်ချေးရာ ယနေ့အထိ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းရာ မြို့မရဲစခန်း၏ (ပ)၄၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် ဒုရဲအုပ်အောင်မျိုးသိန်းက ဦးသိန်းလွင်အား ဖမ်းဆီးစစ်ဆေးရန်ရှိကြောင်း၊ သာယာကုန်းကျေးရွာအုပ်စု ကျီးပင်ဆင်ခေါင်းရွာ မိုးဘဏ်ချေးငွေအုပ်စု ကိုယ်စားလှယ် ဦးကြည်ခိုင်(၅၀)နှစ် လယ်လုပ်သူက ဦးရေ ၃၃ ဦး ချေးငွေဧက ၃၁၁ ဧကအတွက် ဘဏ်ချေးငွေကျပ် ၄၆၆၅၀၀၀၀ အား ချေးငွေအဆိုပြုလွှာလိမ်လည်တင်ပြ၍ စာချုပ်ချုပ်ဆိုကာ ချေးငွေထုတ်ယူခဲ့ရာ ယနေ့အထိ ပြန်လည်ပေးဆပ်ခြင်း မရှိသဖြင့် မေ ၃ ရက် ရက်စွဲဖြင့် မြို့မရဲစခန်း၏ (ပ)၄၁၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် ရဲအုပ်ခင်မောင်ဝင်းက ဦးကြည်ခိုင်အား အမှုဖြင့် ဖမ်းဆီးစစ်ဆေးရန် ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဝ၇၁)**

### အာစရိယ ပူဇော်ပွဲဖိတ်ကြားလွှာ

ဆရာကြီး/ ဆရာမကြီးများခင်ဗျား............

၁၉၈၄- ၁၉၉၄ ဆေးတက္ကသိုလ်၊ မန္တလေးတွင် ပညာသင်ကြားခဲ့သော တပည့်များမှ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး/ဆရာမကြီးများ အကန်တော့ခံကြွရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်၊ တနင်္ဂနွေနေ့။
အချိန် ။ ။ နံနက် (၉) နာရီမှ (၁၂) နာရီ။
နေရာ ။ ။ အောင်ပင်လယ်ခန်းမ၊ ဆေးတက္ကသိုလ်၊ မန္တလေး။

မှတ်ချက်

အကန်တော့ခံ ဆရာကြီး/ဆရာမကြီးများအတွက် မန္တလေးသို့ အသွားအပြန် (အဖော်တစ်ဦးပါ) လေယာဉ် နှင့် တည်းခိုနေထိုင်ရန် ဟိုတယ်စီစဉ်လိုပါသောကြောင့် စာရင်းပေးနိုင်ပါရန်အတွက် ကြိုတင်၍သတင်းစာထဲမှ ဖိတ်ကြားခြင်းဖြစ်ပါသည်။ ဖိတ်စာများကို တပည့်များကိုယ်တိုင် လာရောက်ပေးပို့ဖိတ်ကြားမည်ဖြစ်ပါသည်။
ဒီဇင်ဘာလ (၂၃) ရက်နေ့ ၊ ရန်ကုန် - မန္တလေး နံနက်လေယာဉ်
ဒီဇင်ဘာလ (၂၅) ရက်နေ့ ၊ မန္တလေး - ရန်ကုန် နေ့လည်လေယာဉ်

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ကပ်မိမိ 09 977844495, ပပဝါ 092032400, ဝေဝေရှင် 09 5500155
နေဝင်း 09 400025459, အောင်နိုင်ဝင်း 09 2038769, စိုးသူအောင် 09 5124281
အေးအေးဟန် 09 2000299, ဥမ္မာမြင့် 09 5140977

### ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ အလက(ခွဲ) ထရော်ကွဲလမ်း၊ ပဋ္ဌမတန်းကျောင်းသူ မဇွန်ဘရဏီကျော်၏ ဖခင်အမည်မှန်မှာ ဦးအေးရွှေ[၁၄/မအပ(နိုင်) ၀၃၅၀၄၉] ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁ထူပါရုံ၊ မြေကွက်အမှတ်-၇၄၃/ခ၊ မြေကွက်တည်နေရာအမှတ်-၇၄၃/ခ၊ ထူပါရုံ ၁စလမ်းအနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်စိန် -ISN-၄၄၅၉၆၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ တရားလို ဦးကျော်ဟန်မိုးမှ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂ဖြင့် တရားပြိုင်ဒေါ်စိန်အား ပဋိညာဉ် အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၄-၃-၂၀၁၇ရက် စီရင်ချက်အနိုင်ဒီကရီနှင့် ၂၀၁၆ခုနှစ်တရားမဇာရီမှုအမှတ်-၂၆အမိန့်နှင့် ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်သင်းသင်းလှိုင်[၁၂/ဒလန (နိုင်)၀၃၆၉၄၄]မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တရားနိုင်၏ မိဘများ နေထိုင်ခြင်းအတွက် တရားနိုင်ကိုယ်တိုင်မှ ဝန်ခံကတိတင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သင့်သွေးဖြင့်အသက်ကယ်ပါ

### လူပျောက်ကြော်ငြာ

ပြင်ဦးလွင်မြို့၊ ရေချမ်းအိုး(မြောက်)၊ ရပ်ကွက် (၁၂)၊ အမှတ်(၁၀၄)နေ ဦးသန်းဌေး-ဒေါ်နန်းဆိုင်ဟန်တို့၏သမီး မနွယ်နီခိုင်သည် ၂၆-၅-၂၀၁၇ ရက် ညနေ ၄ နာရီခန့်တွင် နေအိမ်မှ လူကြီးများမသိအောင် ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားသူများ၊ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ (ကျေးဇူးဆပ်ပါမည်။)

**ဦးသန်းဌေး၊ ဖုန်း-၀၉- ၄၂၈၃၂၃၀၅၈၊ ၀၈၅-၂၉၁၄၂**



## ကလေးသူငယ်များယဉ်ကျေးလိမ္မာရှိစေရေး ဓမ္မစကူး ဖွင့်လှစ်

**နေပြည်တော် ဇွန် ၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူနယ်မြေ အတွင်းရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၏ စတုတ္ထအကြိမ်မြောက် ဓမ္မစကူးကျောင်းတော်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဓမ္မဝိဇိတာဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကဝိန္ဒ (ဂန္ထဝါစကပဏ္ဍိတ)က ကျောင်းသားမိဘများနှင့် ဓမ္မစကူးကျောင်းတော်ကို တက်ရောက်သင်ကြားကြမည့် ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၅၅၀ တို့အား ဩဝါဒကထာ မိန့်ကြားတော်မူသည်။

အဆိုပါ ဓမ္မစကူး ကျောင်းတော်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆရာ၊ ဆရာမ ၂၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဓမ္မစကူးကျောင်းသား၊ ကျောင်းသူလေးများအတွက် အပတ်စဉ် ကုသိုလ်ရှင်များက အာဟာရဒါနများ လှူဒါန်းလျက်ရှိကြောင်းနှင့် ပါဝင်လှူဒါန်းချင်သူများအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန့်မောင်**

## မင်းကွန်းဘက်သို့ နိုင်ငံတကာခရီးသွားဧည့်သည်သွားလာမှု နည်းပါး၍ ရေယာဉ်ပြင်ဆင်သည့်လုပ်ငန်းများပြုလုပ်

**မန္တလေး ဇွန် ၅**
ရာသီဥတုပူပြင်းသည့်ကာလ ဧပြီလနောက်ပိုင်းတွင် မင်းကွန်းဘက်သို့ နိုင်ငံတကာခရီးသွားဧည့်သည်လာရောက်မှု နည်းပါးသွားသည်။ လက်ရှိကာလ ဇွန်လဆန်းပိုင်းအထိ မင်းကွန်းသွား ခရီးသွားဧည့်သည် နည်းပါးသည့်အတွက် ရေယာဉ်များပြင်ဆင်သည့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။ နှစ်စဉ်နှစ်တိုင်း ခရီးသွားဧည့်သည်ပါးသည့်အချိန်တွင် ရေယာဉ်ပြင်ဆင်ခြင်းများပြုလုပ်ကြကြောင်း မင်းကွန်းဘက်သွား ရေယာဉ်မောင်းသူတစ်ဦးက ရှင်းပြသည်။

နှစ်စဉ်နှစ်တိုင်း ဩဂုတ်လမှစတင်ကာ မင်းကွန်းဘက်သို့ နိုင်ငံတကာခရီးသွားဧည့်သည် သွားလာမှုများကြသည်။ မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များမှာ မန္တလေး၊ ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် မရမ်းခြံဆိပ်မှတစ်ဆင့် မင်းကွန်းဘက်သို့ ရေယာဉ်များဖြင့် သွားလာကြသည်။ များအားဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုနိုင်စေရန် လှပစွာတည်ဆောက်ထားသော ရေယာဉ်များဖြင့်စနစ်တကျ စီမံပေးထားသည်။

စင်းလုံးငှားမော်တော်ရေယာဉ်များ၏ ခရီးစဉ်များတွင် မန္တလေး-မင်းကွန်း၊မန္တလေး-မင်းကွန်း-စစ်ကိုင်း-မန္တ လေး -အင်းဝ၊ မန္တလေး-ပုဂံ-မန္တလေး ပြည်-မန္တလေး-ကျောက်မြောင်း၊ မန္တလေး-ဗန်းမော်အဖြစ် သတ်မှတ်ပြေးဆွဲကြောင်း သိရသည်။ အများစုသော စင်းလုံးငှားရေယာဉ်များမှာ ခရီးဝေးထက် ခရီးနီးဖြစ်သော မန္တလေး-မင်းကွန်းကို အဓိကထားပြေးဆွဲကြသည်။ စင်းလုံးငှားမော်တော်ရေယာဉ် မန္တလေး-မင်းကွန်းခရီးစဉ်တွင် လူငါးဦးအတွက်ဈေးနှုန်းတစ်မျိုးနှင့် လူ ၁၀ ဦးအထက်တွင် ဈေးနှုန်းတစ်မျိုး လူဦးရေပေါ်မူတည်ကာ ယူကြသည်။

လက်ရှိကာလတွင် မင်းကွန်းဘက်သို့ သွားလာသည့်နိုင်ငံတကာခရီးသွားဧည့်သည်နည်းပါးသည့်အတွက် အချို့သော ရေယာဉ်များကို ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ခရီးသည်ပါးချိန်တွင်ရေယာဉ်လုံလောက်သဖြင့် ပြင်ဆင်မှုအပိုင်းကို အားထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တိရစ္ဆာန်ဉယျာဉ်(မန္တလေး)အခမဲ့ဝင်ခွင့်ပြု

**မန္တလေး ဇွန် ၅**
၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ဦးဆောင်မှုဖြင့် မန္တလေးအောင်မြေသာစံမြို့နယ် (၁၂) လမ်းရှိတိရစ္ဆာန်ဉယျာဉ် (မန္တလေး)တွင် ဇွန် ၅ ရက်က အခမဲ့ဝင်ရောက် ကြည့်ရှုခွင့်ပြုသည်။

တိရစ္ဆာန်ဉယျာဉ်(မန္တလေး)တွင် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ကျေးငှက်များ၊ မြင်းကျား၊ ခြင်္သေ့၊ ဝက်ဝံ၊ ဆင်၊ ဆိတ်၊ သမင်၊ ဒရယ်၊ ရေမြင်း၊ မြင်းပု၊ ကျား၊ မျောက်၊ လူဝံ၊ သားပိုက်ကောင်၊ ဒေါင်းအပါအဝင် ရှားပါးတိရစ္ဆာန်ကောင်ရေ ၅၀၀ ကျော်ပြသထားသည်။ တိရစ္ဆာန်များတွင် မြန်မာနိုင်ငံအပါအဝင်အာရှ၊ အာဖရိကမျိုးရင်းများပါဝင်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဇွန် ၅ ရက်က မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလျက်ရှိပြီး ယခုနှစ်ဆောင်ပုဒ်မှာ 'ကမ္ဘာတစ်ခွင်သာယာလှပစေဖို့ သဘာဝကိုထိန်းသိမ်းစို့' ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## ဆန်းသစ်တီထွင်ပြင်သစ်အထိအတွေ့အစီအစဉ်များ မန္တလေးအမျိုးသားဇာတ်ရုံတွင်တင်ဆက်

**မန္တလေး ဇွန် ၅**
ပြင်သစ်ယဉ်ကျေးမှုဌာနက ဆန်းသစ်တီထွင်ပြင်သစ်အထိအတွေ့အစီအစဉ်များ (LA FRENCH TOUCH) အား ခေတ်နှင့်အမီလိုက်နေသော



ယဉ်ကျေးမှုပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းနေသည့်မြို့ကြီးများတွင် နည်းပညာအသစ်အဆန်းများအား တင်ဆက်မှုများပြုလုပ်လျက်ရှိရာ ဇွန် ၄ ရက် မွန်းလွဲ ၃ နာရီ၊ ညနေ၅ နာရီနှင့် ည ၇ နာရီတို့ တွင် မန္တလေးအမျိုးသားဇာတ်ရုံ၌ Non Nova အဖွဲ့၏ 'နွေဦးလေ၏ နေ့လယ်ခင်းပထမပိုင်း' ဖျော်ဖြေပွဲ ကျင်းပခဲ့သည်။

နွေဦးလေရူးအဝှေ့တွင် အရုပ်ဆရာနှင့် ပလတ်စတစ်အိတ်ဖြင့်ပြုလုပ်ထားသော အရုပ်ကလေးများ ကပြလွင့်မျောကြသည့် ကဗျာဆန်ဆန် ဆန်းသစ်လှသည့် အကတင်ဆက်မှုအား ခံစားကြရသည်။

ဇာတ်စင်ထက်တွင် စားပွဲတင်ပန်ကာများ အစီအစဉ်တကျဖွင့်ထားပြီး ရုပ်သေးဆရာနှင့် ဒါဇင်ချီသည့်ပလတ်စတစ်ရုပ်ကလေးများ နွေဦးလေရူးအဝှေ့တွင် ကဗျာဆန်ဆန်ကပြ လွင့်မျောကြသည်။ နွေဦးလေအား ဇာတ်စင်ပေါ်ရှိပန်ကာလေများဖြင့် ဖန်တီးထားပြီး အရုပ်ကလေးများအား ကြွပ်ကြွပ်အိတ်များဖြင့်ပြုလုပ်ထားသည်။ အရုပ်ဆရာနှင့် အရုပ်လေးများမှာ Debussy ၏ နာမည်ကျော်ဂန္ထဝင်ဂီတနှင့်ပရိသတ်များ၏ စိတ်နှလုံးကို ကြည်နူးဖွယ်သက်ဝင်လှုပ်ရှားကပြကြသည်။ Non Nova အဖွဲ့ကို ပြင်သစ်နိုင်ငံနန့်မြို့တွင် တည်ထောင်ခဲ့ပြီး လေပေါ်လွင့်မျောမှုဆိုင်ရာအနုပညာဖြင့် ကမ္ဘာ့နိုင်ငံများသို့ လှည့်လည်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## စတော့ဈေးကွက်နှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဟောပြောဆွေးနွေး



**မန္တလေး ဇွန် ၅**
ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စတော့ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဟောပြောဆွေးနွေးပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့် (၃၄) လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ငွေကြေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်က အရင်းအနှီးဈေးကွက် ဥပဒေရေးရာနှင့် အခြေခံအဆောက်အအုံများအကြောင်းကိုလည်းကောင်း၊ ရန်ကုန်စတော့အိတ်ချိန်းအမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက စတော့အိပ်ချိန်း ရင်းနှီးမြှုပ်နှံမှု သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထိုနောက် ဦးသက်ထွန်းဦးက ဦးဆောင်၍ငွေကြေးသက်သေခံ ကုမ္ပဏီများဖြစ်သည့် KBZ ဘဏ်မှရင်းနှီးမြှုပ်နှံမှု အကြံပေးဦးမာတင်၊ AYA မှ ဒုတိယဥက္ကဋ္ဌ ဦးဖုန်းသက်ဦး၊ CB ဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းဟန်၊ မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီမှ လက်ထောက်မန်နေဂျာဦးမျိုးကျော်စွာတို့က စတော့ရင်းနှီးမြှုပ်နှံမှုမှ ရရှိနိုင်မည့်အကျိုးအမြတ်များ၊ စတော့ရှယ်ယာဝယ်ယူနည်းများ၊ စတော့ရောင်းဝယ်ရာတွင်သိသင့်သိထိုက်သည့်များ၊ စတော့ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အနာဂတ်အလားအလာများဟောပြောဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် ငွေကြေးသက်သေခံ ကုမ္ပဏီများက ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လိုသူများ အားဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတက်ရောက်

**မြစ်ကြီးနား ဇွန် ၅**
ဇွန် ၅ ရက်တွင် ကျရောက်သည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော" တို့ကမ္ဘာမြေတစ်ခွင် သာယာလှစေဖို့ သဘာဝကိုထိန်းသိမ်းစို့" (Connectinm People To Nature)နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြစ်ကြီးနားပညာရေးကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည့် အရပ်ဘက်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သတင်းမီဒီယာများမှ ဖိတ်ကြားထားသူများ အင်အား ၃၀၀ ကျော် တက်ရောက်၍ အခမ်းအနားအပြီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ်ပြခန်းငယ်အား တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သူရိန်စိုး**



## လားရှိုး၌ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**လားရှိုး ဇွန် ၅**
လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားဝတ္တကမြေ၌ ဇွန် ၅ ရက် နံနက် ၇ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးချုပ်ခင်လှိုင်၊ ဒုတိပြည်နယ်အုပ်ချုပ်ရေးမှူးဦးမြင့်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသိန်းငွေးတို့က ပျိုးပင်များကိုဖြန့်ဝေပေးရာ ပညာရေးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့က လက်ခံရယူခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့်ဇနီး၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ တွဲဖက်ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား ကျောင်းသူများနှင့် အခြားဖိတ်ကြားထားသောဧည့်သည်တော်များ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် မိုးရာသီ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်၌ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ယခုနှစ်မိုးရာသီတွင်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများသို့ ငါးသားပေါက်များ စိုက်ထည့်သွားမည်

**မုံရွာ ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးရာသီတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ ၁၉ သိန်းကို စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ သဘာဝမြစ်ချောင်းများ အတွင်းသို့ စိုက်ထည့်မည့် ငါးမျိုးများဖြစ်သော ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမနှင့်ငါးကြင်း ငါးမျိုးကောင်ရေ ၁၉ သိန်းအား ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက် စခန်းများဖြစ်သော ရွှေဘိုစခန်း၊ ရေဦးစခန်းနှင့် ထီးချိုင့်မြို့နယ် အင်ကြင်းကုန်း ငါးသားဖောက်စခန်းနှင့် တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းများမှ ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘာဝမြစ်ချောင်းတွေထဲကငါး သယံဇာတတွေ ထုတ်ယူစားသုံးသလို၊ ထပ်မံမျိုးထည့် စိုက်ထုတ်မွေးမြူမှ ရေရှည်စားသုံးနိုင်မှာပါ။ အဲဒါကြောင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူတွေ ငါးစားသုံးမှု ဖူလုံစေရေးနဲ့ ရေရှည်စားသုံးနိုင်ရေးအတွက် မြို့နယ်အလိုက်ရှိတဲ့ သဘာဝမြစ်ချောင်းနဲ့ ဆည်တမံတွေထဲကို နှစ်စဉ်မိုးရာသီတွေမှာ ငါးမျိုးတွေစိုက်ထည့်ပေးတာပါ" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ချောင်းများထဲသို့ ငါးမျိုးစိုက်ထည့်မည့် အစီအစဉ်အဖြစ် ချင်းတွင်းမြစ်အတွင်းသို့ မုံရွာမြို့နယ်တွင် ငါးသားပေါက်ကောင်ရေ ခြောက်သိန်း၊ ချောင်းဦးမြို့နယ်တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ကသာ၊ ရွှေဘို၊ ထီးချိုင့်နှင့်မြောင်မြို့များတွင် ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၁ သိန်း၊ ကလေးမြို့နယ်တွင် မြစ်သာမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ၁၉ သိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မိုးမောက်မြို့၌ ကျင်းပ

**မိုးမောက် ဇွန် ၅**
ကချင်ပြည်နယ် မိုးမောက်မြို့ အောင်သာကုန်းကျေးရွာအလကခွဲကျောင်းအတွင်း၌ ဇွန် ၅ ရက် နံနက် ၈ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က စိုက်ပျိုးရန်ပျိုးပင်များကို အမျိုးသမီးရေးရာဥက္ကဋ္ဌအား ပေးအပ်ခြင်း၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းမင်းအေးနှင့်နယ်စပ်ဒေသ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က စိုက်ပျိုးရန်ပျိုးပင်များကို တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများ၊ ကျောင်းသူကျောင်းသားများကို ဖြန့်ပေးကာတပျော်တပါးစိုက်ပျိုးခဲ့ကြသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ခရေ၊ သဘော်တည်၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ ကံ့ကော်၊ ငုရွှေဝါပျိုးပင် စုစုပေါင်း အပင် ၇၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(လွန်းနန်းထွေး)**

# မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်လုပ်ခြင်း နည်းပညာအသုံးချသင်တန်းဖွင့်လှစ်

**ပျော်ဘွယ် ဇွန် ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်လုပ်ခြင်းနည်းပညာအသုံးချသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲ အခမ်းအနားကို



ဇွန် ၅ ရက်နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အခြေခံရေတိုင်းနှင့်မြေတိုင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

ယင်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူစောက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ခေတ်မီ Auto Level သင်ကြားပြသခြင်းအပြင်ခေတ်မီ Total Station NIVO 2M+ နှင့် ချိတ်ဆက်ကာ အသုံးချမြေပုံထုတ်လုပ်နိုင်သည်အထိ စူးစမ်းလေ့လာရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင်များက ဇွန် ၅ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မန္တလေး၊ မကွေး၊ သထုံ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ သထုံမြို့နယ်များမှ ဦးစီးမှူး၊ ဒုဦးစီးမှူး ၊ လက်ထောက်ဦးစီးမှူး ၊ ဒုလက်ထောက်ဦးစီးမှူးအဆင့် ဝန်ထမ်းသင်တန်းသူ ၁၉ ဦး တက်ရောက်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ပုလဲမြို့နယ်၌ အခြေခံပညာကျောင်း ၅၀ အဆင့်တိုးမြှင့်ရရှိ

**ပုလဲ ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုး ၁၆ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်တိုး ခြောက်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုး ၁၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအဆင့်တိုး ကိုးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့် တိုး လေးကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၅၀ အား အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပုလဲမြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးက "ကျွန်တော်တို့မြို့နယ်အနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ခွင့်ရရှိခဲ့တဲ့ ကျောင်းတွေကတော့ သစ်ကြီးတိုင်း - အလက(ခွဲ) ၊ ရွာနောင် - အလက(ခွဲ)၊ နွယ်အင်း- အလက(ခွဲ)၊ ပုထိုးသာ-အလက(ခွဲ)၊ လဲကန်-အလက(ခွဲ)၊ မယင်း-အလက(ခွဲ)၊ ကံရိုး-အလက(ခွဲ)၊တနယ်- အလက(ခွဲ)၊မရိုးတုန်း-အလက(ခွဲ)၊ လယ်ဓမ္မ-အလက(ခွဲ)၊ ကျေးနင်း-အလက(ခွဲ)၊ လျှော်ကား- အလက(ခွဲ)၊ တုန်းကန်-အလက(ခွဲ)၊ လက်ပုကန်-အလက(ခွဲ)၊ ညောင်ကုန်း- အလက(ခွဲ) နှင့် မုံသွင်- အလက(ခွဲ) တို့ဖြစ်ပါတယ်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ရရှိတဲ့ ကျောင်းတွေကတော့ သက္ကယ်ကျင်း- မူလွန်၊သီတင်း-မူလွန်၊ နတ်ထိပ်-မူလွန်၊ ညောင်ပင်သာ-မူလွန်၊ ချောင်းနား-မူလွန်နှင့် ခေါင်းပွာ-မူလွန်တို့ ဖြစ်ကြပါတယ်"ဟု ပြောသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့် တိုးမြှင့်ခွင့် ရရှိခဲ့သော ကျောင်းများအနေဖြင့် ပေပင်-အမက၊ ရွာသစ် - အမက၊ ကံသာယာ-အမက၊ ပိတောက်ကုန်းမွှာ-အမက၊ပျော်ဘွယ်ကျင်း-အမက၊ ကမ္ဘားရပ်-အမက၊ ကျွန်းတောပြန့် - အမက၊ လုပ်သား - အမက၊ ပေါင်ပင်ချောက် - အမက၊ မင်းရွာ-အမက၊ ကံသာ-အမက၊ ဝါးကြီးတော-အမက၊ ကျွန်းဘိုကုန်း-အမက၊ ရှောက်ရင်းကုန်း - အမကနှင့်ကြောင်ဝင်ဒူး-အမက၊ အခြေခံပညာမူလတန်းကျောင်းအဆင့် တိုးမြှင့်ခွင့်ရရှိခဲ့သော ကျောင်းများအနေဖြင့် ကိုင်းချောင်း-အမက(ခွဲ)၊ ညောင်ပင်ဇောက်-အမက(ခွဲ)၊ ၅၆မိုင်-အမက(ခွဲ)၊ ငွေးပင်ရိုး-အမက(ခွဲ)၊စည်ပင်-အမက(ခွဲ)၊ အောင်သာ-အမက(ခွဲ)၊ အိုးဘို-အမက(ခွဲ)၊ သာစည် - အမက(ခွဲ)နှင့် ကင်ပွန်းခြုံ - အမက(ခွဲ)တို့ဖြစ်သည်။

အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ခွင့် ရရှိခဲ့သော ကျောင်းများအနေဖြင့် သရက်လှ - ကိုယ့်အားကိုယ်ကိုးကျောင်း၊ စိုင်ဂေါင်းတောစု-ကိုယ့်အားကိုယ်ကိုးကျောင်း ၊ သပြေလှ - ကိုယ့်အားကိုယ်ကိုးကျောင်းနှင့် ငါးတွင်းတောတိုက်-ကိုယ့်အားကိုယ်ကိုးကျောင်းများဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူးဦးအောင်သန်းစိုး၏ ပြောကြားချက်အရ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၅**
ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက် နံနက် ၉ နာရီက ၂၀၁၇ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွဲ့အစည်းအားလုံးမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေ စဉ်းစားထည့်သွင်းလုပ်ဆောင်ကြရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လက်ရှိနှင့်အနာဂတ်လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို လေးလေးနက်နက်လုပ်ဆောင်ကြရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး တက်ရောက်လာကြသူများအား ပတ်ဝန်းကျင်ဆိုင်ရာအသိပေးဗီဒီယိုအား ပြသခဲ့သည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်တို့ကဆုများ အသီးသီးပေးအပ်ပြီး အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် ဇွန် ၅**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ် (၂၀)မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်သည်။

ကျောင်းသား ကျောင်းသူ ၆၂ ဦးတို့က 'လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့'၊ 'မူးယစ်ကင်းစင် ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး'၊ 'အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့'၊ 'သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ'။ 'မူးယစ်စွဲသူဖေးမကူ ရောင်းချသူကို အရေးယူ ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်'၊ 'ဦးစွာ နားထောင်ပါ'၊ Listen First, Listening to children and youth is the first step to help them grow healthy and safe စသည့်ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ် (၂၀)မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲသို့ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ပညာသင်စရိတ်ထောက်ပံ့

**သဃ်န်းကျွန်း ဇွန် ၅**
ရထားရဲတပ်ဖွဲ့ အမှတ် (၁၂)တပ်ခွဲ သဃ်န်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူး သိန်းဝင်းသည် မေ ၂၉ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းရထားရဲစခန်းရုံး၌ ကွပ်ကဲမှုအောက်တပ်ခွဲရုံး၊ ရဲစခန်း၊ တပ်စုတို့ရှိ တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# မွန်ပြည်နယ် သထုံမြို့တွင် သွေးလွန်တုပ်ကွေး ပညာပေး ဆွေးနွေးပွဲကျင်းပ

**သထုံ ဇွန် ၅**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းကုသရေးနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲကို သထုံခရိုင် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဇွန် ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ သထုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းကုသရေးနှင့် ပတ်သက်၍ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်အတွင်း လေ့လာတွေ့ရှိချက်များအရ နှစ်နှစ်၊ သုံးနှစ်လျှင်တစ်ကြိမ်အဖြစ်များကြောင်း၊ ယခင်က မြို့ပြလူနေထူထပ်သည့် ရပ်ကွက်များရှိ ကလေးများသာ အဖြစ်များတတ်သော်လည်း လက်ရှိတွင် ကျေးလက်နှင့် မြို့ပြ၊ နေရာမရွေးဖြစ်နေကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် စသည့်ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းတွေကို ရပ်ကွက်နှင့် ကျေးရွာများတွင် အပတ်စဉ်တိုင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်မှုသာ ထိရောက်အောင်မြင်မှုဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီးက ရှင်းပြသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအောင်ကျော်သူ၊ ဒေါ်ခိုင်ခိုင်လှဲ့၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာ၊ မိခင်၊ ကလေးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ဖိတ်ကြားထားသူများနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ဇော်ဗိုလ်**

## စစ်တွေမြို့ လမ်းမကြီးနှင့် မြို့တွင်းလမ်းများ၌ ပြည်နယ်အစိုးရဦးဆောင်၍ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**စစ်တွေ ဇွန် ၅**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စစ်တွေမြို့လမ်းမကြီးနှင့် မြို့တွင်းလမ်းများ တစ်လျှောက်အမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇွန် ၅ ရက် နံနက် ၇ နာရီက စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။



မိုရာ မုန်တိုင်း၏အရှိန်ကြောင့် စစ်တွေမြို့ပေါ်တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် လူနေအိမ်များ ပျက်စီးခဲ့၍ သစ်ပင်၊ သစ်ကိုင်းများပြိုလဲပြီး အမှိုက်များ ထွက်ရှိလာသောကြောင့် ယင်းအမှိုက်များကို တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြသော်လည်း အမှိုက်များစွာရှိသည့်အတွက် ယနေ့တွင် ပြည်နယ်အစိုးရမှ ဦးဆောင်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းပြီး စစ်တွေမြို့တွင်းရှိ လမ်းများနှင့် လမ်းဘေးဝဲယာရှိ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ပြောကြားသည်။

ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးမောင်မောင်သိန်းက မြို့သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးသလို ပြည်သူများမှလည်း အမှိုက်များကိုစနစ်တကျစွန့်ပစ်ရန်လိုအပ်ကြောင်း၊ ကျွန်တော်တို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် မုန်တိုင်းကြောင့် ကျိုးကျခဲ့သည့် သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းခဲ့သည့်အပြင် ပြည်သူများ၏ စွန့်ပစ်အမှိုက်များကိုလည်း ရှင်းလင်းခဲ့ပါကြောင်း၊ ပြည်နယ်မြို့တော်ကြီး သန့်ရှင်းသာယာရေးအတွက် ပြည်သူများမှလည်း စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းဖြင့် ပူးပေါင်းပါဝင်သင့်ပါကြောင်း ပြောကြားသည်။

စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်ရာတွင် စစ်တွေမြို့လမ်းမကြီး၊ မေယုလမ်း၊ မင်းဘာကြီးလမ်း၊ သတ္တဌာနလမ်း၊ မြင်းစီးပြင်လမ်း၊ ဦးဥတ္တမလမ်း၊ ဗောဓိလမ်း၊ ကျောင်းကြီးလမ်း၊ ပြည်ထောင်စုလမ်းနှင့် ကမ်းနားလမ်းတို့တွင်ရှိနေသည့် အမှိုက်များ၊ ချုံနွယ်များ၊ သစ်ပင်၊ သစ်ကိုင်းကျိုးများကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အဖွဲ့လိုက်ခွဲပြီးရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပ

**ဘားအံ မေ ၅**
ကရင်ပြည်နယ် ဘားအံမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက ဘားကပ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ် (ဘားအံ) Computer Room ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲကို 'လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့'၊ 'မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး'၊ 'အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့'၊ 'သက်ရှည်ကျန်းမာ လူသားကမ္ဘာမူးယစ်ဆေးဝါးတိုက်ဖျက်ပါ'၊ 'မူးယစ်စွဲသူဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက်တိုင်းပြည်တွက်'၊ 'ဦးစွာနားထောင်ပါ' အစရှိသည့် ခေါင်းစဉ်ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်တို့မှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲတွင် ဘားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ အခြေခံပညာ ကျောင်းသား ကျောင်းသူ ရှစ်ဦး စုစုပေါင်း ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်လွင်နှင့် ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကြေးမုံ



# တားဆီးကာကွယ် အိမ်တွင်းရန်စွယ်

a'gufvmausmfjGif(uav;txluk)



“ဆရာတို့ ကျွန်တော့်သားလေးကို ကယ်ကြပါဦးဗျ”

မန္တလေးက ကျောက်သူဌေး လင်မယားနှစ်ယောက်။ သူတို့ရဲ့ တစ်ဦးတည်းသောသားလေးက သွေးလွန်တုပ်ကွေးရောဂါနှင့်ကလေးဆေးရုံမှာကုသမှုခံယူနေရတယ်။ ဖျားပြီးလေးရက်မြောက်မှာ နှာခေါင်းသွေးယိုပြီး မှိန်းလွန်းလို့ ဆေးရုံလာတက်တယ်။

ဆေးရုံရောက်ပြီး နောက်ရက်မှာ ကော်ဖီရောင်အရည်တွေ( သွေးတွေ)တပွက်ပွက်အန်၊ ကတ္တရာစေးရောင် ဝမ်းမည်းမည်းတွေသွားပြီး သွေးပေါင်ပြုတ်ကျ တိုင်းမရတော့။ ဆေးရုံကလည်း သွေးသွင်း၊ သွေးရည်ကြည်သွင်း၊ ဆလိုင်းသွင်း လိုအပ်သလို အဆက်မပြတ်ကုသပေးနေ။ ဆေးရုံရောက်ပြီး နှစ်ရက်ကြာတော့ ကလေးက သွေးလွန်တုပ်ကွေးက ဆိုးလွန်းတော့ ဦးနှောက်ထဲ သွေးယိုပြီး သတိလစ်သွား။ ဝမ်းနည်းစရာပါပဲ။ ကျွန်တော်တို့ ကလေးကို မကယ်လိုက်နိုင်ခဲ့ဘူး။ မိဘတွေကတော့ အရူးမီးဝိုင်းပေါ့။

မိဘတွေကြောက်သလို ဆရာဝန်တွေကြောက်တဲ့ သွေးလွန်တုပ်ကွေးပေါ့။မိဘတွေကို ရူးသွပ်စေသလို ဆရာဝန်တွေကိုလည်း စိတ်ဒဏ်ရာတွေ ပေးနိုင်လွန်းတဲ့ ရောဂါပါပဲ။ ကျွန်တော်တို့ရဲ့ နားကြပ်တွေနှင့် မရေမတွက်နိုင်တဲ့ သွေးလွန်တုပ်ကွေး ရောဂါသည် ကလေးငယ်တွေကို ကယ်တင်ဖူးသလို ကျွန်တော်တို့ လက်ပေါ်မှာပဲ ကြွေလွင့်သွားတဲ့ ကြယ်ကလေးတွေကိုလည်း ရင်နာစွာ ကြုံခဲ့ရဖူးတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခန့်မှန်းမှုအရ တစ်နှစ်မှာ လူဦးရေ သန်းငါးဆယ် (မြန်မာတစ်နိုင်ငံလုံး လူဦးရေနှင့် ညီမျှ) လောက်က သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံနေရတယ်။ အဲဒီသန်းငါးဆယ်ထဲက လူဦးရေ ငါးသိန်းလောက်က ရောဂါဆိုးလွန်းလို့ ဆေးရုံတက်ပြီး ကုသမှုခံယူနေရတယ်။ ကံဆိုးတာက သွေးလွန်တုပ်ကွေးရောဂါသည်တွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းက အနာဂတ်ရဲ့ ကြယ်ပွင့် ကလေးလူငယ်လေးတွေ ဖြစ်နေတာ ဝမ်းနည်းဖွယ်တွေ့ရှိရတယ်။ ခန့်မှန်းခြေ သွေးလွန်တုပ်ကွေးရောဂါသည် အယောက်တစ်ရာမှာ သုံးယောက်တော့ သေချာပေါက် သေဆုံးတာကို လေ့လာတွေ့ရှိရပြီးရောဂါတကယ်ဆိုးပြီဆို သေခြင်းတရားကို ရှောင်လွှဲလို့ မရနိုင်တာ သွေးလွန်တုပ်ကွေးရောဂါပါပဲ။

“ကျွန်တော့်သားလေးက ဘာဖြစ်လို့ သေဆုံးရတာလဲဗျ” ကျောက်သူဌေး ကလေးအဖေရဲ့ ငိုရင်းနဲ့ မေးတဲ့မေးခွန်း။

“သွေးလွန်တုပ်ကွေး ရောဂါ ပြင်းထန်လွန်းလို့ ဆုံးရှုံးသွားရတာပါ”

“သွေးလွန်တုပ်ကွေးက ဘာဖြစ်လို့ ဖြစ်ရတာလဲဗျာ” စိတ်မကောင်းပေမယ့် အဖြေပေးရတယ်။

“ခြင်ကိုက်လို့ ဖြစ်ရတာပါ”

“အဲဒါဆို ကျွန်တော့်သား သေရတာ ခြင်ကိုက်လို့ပေါ့ ဟုတ်လားဆရာ” ကျွန်တော် ကြေကွဲစွာ ခေါင်းညိတ်မိတယ်။ ကျွန်တော့်နားထဲမှာ အခုထိ ကြားယောင်ဆဲ စကားသံတွေပေါ့ “ကျွန်တော့်သား သေရတာ ခြင်ကိုက်လို့ပေါ့ ဟုတ်လား ဆရာ”။

အဲဒီလို ကြေကွဲဖွယ် အသံတွေ မကြားလိုတော့။ဆိုတော့ ရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်မလဲဆိုတဲ့ အကြောင်းကို မိဘပြည်သူတွေကို အသိပေးချင်နေမိတယ်။ ကုသခြင်းအလုပ်ကိုတော့ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်တွေ လုပ်ပါလိမ့်မယ်။ ကာကွယ်ခြင်းအပိုင်းကိုတော့ မိဘပြည်သူတွေ တစ်တပ်တစ်အား ပါဝင်နိုင်ပါတယ်။ ပြည်သူတွေပါမှပဲ ရောဂါကာကွယ်ခြင်းက ထိရောက်လိမ့်မယ်။သွေးလွန်တုပ်ကွေးရောဂါကို ဘယ်လို ကာကွယ်ကြမလဲပေါ့။

ရောဂါကာကွယ်ဖို့ဆိုရင် သွေးလွန်တုပ်ကွေး ရောဂါရဲ့ အဓိက တရားခံကို သိမှဖြစ်မယ်။ သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေတာက သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ် (Dengue Virus)ကြောင့်ဖြစ်တာ။အဲဒီဗိုင်းရပ်စ်ပိုးကို သယ်ဆောင်ပြီး လူတစ်ဦးကနေ တစ်ဦးကို ဖြန့်ဝေကူးစက်စေတာက ‘ခြင်’။ တိတိကျကျပြောရရင် အေးဒီးစ်အီဂျစ်ပ်တိုင်း (Aedes aegypti) ဆိုတဲ့ ခြင်ကောင်။ သူ့သဘောသဘာဝကိုလည်း သိထားသင့်တယ်။ ခြေတွေ လက်တွေမှာ အဖြူစင်းလေးတွေပါလို့ ခြင်ကျားလို့လည်းခေါ်တယ်။ ခြင်ပုန်းလို့လည်း ခေါ်ကြတယ်။ သူတို့က နေ့မင်းသားတွေ။ မနက်မိုးလင်းချိန်နှင့် နေဝင်ရီတရောအချိန်မှာ ပိုပြီးကိုက်တတ်တယ်။ ညမှာကိုက်လေ့မရှိဘူး။ သူတို့ အကြိုက်ဆုံးနေရာတွေက လူတွေနဲ့နီးပြီး မှောင်တဲ့ စိုစွတ်တဲ့ နေရာတွေမှာ ရှင်သန်ပေါက်ပွားကြတယ်။ သက်တမ်းက သုံးပတ်လောက်ပဲ အသက်ရှင်နိုင်တယ်။ အဲဒီခြင်ကောင်ကိုက်ရင် ရောဂါရနိုင်တယ်။ မကိုက်ရင် ရောဂါမရနိုင်။ ရောဂါမဖြစ်ချင်ရင် ခြင်မကိုက်အောင်နေမယ်၊ဒါမှမဟုတ် ခြင်နှိမ်နင်းရေးလုပ်ရမယ်။

ခြင်နှိမ်နင်းရာမှာ အဓိက အဆင့်နှစ်ဆင့်ရှိတယ်။ အရွယ်ရောက်တဲ့ ခြင်ကောင်နှိမ်နင်းတာနဲ့ ခြင်ကောင်ဘဝမရောက်ခင် ပိုးလောက်လမ်းနှိမ်နင်းတာဆိုပြီးပေါ့။ အဲဒီနှစ်ဆင့်မှာမှ ခြင်ကောင်ဖြစ်ပြီးမှ နှိမ်နင်းတာက (အပြင်မှာ မြင်တွေ့နေကျ စက်တွေသုံးပြီး ခြင်ဆေးဖျန်းတာပေါ့) ထင်သလောက်ထိရောက်မှုမရှိတာကို တွေ့ရတယ်။လောက်လမ်းဘဝမှာ နှိမ်နင်းတာက ရေရှည်မှာ ပိုပြီးအကျိုးဖြစ်ထွန်းတာကိုတွေ့ရတယ်။ စိတ်ထဲမှာ အမြဲ နှလုံးသွင်းထားရမယ့် ခြင်၊ပိုးလောက်လမ်း နှိမ်နင်းရေး ဂါထာရှိတယ်။

**ဖုံး၊ သွန်၊ လဲ၊ စစ်**
**ခပ်၊ လောင်း၊ ထောင်၊ မြှုပ်**
**ဖွင့် ရှင်း မှုတ်**
**အသစ်ထပ်တိုး**
**ထည့်၊ စိမ်၊ ထိုးတဲ့။**

အဓိပ္ပာယ်တွေကတော့ ဖုံး-ရေအိုး၊ ရေခွက်၊ ရေစည်စတဲ့ အိမ်မှာ ရေသိုလှောင်ရာ ပစ္စည်းများကို ခြင်မဝင်နိုင်အောင် သေသေချာချာ( ဖုံး)အုပ်ထားရမယ်။

သွန်- ရေအိုး၊ ရေခွက်၊ ရေစည် အားလုံးရဲ့ အတွင်းပိုင်းကို သေချာတိုက်ချွတ်ဆေးကြော၍ (သွန်)ပစ်ပါ။

လဲ-အိမ်မှာ ကျောင်းမှာရှိသော ညောင်ရေအိုး၊ ပန်းအိုး စတာတွေကို အနည်းဆုံး တစ်ပတ်တစ်ကြိမ်ဆေးကြော၍ ရေ(လဲ)ပေးပါ။

စစ်-ရေအိုး၊ရေခွက်၊ ရေစည်ထဲသို့ ရေထည့်ရင် ရေကို(စစ်)၍ထည့်ပါ။

ခပ်-ရေအိုး၊ရေခွက်၊ ရေစည်ထဲရှိ ပိုးလောက်လမ်းများကို လက်ကိုင်ရှည် ရေစစ်နှင့် (ခပ်)ထုပ်ပစ်ပါ။

လောင်း-ကြောင်အိမ်၊ ဗီရို၊ စားပွဲတို့ရဲ့ အောက်ခံခွက်များထဲကို ဆား၊စက်ဆီဟောင်း စသည်တို့ (လောင်း)ထည့်ထားပါ။

ထောင် - ဘယ်အချိန်အိပ်အိပ်၊ဘယ်နေရာမှာအိပ်အိပ်(ကျွန်တော် အပိုထည့်ပြောတတ်တာက ဘယ်သူနှင့်အိပ်အိပ်’) ခြင်ထောင် (ထောင်)အိပ်ပါ။

မြှုပ်-မိုးရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ တာယာဟောင်း စသည်တို့ကို မြေ(မြှုပ်)ပစ်ပါ။

ဖွင့် - အလင်းရောင်ရ၍ ခြင်မခိုအောင်းနိုင်စေရန် နေ့ပိုင်းတွင် ပြတင်းပေါက်များ ဖွင့်ထားပါ။

ရှင်း-ခြင်မခိုအောင်းနိုင်ရန် အိမ်တွင်းအိမ်ပြင်ကို (ရှင်း)လင်းပါ။

မှုတ် - အိမ်၊ ကျောင်း၊ ရုံး အနီးတွေမှာ ဆေး(မှုတ်)သည့် အဖွဲ့လာရောက်ပါက လုပ်ငန်းတွင်ကျယ်စေရန် ကူညီပါ။

**အသစ်ထပ်တိုးတဲ့နောက်ထပ်အချက်(၃)ချက်ကတော့**

ထည့်-သောက်ရေ၊ သုံးရေတွေမှာ လူကို မထိခိုက်စေတဲ့ ပိုးလောက်လမ်းမပေါက်ပွားအောင်တားဆီးပေးတဲ့ အဘိတ်(abate)ဆိုတဲ့ ဆေးကို အတိုင်းအဆမှန်မှန် (ထည့်)ခြင်းပါပဲ။ရေထဲကို ဆေးတစ်ခါထည့်ထားရင် အနည်းဆုံး နှစ်လလောက်တော့ တာရှည်ခံအသုံးပြုနိုင်ပါတယ်။

စိမ်-စိမ်ဆိုတာကတော့ ဆေးစိမ်ခြင်ထောင်၊ဆေးစိမ်ခန်းဆီး၊ဆေးစိမ်လိုက်ကာတွေကို အသုံးပြုတာကိုပြောခြင်းပါပဲ။ခြင်ထောင်တွေ ခန်းဆီးတွေကို ဆေးစိမ်ခြင်းအားဖြင့် အဲဒီကိုလာနားတဲ့ ခြင်ကောင်တွေကို သေစေပါတယ်။

ထိုး - သွေးလွန်တုပ်ကွေး ကာကွယ်ဆေး(ထိုး)တာကို ပြောတာပါ။

ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး အနည်းငယ် ထပ်ပြီးရှင်းပြချင်ပါတယ်။ လူတိုင်းသိချင်တဲ့ မေးခွန်းကတော့ သွေးလွန်တုပ်ကွေးကာကွယ်ဆေး တကယ်ရှိနေပြီလား။ ဟုတ်ကဲ့ တကယ်ရှိနေပါပြီ။ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် အခုကာကွယ်ဆေးက အပြည့်အဝ အားကိုးလို့ မရသေးပေမယ့် ရောဂါအဖြစ်များလွန်းတဲ့ နိုင်ငံတွေအတွက်တော့ ကောက်ရိုးတစ်မျှင်ပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အခုကာကွယ်ဆေးကို အသိအမှတ်ပြုလိုက်ပါပြီ။ ကာကွယ်ဆေးရဲ့ နာမည်ကတော့ ဒင့်ဂ်ဘားဇီးယား (Dengvaxia)လို့ ခေါ်ပါတယ်။ ပြင်သစ်ဆေးကုမ္ပဏီ Sanofi Pasteur က ထုတ်လုပ်ပါတယ်။ ဒီကာကွယ်ဆေးကို ကမ္ဘာပေါ်မှာ ပထမဆုံးစတင် အသုံးပြုတဲ့နိုင်ငံကတော့ မက္ကဆီကို နိုင်ငံပါ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကတည်းက တရားဝင်စတင်အသုံးပြုခဲ့ပါတယ်။ အခုအချိန်မှာဆိုရင် ဒီကာကွယ်ဆေးကို သွေးလွန်တုပ်ကွေး အဖြစ်များတဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ တရားဝင် အသိအမှတ်ပြု ထိုးနှံနေပါပြီ။ အဲဒီ ၁၄ နိုင်ငံထဲမှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ပါတယ်။ ဒီကာကွယ်ဆေးနှင့် ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ သွေးလွန်တုပ်ကွေးအဖြစ်များလွန်းတဲ့ နိုင်ငံတွေ(မြန်မာနိုင်ငံအပါအဝင်)အနေနှင့် အစပျိုးထိုးနှံဖို့ စဉ်းစားသင့်တယ်လို့ မှတ်ချက်ပေးပါတယ်။

အခုကာကွယ်ဆေးက အသက် ကိုးနှစ်ကနေ (၄၅) နှစ်ထိ ထိုးလို့ရတယ် (စင်ကာပူနိုင်ငံမှာတော့ အသက်(၁၂) နှစ်ကနေ (၄၅) နှစ်ထိသတ်မှတ်ထား)။ သွေးလွန်တုပ်ကွေးဗိုင်းရပ်မျိုးစိတ်လေးမျိုးလုံးကို ကာကွယ်နိုင်တယ်။ခြောက်လခြား သုံးကြိမ် (၀-၆-၁၂) ထိုးရမယ်။ ဆေးတစ်လုံးမှာ ဆေးရည် သုည ဒသမ ၅ စီစီ ပါဝင်တယ်။ လက်မောင်းအရေပြားအောက် (subcutaneous) ထိုးရတယ်။ထိုင်းနိုင်ငံမှာတော့ ဆေးတစ်လုံးကို ဘတ် ၃၅၀၀ (၁၄၀၀၀၀ ကျပ်) ကျသင့်တယ်။ အင်ဒိုနီးရှားနိုင်ငံမှာတော့ ဆေးတစ်လုံးတန်ဖိုးက ဒေါ်လာ ၇၀ ( ကျပ် ၁၀၀၀၀၀ ခန့်) ရှိတယ်။ မြန်မာပြည်မှာတော့ အခုချိန်ထိ တရားဝင် တင်သွင်းခွင့်ပြုတာ မျိုးမရှိသေးဘူး။

ဒီကာကွယ်ဆေးမှာ အားနည်းချက်တွေရှိနေသေးတယ်။ အဲဒီအားနည်းချက်တွေထဲက တစ်ခုကတော့ ဒီဆေးက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ဖူးတဲ့သူတွေမှာ အစွမ်းပိုထက်ပြီး (၈၀ ရာခိုင်နှုန်း ကာကွယ်မှုပေး) သွေးလွန်တုပ်ကွေးရောဂါ တစ်ခါမှ မဖြစ်ဖူးရင် အစွမ်းထက်မှုနည်းပါး (၅၀-၆၀ ရာခိုင်နှုန်းလောက်ပဲ ကာကွယ်မှုပေး) တာကို တွေ့ရှိရတယ်။ဒါပေမယ့် အားကောင်းတဲ့အချက်ကတော့ ပြင်းထန်သွေးလွန်တုပ်ကွေးရောဂါ (severe dengue) ကိုတော့ ၈၀-၉၀ ရာခိုင်နှုန်းလောက်ထိ ကာကွယ်ပေးနိုင်တာကို လေ့လာတွေ့ရှိရပါတယ်။

သွေးလွန်တုပ်ကွေးကြောင့် ဆေးရုံတက်ကုသမှုခံယူရနိုင်နှုန်းကိုလည်း ၈၀ ရာခိုင်နှုန်းလောက်ထိ လျှော့ချနိုင်ကြောင်းလည်း တွေ့ရတယ်။ နောက်အားနည်းချက်တစ်ခုကတော့ ကာကွယ်ဆေးသုံးကြိမ်ထိုးပြီးရင် ရောဂါဒဏ်ကနေ နှစ်ပေါင်းဘယ်လောက်ထိ ကာကွယ်နိုင်လဲ ဆိုတာကိုတော့ တိတိကျကျမသိရဘဲ လေ့လာဆဲအဆင့်သာရှိသေးတယ်။

ကာကွယ်ဆေးပေါ်နေပေမယ့် ပြီးပြည့်စုံတဲ့ ကာကွယ်ဆေးမဟုတ်သေးတာကတစ်ကြောင်း၊ မြန်မာနိုင်ငံမှာ တရားဝင်တင်သွင်းထိုးနှံမှု မရှိသေးတာက တစ်ကြောင်းကြောင့် အထက်မှာဖော်ပြခဲ့တဲ့ ဖုံး၊ သွန်၊ လဲ၊ စစ် ဂါထာကိုပဲအားကိုးသမှု ပြုရဦးမယ်။ အဲဒီဂါထာအတိုင်းပဲ မိဘပြည်သူများ ပြုမူကျင့်ကြံကြပါလို့ ပြောပါရစေ။

နိဂုံးချုပ်အနေနှင့် ကျွန်တော်တို့ရဲ့ လေးစားရပါသော ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဆရာကြီး ဦးစောဝင်း ရေးစပ်ထားတဲ့ သွေးလွန်တုပ်ကွေး အန္တရာယ်ကင်းကဗျာလေးကို မိဘပြည်သူများအတွက် ကူးယူဝေမျှပါရစေ။

**ရာသီတိုင်းတွင် ဖျားနာလျှင်**
**သွေးလွန်တုပ်ကွေးမှတ်။**
**အဖျားကျစဉ် မလန်းလျှင်**
**အစဉ် သတိချပ်**

လူတိုင်း လူတိုင်း အိမ်တွင်းရန်စွယ်ဖြစ်တဲ့ ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေးရန်မှ ကင်းဝေးကြပါစေ။



# အောင်မြင်မှုတွေနဲ့ ပြီးဆုံးခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ ဒုတိယအကြိမ်မန်ချက်စတာဖျော်ဖြေပွဲ

# မန်ချက်စတာပေါက်ကွဲမှုအတွင်း ထိခိုက်ခဲ့ရသူများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ကိုးသန်းခန့်ရရှိ

ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ ပြီးခဲ့တဲ့ မေ ၂၂ ရက်က မန်ချက်စတာအရီနာမှာ ကျင်းပခဲ့တဲ့နယ်လှည့်ဖျော်ဖြေပွဲမှာ အသေခံဗုံးဖောက်ခွဲမှုဖြစ်ခဲ့ပြီး ယင်းဖြစ်စဉ်မှာ ထိခိုက်ဒဏ်ရာရခဲ့သူတွေနဲ့ သေဆုံးခဲ့ရတဲ့သူတွေအတွက် ရည်ရွယ်တဲ့ ရန်ပုံငွေဖျော်ဖြေကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ မန်ချက်စတာမြို့မှာပဲ ပြန်လည်ကျင်းပခဲ့ပါတယ်။ ဒီတစ်ခါဖျော်ဖြေပွဲမှာတော့ အခြားသောတေးသံရှင်တွေလည်း ပါဝင်ဖျော်ဖြေကြပြီး ပရိသတ်များစွာ လာရောက်အားပေးခဲ့ကာ ဖျော်ဖြေပွဲကိုလည်း စီစဉ်ထားတဲ့အတိုင်းအောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။



အရီရန်နာဂရန်းဒ်ရဲ့ ဒုတိယအကြိမ်မြောက် မန်ချက်စတာ ဖျော်ဖြေပွဲအတွက် အလှူငွေတွေဟာ ဖျော်ဖြေပွဲမစတင်မီမှာပင် အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိခဲ့တာဖြစ်ပြီး အချိန်နဲ့အမျှ လှူဒါန်းမှုတွေများပြားလျက်ရှိရာ လက်မှတ်ရောင်းရငွေတွေနဲ့ ပြီးခဲ့တဲ့ ဇွန် ၄ ရက်အထိ အလှူငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ကိုးသန်းနီးပါး ရရှိခဲ့ကြောင်း အေဘီစီနယူးစ်ရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"We Love Manchesteမ"လို့အမည်ပေးထားတဲ့ ဇွန် ၄ ရက်က ဖျော်ဖြေပွဲမှရရှိခဲ့တဲ့ ရန်ပုံငွေတွေကို မန်ချက်စတာပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံးသွားခဲ့ရတဲ့သူတွေ၊ မိသားစုဝင်တွေ၊ သူတို့ကိုမှီခိုနေထိုင်ခဲ့ရတဲ့သူတွေနဲ့ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့အတွက် ဆေးကုသမှုခံယူနေရတဲ့သူတွေအတွက် ခွဲဝေသုံးစွဲသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရရှိလာတဲ့ ရန်ပုံငွေတွေကို အလားတူအကြမ်းဖက်ဖြစ်စဉ်တွေမှာ အရေးပေါ်သုံးစွဲနိုင်ဖို့အတွက် ရန်ပုံငွေအဖြစ်လည်း ထားရှိသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၄ ရက်မှာတော့ ဗြိတိန်ကြက်ခြေနီအသင်းက " We Love Manchester "အရေးပေါ်ရန်ပုံငွေအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ သန်းကို လက်ခံရရှိခဲ့ပြီးဖြစ်တဲ့အတွက် လှူဒါန်းခဲ့တဲ့သူတွေနဲ့ စီစဉ်ခဲ့ကြသူတွေကို ကျေးဇူးအထူးတင်ရှိပါကြောင်း အသင်းကြီးရဲ့ လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ လတ်တလောအချိန်အထိလည်း လှူဒါန်းမှုတွေရှိနေခဲ့တာဖြစ်ပြီး ဇွန် ၄ ရက်အထိ လက်ခံရရှိခဲ့တဲ့ အလှူငွေဟာ အမေရိကန်ဒေါ်လာ ကိုးသန်းနီးပါးရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

" We Love Manchester "ဖျော်ဖြေပွဲမှာတော့ အရီရန်နာဂရန်းဒ်နဲ့အတူ နာမည်ကျော်ဂီတကြယ်ပွင့်များစွာ ပါဝင်ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်ရဲ့ ချစ်သူဖြစ်တဲ့ တေးသံရှင်မစ်ခ်မေလာကလည်း အရီရန်နာနဲ့အတူ တွဲဖက်ဖျော်ဖြေခဲ့ပါတယ်။ ဒါ့အပြင် ဇွန် ၄ ရက်ညမှာ မန်ချက်စတာက အမ်းမရိတ်စ်ကွင်းအတွင်း ဖျော်ဖြေခဲ့ကြတဲ့ အခြားသောတေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ မိုင်လီဆိုင်းရပ်စ်၊ ကတ်တီပါရီ၊ နီးလ်ဟော်ရန်၊ လစ်တဲလ်မစ်ဇ်၊ ရော်ဘီဝီလီယံမ်စ်တို့ဖြစ်ကြပြီး နောက်ထပ်ပါဝင်အားဖြည့်ခဲ့ကြတဲ့ တေးသံရှင်တွေလည်း ရှိနေသေးတာဖြစ်ပါတယ်။ ယင်းညရဲ့ဖျော်ဖြေပွဲကိုတော့ ပရိသတ်များစွာလာရောက်အားပေးခဲ့ကြရာ ကွင်းပြည့်လုနီးပါးဖြစ်ခဲ့ရပြီး ကခုန်ခဲ့ကြတဲ့ပရိသတ်တွေကို လုံခြုံရေးတွေကတောင် ထိန်းချုပ်နိုင်ဖို့ အခက်အခဲတွေရှိခဲ့ကြောင်းလည်း သိရပါတယ်။

လတ်တလောကျင်းပခဲ့တဲ့ဖျော်ဖြေပွဲမှာ ယခင်ပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့ ဖျော်ဖြေပွဲကို လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို အခမဲ့ကြည့်ရှုခွင့်ပေးခဲ့တာဖြစ်ပြီး ပေါက်ကွဲမှုအတွင်း ဒဏ်ရာရခဲ့ကြတဲ့ ပရိသတ်အချို့လည်း လာရောက်အားပေးခဲ့တာကိုတွေ့ရပါတယ်။ " We Love Manchester "မှာ အရီရန်နာဂရန်းဒ်က ခံစားချက်အပြည့်နဲ့တေးသီချင်းများစွာကို သီဆိုဖျော်ဖြေခဲ့ပြီး ပေါက်ကွဲမှုအတွင်း သေဆုံးသွားခဲ့ရတဲ့ ပရိသတ်တစ်ဦးဖြစ်တဲ့ အိုလီဘာကမ်ပ်ဘဲလ်ရဲ့ မိခင်ဖြစ်သူနဲ့ တွေ့ဆုံခဲ့ရတဲ့အကြောင်းကိုလည်း ပြန်ပြောင်းပြောပြခဲ့ရင်း မျက်ရည်မဆယ်နိုင်ဖြစ်ခဲ့ရတာကိုလည်း တွေ့ရပါတယ်။ အဲဒီနောက် မိုင်လီဆိုင်းရပ်စ်နဲ့ တွဲဖက်ကာ တေးသီချင်းများစွာကို သီဆိုခဲ့ပြီး ဒီတစ်ကြိမ်ဖျော်ဖြေပွဲမှာတော့ အရီရန်နာဂရန်းဒ်က သေဆုံးခဲ့ရတဲ့ပရိသတ်တွေအတွက် ထိခိုက်ခံစားခဲ့ရတာကြောင့် ဖျော်ဖြေနေစဉ်အတွင်း မျက်ရည်များပင်ကျခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာကလည်း "I Won't Let Go of Hope"တေးသီချင်းသီဆိုဖျော်ဖြေစဉ် မျက်ရည်ကျခဲ့တာကိုလည်း တွေ့ရပါတယ်။

ကိုယ်တိုင်ကိုယ်ကျပါဝင်ဖျော်ဖြေနိုင်ခဲ့ခြင်းမရှိပေမယ့် တေးဂီတကြယ်ပွင့်အချို့ကလည်း ဇွန် ၄ ရက်ဖျော်ဖြေပွဲအတွက် ဆုတောင်းစကားတွေကို သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အသီးသီးရေးသားဖော်ပြခဲ့ကြပါတယ်။ ဒီလိုဆုတောင်းစကားဆိုခဲ့တဲ့ ကြယ်ပွင့်တွေထဲမှာ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဒေမီလက်ဗားတိုး၊ ဂျိုးဂျိုနက်စ်၊ ဗစ်တိုးရီးယားဂျက်စတစ်စတဲ့ တေးသံရှင်တွေ ပါဝင်နေတာဖြစ်ပါတယ်။ ပေါက်ကွဲမှုဖြစ်စဉ်အပြီး အမေရိကန်သို့ချက်ချင်းပြန်လည်ထွက်ခွာကာ ထိခိုက်ခံစားခဲ့ရတဲ့ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ခြင်းမရှိတဲ့အတွက် အရီရန်နာဂရန်းဒ်ကို ဝေဖန်ခဲ့တဲ့ ဗြိတိန်ဂျာနယ်လစ်နဲ့ ရုပ်သံအစီအစဉ်တင်ဆက်သူ ပိုင်ယာမော်ဂန်ကလည်း ယင်းဖျော်ဖြေပွဲမတိုင်မီ ပြီးခဲ့တဲ့ ဇွန် ၃ ရက်က ဒဏ်ရာရခဲ့တဲ့ ပရိသတ်တွေကို မန်ချက်စတာကလေးဆေးရုံမှာ သွားရောက်တွေ့ဆုံခဲ့တဲ့ အရီရန်နာဂရန်းဒ်ကို တရားဝင်တောင်းပန်စကားဆိုခဲ့ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၄ ရက်မှာ ကျင်းပခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ မန်ချက်စတာ ဖျော်ဖြေပွဲမှာတော့ ချစ်ခြင်းမေတ္တာအကြောင်းကို သီကုံးထားတဲ့ တေးသီချင်းတွေနဲ့ အများဆုံးဖျော်ဖြေခဲ့တာဖြစ်ပြီး မေတ္တာတရားတွေနဲ့ အကြမ်းဖက်မှုတွေကို အနိုင်ယူပြခဲ့တဲ့ ဖျော်ဖြေပွဲတစ်ခုဖြစ်ကြောင်းလည်း ဟောလိဝုဒ်မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။

**အေးပြည့် – စုစည်းသည်**

# အတူတွဲတွေ့ရပြန်တဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်

ပြီးခဲ့တဲ့လအစပိုင်းမှာ ချစ်သူသစ်ရရှိနေပြီဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ ချစ်သူသစ်နဲ့အတူ နက်ရှ်ဗေးလ်မှာ ချိန်းဆိုတွေ့ဆုံနေတာကို တွေ့ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း အင်္ဂလန်မှ အတူထွက်ခွာလာတဲ့ သူတို့နှစ်ဦး ကိုယ်ပိုင်လေယာဉ်တစ်စင်းပေါ် တက်သွားတာကို တွေ့ခဲ့ရပြီးနောက် လတ်တလောမှာတော့ တေလာဆွစ်နဲ့ ချစ်သူသစ် ဂျိုးအော်ဝင်န်တို့ကို ဒုတိယအကြိမ်အဖြစ် အတူတွဲကာတွေ့ခဲ့ရခြင်းလည်းဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၃ ရက် နံနက်ခင်းမှာ ဂရမ်မီ ၁၀ ဆုရှင် တေလာဆွစ်နဲ့ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်တို့ဟာ တေလာဆွစ်ရဲ့နေအိမ်မှာရှိတဲ့ လသာဆောင်မှာ ကော်ဖီအတူသောက်နေတာကို တွေ့ခဲ့ရတာဖြစ်ပြီး ဒီလိုတွေ့ဆုံစဉ်မှာ နှစ်ဦးသားဟာ ပြုံးပျော်နေတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် တေလာဟာ အဆိုပါမြို့မှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေလုပ်ဆောင်နေတာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ အင်္ဂလန်မှ အတူထွက်ခွာလာတဲ့ တေလာနဲ့ ဂျိုးအော်ဝင်န်တို့ကို ပထမဆုံးအကြိမ်တွေ့ခဲ့ရတာဖြစ်ပါတယ်။ ကြယ်ပွင့်နှစ်ဦးဟာ ကိုယ်ပိုင်လေယာဉ်တစ်စင်းပေါ်သို့ သီးခြားစီတက်ရောက်ခဲ့တာဖြစ်ပေမယ့် ဆင်တူအင်္ကျီကို ဝတ်ဆင်ထားတာကို တွေ့ရပါတယ်။ ဒီလိုတေလာနဲ့အတူ အမေရိကန်ကို ထွက်ခွာလာတဲ့ ဂျိုးအော်ဝင်န်ကို ဟောလိဝုဒ်မီဒီယာတစ်ခုက ဂျိုးဟာ တေလာနဲ့အတူ အမေရိကန်မှာ နေထိုင်သွားတော့မှာဖြစ်ကြောင်း ကောက်ချက်ဆွဲရေးသားခဲ့တာကိုလည်း တွေ့ရပါတယ်။ လတ်တလောမှာ အသက် (၂၇) နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်နဲ့ (၂၆)နှစ်အရွယ် ဂျိုးအော်ဝင်န်တို့ဟာ လွန်ခဲ့တဲ့ လတွေကတည်းက ဇာတ်လမ်းတွေ စနေခဲ့တာဖြစ်ပြီး တေလာဟာ ဂျိုးအော်ဝင်န်နဲ့ နီးစပ်ဖို့အတွက် အင်္ဂလန်မှာ အိမ်ငှားနေခဲ့ကြောင်း သတင်းတွေထွက်ခဲ့ပါတယ်။ ဒီလိုကိုယ်ပိုင်သီးသန့် ကမ္ဘာတစ်ခုကို ဖန်တီးထားတဲ့အတွက် သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းဟာ မီဒီယာစာမျက်နှာတွေပေါ်ကို အချိန်အတော်ကြာသည်အထိ ရောက်လာခဲ့ခြင်းမရှိဘဲ လတ်တလာမှာမှ အတူတွဲကာတွေ့လာခဲ့ရပြီး မီဒီယာစာမျက်နှာတွေပေါ်မှာလည်း နေရာယူလာခဲ့တာ ဖြစ်ပါတယ်။





# ဆေးခြောက်သုံးစွဲခဲ့ကြောင်း ဝန်ခံပြီး ပရိသတ်ကိုတောင်းပန်ခဲ့တဲ့ T. O. P

တောင်ကိုရီးယားရဲ့နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T.O.Pဟာ ဆေးခြောက်သုံးစွဲတာတွေရှိခဲ့တာကြောင့် မူးယစ်ဆေးသုံးစွဲခဲ့မှုနဲ့ စွပ်စွဲခံထားရပြီး စုံစမ်းစစ်ဆေးမှုတွေ ခံယူခဲ့ရပါတယ်။ ဒီလိုသတင်းတွေပေါ်ထွက်လာခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ T.O.Pက အပြစ်တွေကို ဝန်ခံခဲ့ပြီး ပရိသတ်တွေကိုလည်း တောင်းပန်ကြောင်း လက်ရေးစာတစ်စောင်ရေးသားကာ ဖော်ပြခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

T.O.Pဟာ စစ်ဆေးမှုတွေခံယူခဲ့ပြီးနောက် ဆေးခြောက်သုံးစွဲခဲ့ကြောင်း တွေ့ရှိခဲ့တာကြောင့် ပြီးခဲ့တဲ့ ဇွန် ၁ ရက်မှာ သတင်းတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ T.O.Pရဲ့သတင်းနဲ့ပတ်သက်ပြီး အေဂျင်စီကချက်ချင်းဆိုသလိုထုတ်ပြန်ပြောကြားခဲ့ပေမယ့် ဆေးခြောက်သုံးစွဲခဲ့တာနဲ့ပတ်သက်ပြီး ဝန်ခံခဲ့ခြင်းရှိ၊ မရှိကိုတော့ တိတိကျကျပြောကြားခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် လတ်တလောမှာတော T.O.Pက သူဟာ ဆေးခြောက်သုံးစွဲခဲ့ကြောင်း ဝန်ခံခဲ့ပြီး တရားဝင်တောင်းပန်စကားဆိုခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ စစ်မှုထမ်းဆောင်နေဆဲဖြစ်တဲ့ T.O.Pရဲ့ အမည်ရင်းဟာ ချွိုင်ဆန်ဟွန်းဖြစ်ပြီး သူ့ရဲ့လက်ရေးစာမှာ ဒီလိုပြဿနာတွေကို ဖြစ်စေခဲ့တဲ့အတွက် ပရိသတ်တွေအနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့မယ်ဆိုပါက တောင်းပန်ကြောင်းနဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် အလွန်ကိုရှက်မိပါကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် အပြစ်တွေအတွက် အကြောင်းပြစရာမရှိကြောင်းနဲ့ ခွင့်လွှတ်ပေးရန် မတောင်းဆိုရဲကြောင်းလည်း ရင်ဖွင့်ခဲ့ကာ ယခုလိုတောင်းပန်စာရေးသားနေချိန်မှာ အရာရာတိုင်းအတွက် ကြောက်ရွံ့စိတ်တွေရှိနေတာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

## အိမ်တွင်းမှု စက်ချုပ်(အဆင့်မြင့် မွမ်းမံ) သင်တန်းဆင်း

**မြစ်ကြီးနား ဇွန် ၅**
နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ထောက်ပံ့မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းကာ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းတွင် ဖွင့်လှစ်ထားသော အိမ်တွင်းမှု စက်ချုပ် (အဆင့်မြင့်မွမ်းမံ) သင်တန်းအမှတ်စဉ်(၂/၂၀၁၇)ဆင်းပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က သင်တန်းဆင်းအမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီးဒေါက်တာဂျေကော့ဘူမှ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသူ သုံးဦးနှင့် ကျောင်းတက်မှန် ကျောင်းသူ ၁၉ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ သင်တန်းသူများအား အသက်မွေးဝမ်းကျောင်း စက်ချုပ်ပညာဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အပ်ချုပ်စက်တစ်လုံးစီအား ပေးအပ်ကာ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှူး ဦးအောင်စိုးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ လူမှုရေးဝန်ကြီး၊ ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူနှင့် ဝန်ကြီးများ၏ ဇနီးများက သင်တန်းသူများ၏ အဝတ်အထည်ချုပ်လုပ်မှုပြခန်းအား လှည့်လည်ကြည့်ရှုသည်။ သင်တန်းအား မေ ၂ ရက်မှ ဇွန် ၂ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းနည်းပြဆရာမများက (အဆင့်မြင့်) စက်ချုပ်ပညာ ဘာသာရပ်များအား စာတွေ့လက်တွေ့သင်ကြားပေးခဲ့သည်။ သင်တန်းသို့ နေရပ်စွန့်ခွာ ပြောင်းရွှေ့စခန်းမှ သင်တန်းသူ ၃၅ ဦးတက်ရောက်ပြီး သင်တန်းအား နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

## ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းအဆောက်အအုံသစ်ဖွင့်

**ဗန်းမော် ဇွန် ၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်မကောက်ကျေးရွာ၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန် ဒေါက်တာသိန်းအောင်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန်မကောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတူးရိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အဆောက်အအုံသစ်ကို တာဝန်ရှိသူများက စုပေါင်းဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲကို ငွေ့ကြီးကျေးရွာနှင့် မန်မကောက်ကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေး အတွက် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၅၉ သန်း ကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းအတွက် ဂျပန်အစိုးရနှင့် ပြည်သူများမှ လှူဒါန်းသည့် စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မြစ်ကြီးနား ဇွန် ၅**
ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာစက်ပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရေး စီမံချက်ဖြင့် ဂျပန်အစိုးရမှ လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများကို လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ လမ်းဦးစီးဌာန ယန္တရားဝင်းအတွင်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဂျပန်အစိုးရအနေဖြင့် ထောက်ပံ့ငွေ ဂျပန်ယန်း သန်း ၂၇၄၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲမည့် စက်၊ ယာဉ်၊ ယန္တရားများဝယ်ယူရန် လှူဒါန်းခဲ့သည်ကို သိရှိရပါကြောင်း၊ စီမံကိန်းအနေဖြင့် ကချင်ပြည်နယ် ရွှေဘို-မြစ်ကြီးနားလမ်းကို ရာသီမရွေးချောမွေ့စွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံကိန်းရည်မှန်းချက်အတိုင်း ၃၆ ပေအကျယ်အထိ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သုံးစွဲနိုင်ရန် ယခုလို ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်းကို သိရှိရပြီး ဂျပန်အစိုးရ၏ စက်၊ ယာဉ်၊ ယန္တရားများ ထောက်ပံ့ပေးမှုသည် မြန်မာပြည်သူများအတွက် အခြေခံလိုအပ်ချက်များ တည်ဆောက်ရာတွင် အကျိုးအရှိဆုံး ထောက်ပံ့ပေးမှု တစ်ခုအဖြစ် မှတ်တမ်းတင်ကျန်ရှိနေမှာ ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း ပစ္စည်းများကို ရိုသေစွာသုံးစွဲပြီး စနစ်တကျ ပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် JICA မြန်မာမှ ဌာနနေကိုယ်စားလှယ် Mr. Masayuki Kayasawa က စက်၊ ယာဉ်၊ ယန္တရားများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရုတ်ခြည်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေး လိုအပ်ချက်များ၊ မြို့ပြနှင့် ကျေးလက်ဒေသတွေကြား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတွေကို ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းမှုများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကို စဉ်းစားသုံးသပ်ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ စက်၊ ယာဉ်၊ ယန္တရားများနှင့်ပတ်သက်သည့် စာချွန်လွှာကို လွှဲပြောင်းပေးအပ်ရာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းနိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် စက်၊ ယာဉ်၊ ယန္တရားများ ထားရှိသည့် ဂိုဒေါင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် JICA မြန်မာကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လွှဲပြောင်းပေးအပ်သည့် စက်၊ ယာဉ်၊ ယန္တရားများနှင့် စက်အရန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားတွင် ဂျပန်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားများတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရေးအတွက် မြေထိုးစက်၊ မြေတူးကော်တင်စက်၊ မြေကော်တင်စက်၊ မြေညှိစက်၊ မြေသယ်ယာဉ်၊ လမ်းကြိတ်စက်၊ ကရိန်း၊ ရေသယ်ယာဉ်၊ ယန္တရားသယ်ယူယာဉ်၊ ရွှေ့ပြောင်းပြုပြင်ရေးယာဉ် စသည့် ယာဉ်၊ ယန္တရားကြီးများအပြင် ကတ္တရာဖျန်းယာဉ်၊ ကတ္တရာကျိုကန်၊ မီးစက်၊ ကျောက်ခွဲစက် စသည့် အမျိုးအစားပေါင်း ၂၂ မျိုးဖြင့် စုစုပေါင်း ၉၂ စီးနှင့် အရန်ပစ္စည်းများကို ပေးအပ်လှူဒန်းခဲ့ခြင်းဖြစ်ပြီး နည်းပညာဆိုင်ရာများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အလားတူ ချင်းပြည်နယ်အတွင်း ကလေး-ဖလမ်း-ဟားခါး လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အဆိုပါ စီမံကိန်းဖြင့် စက်၊ ယာဉ်၊ ယန္တရားပစ္စည်းများ လွှဲပြောင်းပေး အပ်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**




**ကလေး ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် မြောက်စည်းကျေးရွာသည် မဏိပူရမြစ်(ခေါ်)နန်းကသဲချောင်းကမ်းပါးဘေးတွင် တည်ရှိပြီး မိုးရာသီရောက်တိုင်းကျေးရွာအနီးချောင်းကမ်းပါးကို ရေတိုက်စားခြင်းကြောင့် နှစ်စဉ်နှစ်တိုင်းပြိုကျလျက်ရှိရာမှ ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့်အခြေအနေသို့ ရောက်ရှိသော်လည်း ယခုအချိန်၌ ချောင်းကမ်းပါးကိုသံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ပြီးစီးခြင်းကြောင့် ရွာလုံးကျွတ် ပြောင်းရွှေ့ရမည့်အခြေအနေမှ ကင်းလွတ်လျက်ရှိကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ သန်းအကုန်အကျခံ၍ အလျားပေ ၈၄၀ နှင့် အမြင့်ဆုံးနေရာ ကိုးပေဖြင့် နိုင်လင်းကျော် ကုမ္ပဏီလီမိတက်မှ ဖေဖော်ဝါရီ ၅ ရက်က စတင်တည်ဆောက်ခဲ့ရာ မေ ၁၇ ရက်တွင်လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးတို့က ဇွန် ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး အဆိုပါ သံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံတည်ဆောက်ပြီးစီးမှုကြောင့် မြောက်စည်းကျေးရွာနေ အိမ်ခြေ ၃၉၈ လုံး၊ အိမ်ထောင်စု ၄၁၄ စုမှ လူဦးရေ၁၆၄၇ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ရေတိုက်စားခြင်းကြောင့်ဖြစ်ပေါ်လာမည့် ကမ်းပါးပြိုကျခြင်း အန္တရာယ်အားစိုးရိမ်ပူပန်မှုများမရှိတော့ဘဲ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## တွံတေးမြို့အတွင်းရှိ ရေနုတ်မြောင်းများကို စက်ယန္တရားများဖြင့် ရှင်းလင်း

**တွံတေး ဇွန် ၅**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ပေါ်ရှိ မြို့ပေါ် (၈) ရပ်ကွက်အတွင်းရှိ ဖြတ်သန်းစီးဆင်းလျက်ရှိသည့်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားကိုအသုံးပြု၍ ဇွန် ၄ ရက် နံနက်က စတင်၍ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေကြောင်း သိရသည်။

တွံတေးမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ကြီးကြပ်၍မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အလုပ်အမှုဆောင် ဦးမြင့်ဦးနှင့် ဝန်ထမ်းများကတွံတေးမြို့တွင်းရှိ ရေမြောင်းများကို ဆယ်ယူရှင်းလင်းကြသည်။

"မြို့တွင်းဖြတ်သန်းစီးဆင်းတဲ့ ရေမြောင်းတွေ ရေစီးရေလာကောင်းဖို့အတွက် စက်ယန္တရားတွေနဲ့ အပိုင်းလိုက် ဆယ်ယူရှင်းလင်းလျက်ရှိပါတယ်။ ရပ်ကွက်အလိုက်သန့်ရှင်းရေးအပါအဝင် ရေနုတ်မြောင်းဆယ်တဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ ရေနုတ်မြောင်းတွေထဲကိုရေစီးဆင်းမှုအဟန့်အတားဖြစ်စေတဲ့ အမှိုက်တွေ မစွန့်ပစ်ကြဖို့လိုအပ်ပါတယ်" ဟု မြို့နယ်စည်ပင်သန့်ရှင်းရေးဌာနမှ ဦးမောင်မြင့်က ပြောသည်။

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ရေစီးဆင်းမှု ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# FAMOUS TRAVELLER EXPRESS ၏ ခရီးစဉ်ပြေးဆွဲခြင်း (၆) လပြည့် အထိမ်းအမှတ် ကျေးဇူးတင်လွှာ

(၆.၁၂.၂၀၁၆) မှ (၆.၆.၂၀၁၇) အထိ (၆) လတာ ကာလအတွင်း FAMOUS TRAVELLER EXPRESS ယာဉ်လိုင်းအား ယုံကြည်စွာ အားပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိတ်ပြည်သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် FAMOUS TRAVELLER EXPRESS ၏ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများရှိ SCANIA ကားများကို အစက်အစဲမရှိ သက်တောင့်သက်သာ၊ လုံခြုံစိတ်ချစွာဖြင့် ခရီးစဉ်များအား အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကားများ၏ ကြံ့ခိုင်ရေးအတွက် အပက်ပက်မှ တာဝန်ယူဆောင်ရွက်ပေးခဲ့သော OCTAGON INTERNATIONAL SERVICE CO.,LTD မှ တာဝန်ရှိသူများအားလုံးနှင့် ခရီးသွားမိတ်ပြည်သူများ၏ INSURANCE ကို တာဝန်ယူပေးသော IKBZ မှ တာဝန်ရှိသူများအားလုံးကို FAMOUS TRAVELLER EXPRESS ယာဉ်လိုင်းမှ (၆) လပြည့် အထိမ်းအမှတ် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်၍လည်း FAMOUS TRAVELLER ယာဉ်လိုင်းအား ယုံကြည်စွာဖြင့် မေတ္တာရှေ့ထား၍ ဆက်လက်အားပေးကြပါရန် FAMOUS TRAVELLER EXPRESS ယာဉ်လိုင်းမှ ဖိတ်မန္တကပြုအပ်ပါသည်။




ဦးသန်းဇော်မြင့် (ဥက္ကဋ္ဌ)၊ ဦးဇော်ဝင်း (ဒု-ဥက္ကဋ္ဌ)
ဦးအေးနိုင် (မန်နေးဂျင်းဒါရိုက်တာ)၊ ဒေါ်စန္ဒာစိုး (ဒါရိုက်တာ)
FAMOUS TRAVELLER INTERNATIONAL CO.,LTD


### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### နေပြည်တော်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်ဌာနများအတွက် (က) စက်ဆီချောဆီ (ခ) တာယာဆိုဒ်စုံ (ဂ) ဘက်ထရီဆိုဒ်စုံ (ဃ) Projector & Screen တို့အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၆-၂၀၁၇ရက်မှ ၇-၇-၂၀၁၇ ရက် ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံ တင်သွင်းရမည့်ရက်/အချိန် - ၁၄-၇-၂၀၁၇ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၄-၇-၂၀၁၇ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့် -နေရာ/တင်သွင်းရမည့်နေရာ - ဖြည့်တင်းရေးဌာနခွဲ၊ ဆည်/ရေဦးစီးဌာန - ရုံးအမှတ်(၄၃)၊ နေပြည်တော်

၂။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၀၁၉ နှင့် ဒု-ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းသုံး ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက် - ၆-၆-၂၀၁၇ ရက်မှ ၆-၇-၂၀၁၇ ရက် - မွန်းတည့် ၁၂:၀၀ နာရီထိ
(ခ) တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန် - ၇-၇-၂၀၁၇ ရက် မွန်းလွဲ ၁:၀၀ နာရီ
(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (ရုံး)၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၆-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ ရန်ကုန်တောင်ပိုင်းခရိုင်**


Billion Smile Travel & Tours
35000/ 85000
73000
36000
20000
Ph: 09-456254666, 09-775213770, 09-421173168

တာဝတိံသာ
အသင့်ဖြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အလုပ်သမားများအပါ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 32152526, 09 421024222
09 31483218, 09 49344288

MAS EDUCATION CENTER

# Congratulations

aat Training Provider AWARDS 2017 Winner

## Thura Shein & MAS Education Team

for the "International Training Provider of The Year 2017 Award".

- Mark Farrar (Chief Executive) AAT, UK
- Justin Kyriakou (International Development Manager)
- Daniel Westley (Account Manager, South East Asia)

- AAT Students (MAS)
- LCCI Students (MAS)
- ACCA Students (MAS)

## "သီတဂူ အဘိဓမ္မမဟာရဋ္ဌဂုရုပူဇာ" အခမ်းအနားဖိတ်ကြားလွှာ

**တရားချစ်ခင် သူတော်စင်အပေါင်းတို့......**

အောက်မြန်မာနိုင်ငံ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)ရှိ တပည့်သံဃာတော်အပေါင်းတို့နှင့် သီတဂူသာသနာပြုအဖွဲ့တို့က လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျေးဇူးရှင် "သာသနဟိတရေ","ဗဟုဇနဟိတရေ" ဖြစ်တော်မူသော သီတဂူဆရာတော်ကြီးအား ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့် (၁၂ . ၃ . ၂၀၁၇) တနင်္ဂနွေနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၊ နိုင်ငံတော်သမ္မတကြီးက "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ယခုအခါ သီတဂူဆရာတော်၏ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က "**သီတဂူ အဘိဓဇမဟာရဋ္ဌဂုရုပူဇာ**" မြတ်ကောင်းမှုမင်္ဂလာသဘင်ကို ကောင်းစွာ ပြုလုပ်အားထုတ်လိုကြပါသဖြင့် အဆိုပါသီတဂူအဘိဓဇမဟာရဋ္ဌဂုရုပူဇာအခမ်းအနားကို

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့် (မဟာသမယအစါတော်)နေ့**
**၂၀၁၇ ခုနှစ်၊ ဇွန်လ (၉) ရက်၊ သောကြာနေ့ တွင်**

ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားချစ်ခင်သူတော်စင်အပေါင်း ကြွရောက်ကြည်ညိုပူဇော် ပါဝင်လှူဒါန်းနိုင်ကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

အချိန် - နံနက် (၈)နာရီတွင် နမောတဿ မဟာပဏာမဖြင့် အခမ်းအနားကိုစတင်ပါမည်။
နေရာ - သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ် (၁၀)၊ ပင်လုံလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

"သီတဂူစခန်းလေ ဝမောချမ်းမြသာယာ၍ကြပါစေ"

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်
သီတဂူသာသနာပြုအဖွဲ့ (ရန်ကုန်)
အရှင်ဓမ္မိက (၀၉၂၅၄၀၈၈၈၃၃)၊ ဦးကျော်ရှိန် (၀၉၄၀၀၅၁၀၃၃၃)



၂၆၀၀ ကြိမ် +

(မရှိ)

၃၆.၄ ရာခိုင်နှုန်း

BEATING COLON CANCER

Totally, Truly Care

01-378583
SAMITIVEJ



## ငှားရမ်းရန် စိတ်ဝင်စားသူများ ဆက်သွယ်နိုင်ပါသည်

၁။ မန္တလေးမြို့ပုလိပ်၊ ရန်ကုန် - မန္တလေးလမ်းဟောင်းဘေး။
မြေအကျယ်အဝန်း - ၂.၈ ဧက

၂။ ပျဉ်းမနားမြို့ ပေါင်းလောင်း - ၂ ရပ်ကွက်၊
မြေအကျယ်အဝန်း - ၁.၁၅၃ ဧက

၃။ မော်လမြိုင်မြို့ - ကျိုက်မရောလမ်းမဘေး။
မြေအကျယ်အဝန်း - ၀.၈၁ ဧက

၄။ နေပြည်တော်၊ ဥတ္တရသီရိမြို့ကွက်သစ်၊ မြေကွက်
အမှတ် ၅၀၆၇၊ ၅၀၆၉၊ ၅၀၉၅၊ ဧရိယာ (၁၀၀ပေ × ၁၀၀ပေ)
အကျယ်ရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံ

ဆက်သွယ်ရန် - ၀၉ ၂၅၃၆ ၇၉၄၀၈၊ ၀၉ ၅၁၀ ၃၃၅၉
(ရုံးချိန်အတွင်းသာ)



ခရူသင်း (သမင်ဖြူ)
LEUCODERMA



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၂၆၄) ဟုခေါ်တွင်သော (အလျား ၄၀ပေ×အနံ၆၀ပေ)အကျယ်ရှိ မြေငှားဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းဝယ်ယူရန်အတွက် ယင်းမြေကွက်အမည်ပေါက် ဒေါ်လှရီ[၁၂/အလန(နိုင်)၀၂၇၅၂၂]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဆိုသူ ဒေါ်စန်းစန်းမြင့်[၁၂/သဃက(နိုင်)၀၃၁၁၅၇]ထံသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းအိမ်ခြံမြေနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးသက်ကိုကို (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၇၂၂၆)**
**အမှတ်(၂၅)၊ ပထမထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၃၂၀၅**



FAST FORWARD အကျိုးဆောင်မှ ငှားမည်/ရောင်းမည်

| | | | |
|---|---|---|---|
| ရန်ကင်း ပါရမီရိပ်သာ | (45'x60') | 2½RC,3MBR,3AC | 15 သိန်း |
| [illegible] | (60'x60') | 1RC,2MBR,2BR,2AC | 15 သိန်း |
| [illegible] | (15'x55') | 3RC,Hall, | 15 သိန်း |
| [illegible] | (50'x100') | 1RC,1MBR,2BR,4AC | 15 သိန်း |
| [illegible] | (40'x80') | 2RC,2MBR,2BR,4AC | 20 သိန်း |
| [illegible] | (45'x90') | 2RC,3MBR,2BR,5AC | 20 သိန်း |
| [illegible] | (60'x80') | 2RC,4MBR,1BR,8AC | 20 သိန်း |
| [illegible] | (50'x100') | 1RC,[illegible] | 20 သိန်း |
| [illegible] | (65'x90') | 2RC(New),4MBR,2BR | 25 သိန်း |
| [illegible] | (60'x120') | 2RC,1MBR,2BR,4AC | 25 သိန်း |
| [illegible] | (100'x100') | 2RC,3MBR,2BR,5AC | 28 သိန်း |
| [illegible] | (16'x60') | GF,Show room ကောင်း | 30 သိန်း |
| ရန်ကင်း ပါရမီရိပ်သာ | (55'x60') | 3RC,6MBR,8AC,FFun; | 36 သိန်း |
| တောင်ဥက္ကလာ | (50'x100') | 1RC,Hall,[illegible] | 40 သိန်း |
| ပါရမီလမ်းမပေါ် | (80'x100') | 2RC,[illegible] | 65 သိန်း |
| [illegible] | (40'x60') | မြေသီးသန့် | ရောင်း-1650 သိန်း |
| ဘောဂသီရိကွန်ဒို | (1350SF) | 1MBR,2BR | 1900 သိန်း |
| ရွှေဂုံတိုင်ကွန်ဒို | (1980SF) | 1MBR,2BR | 3000 သိန်း |

ကွန်ဒို၊ လုံးချင်း၊ မြေကွက်၊ ဂိုဒေါင်များအပ်နှံရောင်းရန် ဖိတ်ခေါ်ပါသည်။
☎ :09 43129093, 09 421080005, 09791444451



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းဘဲတန်းရပ်နေ ကျွန်မမမိုမိုအောင်၏ သမီးဖြစ်သူ မဇာခြည်ကိုဝင်း(ခ)မဇာဇာ (အဖ)ဦးကိုကိုဝင်း[၉/အမရ(နိုင်)၁၂၀၀၆၃]ကိုင်ဆောင်သူသည် ကလေးသုံးဦး၏မိခင်ဖြစ်ပြီး ၎င်း၏ မိခင်တော်စပ်သူ ကျွန်မအပေါ် စိတ်ဒုက္ခအမျိုးမျိုးရောက်အောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိုမိုအောင်(ဘ)ဦးကြည်ဝင်း**
**[၉/အမရ(နိုင်)၀၅၉၀၄၀]**
**အမရပူရမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟဝင်း**
**အထက်တန်းရှေ့နေ**
**စဉ်-၄၇၅၈၁**
**အမရပူရမြို့နယ်၊ မြစ်ကလောင်းရွာ**
**ဖုန်း-၀၉-၉၇၇၇၈၃၇၄၆**



သင့်သွေးဖြင့် အသက်ကယ်ပါ

# ES4E WEEKEND ENGLISH COURSE

For Young Learners ( Age - 5 to 14 yrs)
Starting in June
Enrol Now!

☎ 01-8550337, 8550960, 578204, 8561652

ရွှေဘုန်းမြည်
Travels & Tours

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ ရှင်-သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင် နှစ်စဉ်နှစ်တိုင်းစည်ကားသိုက်မြိုက်စွာကျင်းပမြဲဖြစ်သောမြတ်ဗုဒ္ဓ၏ လက်ဝဲအောက်စွယ်တော် လှည့်လည်ပွဲသို့ ကုသိုလ်ဘာဝနာပွားများနိုင်ရန်အတွက် ဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

5 Aug

01-8566101
09-443060048
09-421014616

လှန်းထားထား
ပျံ့သာပျံ့ပါ...

အမြန်ရောင်းမည်
မြေ ပေ(80×80)၊ ၂RC
(45ပေ×45ပေ) 5Ac
အသင့်နေနိုင်
FMI CITY
ဖုန်း 09-965170790

မီးသတိပြု

ဆရာဌေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
Ph: 01-375970, 0951 72096, 09254541441

ကလေးအမည်ပေး အထူး
ဒေါက်တာ မင်းမျိုးမြင့်စိုး
09 - 2506 41973 | 09 - 4210 31134 | 09 - 3212 1879

# D FASHION

Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်
ဖက်ရှင်ဒီဇိုင်းသင်တန်း

Course (I) | Course (II) | Course (III) | Course (IV)

Illustration
Designer's Tool
Principal of Design
Present/Past/Future Silhouette
Pattern Drafting
Cutting & Making
Detail by Triming

☎: 09-503 4163

# MNC MYANMAR NOBLE COLLEGE

Pearson

Higher National Diploma Course

- Civil Engineering
- Mechanical Engineering
- Electrical & Electronic Engineering
- Business
- Information Technology (IT)

အထူးအခွင့်အရေး
10% Discount
MNCEducation


UK Pearson ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်အသိအမှတ်ပြုမည့် HND Level 3 Diploma Course နှင့် HND Foundation Course (July Intake) အတွက် သင်တန်းလျှောက်လွှာများ လက်ခံနေပါပြီ။

Early Bird Promotion!
Enroll before 30 - Jun - 17 and save 200,000 Ks for Level 3 and save 100,000 Ks for Foundation Course

ရွှေနှင်းဆီ
Ph: 09-425308777, 09-770639155, 09-261111549

"ရှေ့စည်"
09-73122029, 09-795669534

# KMD Institute



# Network Engineering Course

- Network Environment အတွင်း Hardware & Network Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကြောင်းပြုလိုသူများ၊ Networking Certification Exam နှင့် Microsoft Exam များ ဖြေဆိုလိုသူများ၊ Hardware & Network Technology ပိုင်းဆိုင်ရာများကို စာတွေ့လက်တွေ့စနစ်တကျ လေ့လာလိုသူများအတွက် အထောက်အကူပြုစေပါမည်။
- Microsoft Server 2012 (MCSA) ၏ 410 Module ကိုထည့်သွင်းသင်ကြားပေးမည်ဖြစ်သောကြောင့် သင်တန်းပြီးဆုံးပါက Microsoft ၏ (70-410) ဘာသာရပ်ကို ဖြေဆိုနိုင်မည့်အပြင် (70-411) ဘာသာရပ်ကို တိုက်ရိုက် တက်ရောက်နိုင်မည်ဖြစ်ပါသည်။
- သင်တန်းပြီးဆုံးပါက KMD Service Center တွင် (OJT) 1Month တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

Syllabus A+, Network+, Windows 7,Server 2012 (R2) တို့သင်ကြားပေးမည်ဖြစ်ပါသည်။

ပန်းဆိုးတန်းစင်တာ
Opening Date: 16.6.17
(3:00 PM- 5:40 PM) (Mon-Fri)
Opening Date: 10.6.17
(5:00 PM- 8:00 PM) (Sat-Sun)

မြေနီကုန်းစင်တာ
Opening Date: 12.6.17
(12:20 PM- 3:00 PM) (Mon-Fri)
Opening Date: 13.6.17
(7:00 AM- 9:40 AM) (Mon-Fri)
Opening Date: 24.6.17
(5:00 PM- 8:00 PM) (Sat-Sun)

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ရှ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉၉၇၀၀၅၀၀၅၀




မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
ငွေစုဘဏ်စာရင်း
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date Code Withdrawal Deposit Balance
01.05.2017 CHD 500,000.00 500,000.00
05.05.2017 CHD 500,000.00 1,000,000.00
15.05.2017 CHW 700,000.00 300,000.00
29.05.2017 CHD 1,000,000.00 1,300,000.00
ယခင်အတိုးတွက်ပုံစံ
ယခုအတိုးတွက်ပုံစံ
Hotline: (951) 8610612
Scan QR Code with your Smart Phone to Find MAB Branches

# ကမ်းနီးပင်လယ်ကမ်းရိုးတန်းလေးခုတွင် ငါးသယံဇာတထိန်းသိမ်းရေးဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံရှိ ကမ်းနီးပင်လယ်ကမ်းရိုးတန်းလေးခုတွင် ပိုင်းလော့ပရောဂျက်များ ချမှတ်ကာ ငါးသယံဇာတပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် မာန်အောင်ကျွန်း၊ မွန်ပြည်နယ်တွင် ပိုင်းလောင်းနှင့် ဆုတ်ကလိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် တဘို့ဆိပ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငရုတ်ကောင်းကမ်းခြေစသဖြင့် ကမ်းနီးပင်လယ်ကမ်းရိုးတန်းများတွင် ပိုင်းလော့ပရောဂျက်များ (ကနဦးစီမံကိန်းများ) ချမှတ်ကာ ငါးသယံဇာတ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

"ကျွန်တော်တို့က WCS နဲ့ LOA(သဘောတူညီမှုစာတမ်း) ထိုးပြီးတော့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ရခိုင်ဆိုရင်လည်း ရခိုင်က ပူးပေါင်းဆောင်ရွက်ရတာပေါ့။ ဂွ၊ ကြိမ်တလိ၊ သံတွဲဒေသခံငါးလုပ်ငန်းဦးစီးက တာဝန်ယူတာပါ။ ဧရာဝတီတိုင်းဒေသကြီးဆိုရင်လည်း ငရုတ်ကောင်းက တာဝန်ယူပူးပေါင်းဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

ယခုအချိန်တွင် အဆိုပါဒေသလေးခု၌သာ ပိုင်းလော့ပရောဂျက်ဖြင့် ငါးသယံဇာတပြန်လည်ထိန်းသိမ်းခြင်းကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နောက်ပိုင်းတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒



ကမ်းနီးငါးဖမ်းလုပ်ကိုင်နေကြသည့် ရေလုပ်သားများ။

# ကမ္ဘာ့ချန်ပီယံဆုအတွက် ဒုတိယအကြိမ် ထိုးသတ်ကြမည့် မြန်မာ့စပါးကြီးမြွေ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်



အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ပထမအကြိမ် ထိုးသတ်ကြစဉ်။

**ရန်ကုန် ဇွန် ၅**

"မြန်မာ့စပါးကြီးမြွေ"ဟု ကျော်ကြားသည့် အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ် (Vitaly Bigdash) တို့သည် ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၌ ဒုတိယအကြိမ်အဖြစ် ထပ်မံယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ONE Championship က ယနေ့တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာကျော် အားကစားသမားတစ်ဦးဖြစ်သည့် အောင်လအန်ဆန်သည် ၎င်း၏ပြိုင်ဘက်ကို ဖမ်းချုပ်ရစ်ပတ်တိုက်ခိုက်သည့်ဟန်ကြောင့် "မြန်မာ့စပါးကြီးမြွေ" ဂုဏ်ပုဒ်ကို ရရှိခဲ့ပြီး ကမ္ဘာပေါ်ရှိ အကောင်းဆုံးမစ်ဒယ်ဝိတ်တန်းသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကာ ရန်ကုန်တွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

# ကျောင်းသား ကျောင်းသူများအား YBS ယာဉ်စီးခ ကျပ် ၁၀၀ သာ ကောက်ခံမည်

**ရန်ကုန် ဇွန် ၅**

ကျောင်းဖွင့်ရာသီတွင် ဘတ်စ်ကားအသုံးပြုသွားလာနေကြသော အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် YBS ယာဉ်စီးခကို ကျပ် ၁၀၀ နှုန်းသာ ကောက်ခံမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အခြေခံပညာကျောင်းများတွင် တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မည်သည့် YBS ယာဉ်လိုင်းတွင်မဆို လိုက်ပါစီးနင်းသည့် ဘတ်စ်ကားစီးနင်းခကို **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❁

# အာရှ ယူ-၁၆ ခြေစစ်ပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၅**

၂၀၁၈ အာရှ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (H) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု (H) တွင် ဘောလုံးအင်အားကြီးနိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ တရုတ်တို့အပြင် ဖိလစ်ပိုင်အသင်းလည်း ပါဝင်လျက်ရှိသည်။ ယင်းခြေစစ်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ✪

